DEMOCRATIC PARTY FOR NEW SOCIETY
(H.Q)

ဒီမိုကရေစီရရှိရေး

အမျိုးသားညီညွတ်ရေး

ပြည်ထောင်စု သားချင်းများ

တန်းတူအခွင့်အရေးရရှိရေး

ပြည်တွင်း ငြိမ်းချမ်းရေး

ခေတ်မီ နိုင်ငံတည်ဆောက်ရေး

☆

F–1

ထုတ်ဝေသူ - ဦးဖုန်းဆွေ (အထွေထွေ အတွင်းရေးမှူး)
လူထောင်သစ် ဒီမိုကရက်တစ်ပါတီမှ
ကင်းလွတ်ခွင့် အမှတ် န/သ-၁၄၈ ဖြင့်
ထုတ်ဝေသည်။

ပုံနှိပ်သူ- မောင်ချစ်ရီထွေး၊ ဗမာ့အမျိုးသမီး ပုံနှိပ်တိုက်
(၀၂၂၁၀) အမှတ် ၉၉၊ မန္တလေးလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

နေ့ခင်းကြောင်တောင် အမိုက်မှောင်

ကျရောက်ခဲ့သော မဆလတို့၏ဇရမ်းဗတာနှစ်ဆယ့်ခြောက်နှစ် ကာလအပိုင်းအခြားသည် မြန်မာနိုင်ငံအတွက် အမှောင်ကာလ **dark age** ဖြစ်လေရာ ၎င်းအမှောင်ကာလအတွင်း စီးပွားပျက်သူ ဘဝပျက်သူ အနန္တဖြစ်ပြီး တိုင်းပြည်ကလည်း ဆုံးကျခဲ့ရပါသည်။

မဆလ၏ ပယောဂကြောင့် "ဒုက္ခပေါင်းစုံ မပြောမကုန်၊ သောကပေါင်းစုံတွေ့ကြုံ"တွေ့ကြုံခဲ့ရပါသည်၊ တမျိုးဆိုသော် ဒီးသက်ကယ်ဆင် မင်းလှိုင်ကမျိုင်း မုန်တိုင်းကဟုပ် ဝဲကစုပ်" သဖြင့် ပြည်ထောင်စုသဘော်ကြီး နစ်မြုပ်ရပါသည်။

* **Ye friends to truth, ye statesman who survey. The rich man's joys increase, the poor's decay, 'Tis your to judge, how wide the limits stand Between a splendid and an happy land.**

---

* ခရစ် ၁၇၂၈ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့ မွေး၍ ၁၇၇၄ ခုနှစ် ဧပြီလ ၄ ရက်နေ့ ကွယ်လွန်သော အော်လီဗာဂိုးစမစ်၏ The Deserted Village အမည်ရှိ ကဗျာ (၁၇၇၀ ခု၊ မေလ) ၎င်းကို Temple Church တွင် မြှုပ်နှံပြီး ၎င်း၏အထိမ်းအမှတ် ကျောက်ရုပ်ကို ဝက်စ်မင်နစ်စတာဘုရားကျောင်းတွင် စိုက်ထူခဲ့သည်။

ဆိုသည့်ကာဗျာကဲ့သို့ လုပ်သားပြည်သူတို့ အကျိုးစီးပွားကို ပါး စပ်ဖြင့် သယ်ပိုးရင်း မဆလများ "လာဘ်တိုက်၍ ပြည်သူတို့ ကပ်ဆိုက်" ရပါသည်၊ မဆလများသည် ပြည်သူတို့၏ စားဝတ် နေရေး သွားလာရေး သက်သာချောင်ချိရေးစသည့် ပြည်သူ့ အရေးများကို ရာနှုန်းပြည့် လုံးဝဥဿုံ လျစ်လျူပြုခဲ့ကြသည်၊ ပြည်သူတို့၏ အကျိုးစီးပွားကို လုပ်ပေးရန် ရည်ရွယ်ချက်မရှိ စေတနာမရှိ ဆန္ဒမရှိ လက်ဖျော့လည်းမလုပ်၊ ပြည်သူလူထုကို အကြောင်းရိုက်ခြင်း ပြောင်လိမ်ခြင်း မလိမ့်တပတ်လိမ်ခြင်း လက်တစ်လုံးကြား လိမ်ခြင်း၊ အနိုင်ကျင့်လိမ်ခြင်း စသည့် လိမ် နည်းပေါင်းစုံနှင့် လိမ်၍ ၎င်းတို့ ကိုယ်ကျိုး ဖန်ခဲ့ခြင်းသာ ဖြစ်သည်၊

အလားတူ မဆလများသည် ၎င်းတို့ရရှိပြီးသော မတရား ပစ္စည်းများနှင့် စံမ်ခံနိုင်ရန်အတွက် ၎င်းတို့ သက်ဆိုးရှည်ရန် အတွက် တပ်ကိုအသုံးပြုခဲ့သည်၊ ပြည်တွင်းရေးရာပြဿနာများ ကို တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရမည့် တာဝန်ကို ပျက်ကွက် ခဲ့သည်၊

ပြည်တွင်းဆူပူမှုများ အဓိကရုဏ်းမှုများဖြစ်ပေါ်လာပါက အဓိက တာဝန်ခံသော ရဲတပ်ဖွဲ့ကို အသုံးပြု၍ လိုအပ်သလို ဟန့်တား ရန်သာဖြစ်သော်လည်း၊ ပြည်တွင်းရေးနှင့် မသက်ဆိုင်သော၊ ပြည်ပ အန္တရာယ်ကို ကာကွယ်ရန်ဖွဲ့စည်းထားသော ကာကွယ် ရေးတပ်ဖွဲ့များကို လွဲမှားစွာ အသုံးပြုခဲ့သဖြင့် တပ်နှင့်ပြည်သူကို သွေးကွဲစေခဲ့သည်၊

တပ်နှင့်ပြည်သူအကြား သပ်လျှိုခဲ့သည်မှာ မဆလ၏ မဟာ အမှားကြီးပင်ဖြစ်သည်၊ မဆလများသည် တပ်၏ အကာအကွယ် ယူမှုကြောင့် ၂၆ နှစ် ရာဇပလ္လင်၌ ထိုင်နိုင်ခြင်းဖြစ်ရာ တပ်က

သာ အကာအကွယ်မပေးပါက မဆလ များ ၂၆ နှစ်ပင် မင်းမှု ခြင်းမပြုနိုင်ပါ၊ ဤမျှလောက် ၎င်းတို့အပေါ် ကျေးဇူးကြီးခဲ့ သော တပ်ကိုပြည်သူမုန်းအောင် မဆလ တို့လုပ်ခဲ့ကြသည်၊ ပြည်သူနှင့်တိုက်ပွဲ တွေ့မည့်အလုပ်၊ တပ်နှင့် မဆိုင်သော အလုပ်ကို တပ်ကိုအသုံးပြုခဲ့သည်အထိ မဆလတို့ သမိုင်းရိုင်းခဲ့ ကြသည်။

မဆလ များသည် ဦးနေဝင်းကို ပါတီမှ ဖယ်ထုတ်လိုက်ပြီး ဦးနေဝင်းတင်ပြသောလူထုဆန္ဒခံယူပွဲအဆိုကိုပြောင်ပြောင်တင်း တင်း ပယ်ချခြင်းဖြင့်ရုန္နေမပျက် အေးအေးဆေးဆေး ပါတီမှို စနစ်ကိုကူးပြောင်းနိုင်ရေး အခွင့်အရေးကို လက်လွှတ်လိုက်ကြ သည်၊ ဦးနေဝင်းကြောင့်လူတစ်လုံးသူတစ်လုံးဖြစ်လာသူ မဆလ များက ဦးနေဝင်း၏အဆိုကိုမဆလညီလာခံကပယ်ချလိုက်ခြင်း ဖြင့် မြန်မာသမိုင်းတွင် ဝမ်းနည်းကြေကွဲဖွယ်ရာ၊ သွေးထွက်သံယို အများဆုံးတိုင်းပြည် သိက္ခာအကျဆုံး ဆူပူပုန်ကန် အုံကြွမှုကြီး ဖြစ်ပေါ်စေရန် မဆလ များက ဖန်တီးလိုက်ကြသည်၊ မြန်မာ နိုင်ငံ၏ ဂုဏ်သိက္ခာဒလဟောကျဆင်းစေရန် လုပ်ခဲ့ကြသည်။

မဆလ တို့အနေနှင့် မိုက်မဲသည့်အလျောက် မလိမ္မာသည့် အလျောက် တွေဝေသည့်အလျောက်ပြည်သူအပေါ် ကျူးလွန်ခဲ့ သောပြစ်မှုများကိုဖော်ထုတ်ဝန်ခံပြီးအပြစ်ကို အပြစ်အားလျော်စွာ ကူစားခြင်း မပြုခဲ့သည့်ပြင်၊ ယခုထပ်မံပြီး ထစဉ ဟန်နှင့် တိုင်းပြည်ကိုဂျမ်းသဒ္ဒါလန်အောင်လုပ်ရန် မကောင်းသောအကြံ အစည်များရှိနေပြန်ပြီ၊ မဆလ စနစ်ဟောင်း ပျက်သွား သော်လည်း စရိုက်ဟောင်း ကျန်နေသေးကြောင်း တွေ့ရှိရ ပါသည်၊

မဆလ ဘဖြစ်လဲ တစည တို့ အနေနှင့်လည်း "တိုက်ဆောက် ကားစီး အပျော်ဇနီးနှင့် ဟီးဟီး ဟားဟား စီးပွားဖြစ်သူများ" အဆင့်ရောက်ခဲ့လေရာ တစ်နည်းအားဖြင့် လုပ်သားပြည်သူ အကျိုးကို ပါးစပ်ဖြင့် သည်ပိုးရင်း လာဘ်တိုက်ခဲ့ပြီး ၎င်းတို့၏ပယောဂ ကြောင့် ပြည်သူတို့ ကပ်ဆိုက်ခဲ့လေရာ ဤမျှနှင့်ပင် ကျေနပ်သင့် ပါသည်။

ငါတို့တိုင်းပြည်ကို စိတ်တိုင်းကျဖျက်ဆီးပြီးပြီ၊ ငါတို့မှာလည်း ဆယ်သက်စာဖူလုံနေပြီဟု နှလုံးသွင်း၍ လည်းကောင်း၊ ဘယ် သူယုံယုံမယုံယုံတို့က တစ်ပါတီ စနစ်ပုံစံယုံကြည်သည်ဟု မူဝါဒ အပေါ် အခြေစိုက်သော ပါတီ **party of principle** အဖြစ်ရပ်တည်ပြီး ကျင်းပလတံ့သော ရွေးကောက်ပွဲတွင် ပါဝင် ခြင်း ပတ်သက်ခြင်း ယှဉ်ပြိုင်ခြင်းမပြုသင့်ပါ၊ သို့မဟုတ်ပါက "ကိုယ်ကျိုးကိုမျှော် ပြည်သူကိုဆော်" ခဲ့သော မဆလ တို့၏ ဆိုးမွေကို တစည ထိခံရမည်ကို စိုးရပါသည်၊

ဆိုးမွေခံဆိုသော စကားဝေါဟာရကိုနားလည်သင့်ပါသည်၊ ကလျာဏ ပါပကာနံ ကမ္မာနံ၊ ကောင်းမှု မကောင်းမှုကံတို့၏ ဝိပါကော အကျိုးကို ဥပလဗ္ဘတိ ရအပ်၏ ဆိုသည့် တရားနှင့် အညီ ကောင်းသောကံ၏ သမ္ပတ္တိ အကျိုး မကောင်းသောကံ၏ ဝိပ္ပတ္တိအကျိုးဆက်ဆိုသည်မှာ ရှိရာ မဆလ တို့၏ "အားလုံး ဖိနှိပ်အကုန်ရယူ" နည်းနှင့် ပြည်သူတို့ကို–

ငတ်ပြတ်စေခြင်း၊
သွင်းဆဲသတ်ဖြတ်ခြင်း၊
ပြည်သူ့ ဥစ္စာလုယူခြင်း၊
အနိုင်ကျင့်ခြင်း၊
ပြည်သူကို စော်ကားခြင်း၊

သည့် ပြုနည်း လုပ်ဟန်များကြောင့် တိုင်းပြည်ကြီး "ကပြောင်းကပြန် ဇောက်ထိုးဇောက်ထိုး ကမောက်ကမ" ဘေးဆိုး တွေ့ခဲ့ကြရသည်၊ ထို မဆလ လုပ်ရပ်များသည် ရကောင်းသော ကုသိုလ်ကံ ဟုတ်ပဲ မကောင်းသော အကုသိုလ်ကံများသာဖြစ်ရာ ထိုမကောင်းမှုကံတို့၏ ဆိုးမွေသည် ဖြစ်ရသတံ့ဟု မဆလ တို့ နှလုံးသွင်းသင့်ပါသည်၊

မြန်မာစကားတွင် ကောင်းမွေစံနှင့် ဆိုးမွေခံဆိုသော စကား ရှိရာ မဆလ တို့က ကောင်းမွေစံသွားကြပြီး တစည က မဆလ ၏ ဆိုးမွေခံမဖြစ်စေသင့်ပါ၊ ထို့ကြောင့် တစည တို့ အနေနှင့် မဆလ တို့၏ ဆိုးမွေခံရပြီး "သူထက်ငါသာ တေးကင်းရာမြင် ခါပြေးရခြင်း ရှေ့နောက်ညှပ်ခါ ဘေးများမှာ အို့ခါ [illegible] မင်း" ဘဝမျိုးမှကင်းလွတ်စေလိုပါသည်။

သမိုင်းတွင် တရားခံဖြစ်ရသော ဘေးဆိုးကြီးမှ လွတ်ကင်း စေလိုပါသည်၊ **verdict of history** ဆိုသည်ကို နားလည် သင့်ပါသည်၊ မဆလတို့၏မြန်မာနည်းမြန်မာဟန် ဂျမ်းသဒ္ဒါလန် ရပ်များကို ပြန်လည်ဖော်ပြလိုက်ပါသည်၊

ထိုအကြောင်းများကြောင့် မဆလကဖြစ်လဲ တစည တို့သည် ကျင်းပလတံ့သော ပါတီစုံပါလီမန်ဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲတွင် ပါဝင်ခြင်း ပတ်သက်ခြင်း ယှဉ်ပြိုင်ခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးအား ဆက်လက်ဒုက္ခမပေးကြရန် ပြည်သူ အား ထိခိုက်နစ်နာစေမည့် ဉာဏ်နီ ဉာဏ်နက်များ ချပ်တန်းက ရပ်ရန် သတင်းထုတ်ပြန် ကြေညာလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
ဌာနချုပ်
ရန်ကုန်မြို့။

နာမည်အမျိုးမျိုးပေး တော်လှန်ရေး

ဖယ်ဒရယ်မှု ပေါ်ပေါက်လာခြင်းကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက တပ်အင်အားနဲ့ နိုင်ငံတော်အာဏာသိမ်းယူခဲ့သည်ကို ''ခေတ်ပြောင်းတော်လှန်ရေး''လို့လည်းကောင်း၊ ''လူမှုတော်လှန်ရေး''လို့လည်းကောင်း၊ ''ဆိုရှယ်လစ်တော်လှန်ရေး'' လို့လည်းကောင်း၊ ''ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့တဲ့ လမ်းစဉ်''လို့လည်းကောင်း ''သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ'' လို့လည်းကောင်း၊ ''ဥာဏသာမွယုတ် ဆိုရှယ်လစ်သဘောတရား၏ လောကနိဗ္ဗာန်အမြင်''လို့လည်းကောင်း အမျိုးမျိုးကမ္ပည်းထိုး၊ ဝိဂြိုဟ်ပြုကြသည်၊

ဆိုရှယ်လစ်အစအဦးဝင်က

ဆိုရှယ်လစ်ဆိုတဲ့ ဝေါဟာရကို ၁၇၇၁ ခု၊ မတ်လ ၁၄ ရက်နေ့မွေး၍ ၁၈၅၈ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့ကွယ်လွန်သော အင်္ဂလိပ်လူမျိုး ရောဘက်အိုဝင်က သက္ကရာဇ် ၁၈၃၀ ခုနှစ်တွင် ပထမဆုံးသုံးစွဲခဲ့ပြီး ၎င်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံး မူကြိုကျောင်းကို ထူထောင်ခဲ့သူဖြစ်သည်။

---

* ပါဠိပျက်စကား၊ ဝိ+ဂဟ၊ ဝိအထူးသဖြင့်၊ ဂဟယူခြင်း၊ အထူးသဖြင့်ယူအပ်သောအနက်

မြန်မာနည်းမြန်မာဟန် ဆိုရှယ်လစ်

၎င်းဆိုရှယ်လစ်မှာ ပေါများသော ခေတ်မှ ရှားပါးသော ခေတ်သို့ ဆုတ်ယုတ်ပြောင်းလဲလာသည့် ဆိုရှယ်လစ်ဖြစ်သည်၊ အာဏာမသိမ်းမီ ၁၉၆၂ ခုနှစ်ဦးပိုင်းက လက်လီဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကမာကကြည်ပထမတန်း သုံးတင်းဝင်ဆန်တအိပ်	၃၂.၂၀
စပါးနက်သုံးတင်းဝင်တအိတ်	၄၀.၇၅
ငစိန်ဆန်သုံးတင်းဝင်တအိတ်	၂၀.၆၉
ဂျုံနတအိတ်	၃၉.
နှမ်းဆီပိဿာတစ်ရာ	၃၁၀.၇၅
မြေပဲဆီပိဿာတစ်ရာ	၃၁၅.၆၉
ကြက်သွန်နီဥကြီးပိဿာတစ်ရာ	၆၄.၂၅
အာလူးပိဿာတစ်ရာ	၆၄.၀၇
ငရုပ်သီးခြောက်ပလိပ်ပိဿာတစ်ရာ	၂၀၉.၅၉
ကြက်သွန်ဖြူပိဿာတစ်ရာ	၃၅၀.
ဆားပိဿာတစ်ရာ	၃၃.၄၅
ဆန်းလိုက် ၁၄၄ လုံးဝင်တစ်သေတ္တာ	၀၀.၂၅
ရွှေဒင်္ဂါးဆပ်ပြာအတောင့် ၃၀	၂၀.
ရေနံဆီတစ်ပုလင်း	၀.၂၀

မဆလခေတ်တွင် ဘာပစ္စည်းမဆို ရှားသဖြင့် မြန်မာနိုင်ငံသည် ''ဘာမေးရှား'' အဖြစ် ဆုတ်ယုတ်ပြောင်းလဲခဲ့လေသည်။

မဆလ ခေတ်တွင် ရေနံဆီဆိုသည်မှာ ပြတိုက်မှာမှ တွေ့ရသော ပစ္စည်းဖြစ်ပြီး ကုန်ပစ္စည်း ဈေးနှုန်းမှာ ဆယ်ဆ ဆယ့်ငါးဆတက်သဖြင့် ခေတ်ပြောင်း တော်လှန်ရေးဆိုသည်မှာ မှန်သည်။ လူမှုတော်လှန်ရေးဆိုသည်မှာ မမှန်၊ တော်လှန်ရေး ကောင်စီဝင် ၁၇-ယောက်၏ "လူဘစု" တော်လှန်ရေးဖြစ်သည်။

Tyranny has gone under many different names during the long history of mankind: The method of oppression–the degradation of men, the denial of his rights are the same

ဆိုသည့် စကားကဲ့သို့ အာဏာရှင်များမှာ အမည်နာမအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပေါ်ပေါက် လာကြသော်လည်း ရှည်လျားလှသော လူ့သမိုင်းစဉ်တလျှောက် အာဏာရှင်စနစ် ဖြစ်ပေါ်လာပုံတို့မှာ ကွဲပြားခြားနားသော်လည်း ဖိနှိပ်ပုံ ဖိနှိပ်နည်း လူ့သိက္ခာကျပုံကျနည်း လူ့အခွင့်အရေး ငြင်းပယ်ပုံ ငြင်းပယ်နည်း **tyrannic character** တွင် တူညီကြပေသည်။

ဆိုရှယ်အာဏာရှင်

၁၉၆၂ ခု မတ်လ ၂ ရက်နေ့ တော်လှန်ရေး ကောင်စီ ကြေညာချက် အမှတ် ၂၀ ဖြင့် ဥပဒေပြုအာဏာ အုပ်ချုပ်မှု အာဏာတရားစီရင်မှုအာဏာစသည့် နိုင်ငံတော် အာဏာသုံးရပ်ကို ဥက္ကဋ္ဌကြီးအား အပ်နှင်းခြင်းဖြင့် ဗိုလ်ချုပ်နေဝင်းသည် ဆိုရှယ်အာဏာရှင် ဖြစ်လာခဲ့သည်၊ မြန်မာနိုင်ငံတွင် ဥက္ကဋ္ဌကြီး ဟုခေါ်သည်၊ အီတလီ အာဏာရှင်မူဆိုလိနီကို **il Duce** ခေါ်သည် စပိန်အာဏာရှင် ဖရန်ကိုကို **el Candillo** ဟု ခေါ်သည်၊ ဂျာမနီ အာဏာရှင် ဟစ်တလာကို **der Fuhrer** ဟု ခေါ်သည်။

တော်လှန်ရေးဆိုသည်မှာ

"တော်လှန်ရေးဆိုတာ အကြီးကျယ်ဆုံး ပြုပြင်ဖန်တီး တင်တဲ့ သတ္တိရှိပါတယ်၊ တော်လှန်ရေးရဲ့ အခြေခံရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီးလွတ်လပ်မှုဖြစ်ပါတယ်၊ တော်လှန်ရေးရဲ့ အခြေခံအုပ်မြစ်ကတော့ လူထုပါဝင်ဆောင်ရွက်ရေးဖြစ်ပါသည်။

တော်လှန်ရေး အောင်မြင်ဖို့ကတော့ လူထုကြီးရဲ့နိုးကြားတက်ကြွမှု တနည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိဖွဲ့ဖွဲ့စည်းစည်း ရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နဲ့တန်ခိုးအာဏာကို သိရှိနားလည်နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်–"

ဆိုတာကတော့ ၁၉၄၇ ခု မေလ ၁၉ ရက်နေ့ ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်ပဏာမပြင်ဆင်မှုညီလာခံမှာ မိန့်ကြားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အာဘော်ဖြစ်သည်။

"လက်နက် လက်နက် စွဲကိုင်လျက်
ရှေ့တက် ရဲဘော်တို့
ချီတက်ချီတက် အောင်ပွဲဆက်
ပြည့်တွက်အားသွန်စို့."

* **To arms, to arms, ye brave!
The avenging sword unsheethe;
March on! march on! all hearts
resolved on victory or death.**

* **Tyrants fall in every foe!
Liberty's in every blow!
Let us do or die!**

* ပြင်သစ် စစ်အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီး ဖြစ်သူ **Clauder Joseph Rouget de Lisle** က ၁၇၉၂ ခု ဧပြီလတွင် ရေးစပ်သော **Le Chant de Guerre pour l' Armee du Rhine** အမည်ရှိရိုင်းတပ်မတော် **စစ်ချီသီချင်း** ၎င်းသီချင်းကို မာဆေးလ်မြို့သားများက ကလပ်များတွင် သီဆိုရာမှ ပြင်သစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားပြီးသီချင်းနာမည် **La Marseillaise** ဟုတွင်၊

* ရောဘတ်အိုဝင် ၁၇၅၉ခု ဇန္နဝါရီ ၂၅ ရက် မွေး ၁၇၉၆ ခု ဇူလိုင် ၂၁ရက် ကွယ်လွန်သူ၏ **Scots Wha Hae** အမည်ရှိကဗျာ–

"တော်လှန်ရေးဆိုတာ တစ်ခြားမဟုတ်ဘူး၊ လူတိုးတက်မှုနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့ အတွက် လည်းကောင်း တိုးတက်မှုနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့ရဲ့ ဆန့်ကျင်ဘက်တွေဆိုရင် ဝါဒပဲဖြစ်ဖြစ်၊ အကြံအစည်ပဲဖြစ်ဖြစ်၊ အတွေးအခေါ် အယူအဆပဲဖြစ်ဖြစ်၊ အစိုးရ ယန္တရားကြီးပဲဖြစ်ဖြစ်၊ အဲဒီ ဆန့်ကျင်ဘက်မှန်သမျှကို အမြစ်ကပါ သုတ်သင်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုဟာ တော်လှန်ရေးဖြစ်တယ်"

ဆိုတာက ၁၉၅၃ ခုနှစ် ရှစ်ကြိမ်မြောက် တော်လှန်ရေးနေ့မှာ ပြောကြားခဲ့သော ဖဆပလ ဝန်ကြီးချုပ် ဦးနု၊ ၁၉၀၇ခု မေလ ၂၅ ရက်နေ့မွေး–၏ မိန့်ခွန်းဖြစ်တယ်၊

"Revolution is no other than a sincere effort to uproot all those factors–ideologies,

thoughts, organizations, or the machinery of Govt.-which are opposed to human progress and mental and physical well being of mankind"

"တစ်ဖက်စောင်းနင်းဖြစ်နေသော လူမှုဆက်ဆံရေးစနစ်ဆိုးကို အကြမ်းဖက်ဖျက်သိမ်းဖယ်ရှားခြင်းသည် တော်လှန်ရေး"

ဦးရဲထွဋ်လှ
ဥက္ကဋ္ဌ
မျိုးချစ်ပြည်သူ့ပါလီမန်ပါတီ

"အချောင်နှိုက်လိုသောစိတ်နှင့် မျောလိုက်နေသူများရှိသမျှ ကာလပတ်လုံး တော်လှန်ရေးမပေါ်ပေါက်နိုင်"

ကဗျာဆရာသျှင်ရဲလှ

"တော်လှန်ရေးဆိုသည်မှာ သဘောတရားအပေါင်း လက်နက် [illegible]ာလှံစွပ်"

နပိုလီယန်

"The Revolution is idea plus bayonet"– Napoleon Bonaprte b. August 15, 1769. d. May 5, 1821

"I call revolution the conversion of all hearts and rasing of all hands in behalf of the honour of man"–

Karl Marx. b May 5, 1818
died Mar 14, 1883

"လူ့ဂုဏ်သိက္ခာအတွက် လက်မောင်းဆန့်တန်း ကြွေးကြော်ခြင်းသည် တော်လှန်ရေး" ကားလ်မတ်

ပြင်းထန်သော တော်လှန်ရေး မလုပ်နိုင်ဘဲ အရင်းရှင်လူတန်းစားကို ဖျက်သိမ်း၍ လုပ်သားပြည်သူတို့၏ နိုင်ငံတော်တည်ထောင်၍ မရနိုင်။

လီနင်

"The replacement of the bourgeois by the proletarian state is impossible without a violent revolution"-

Vladimir llyich Ulyanov better known as Nicolai 1 Lennin born April 22, 1870. d.Jan, 2 , 1924

တော်လှန်ရေးဆိုသည်မှာ လူတန်းစားတစ်ခုက လူတန်းစားတစ်ခုကို တော်လှန်ဖယ်ရှားခြင်း။

မော်စီတုန်း

"Revolution is the violent overthrow of one class by another"

Mao Tse Tung
born Dec; 26, 1893. d. Sept 9, 1976. Selected Works Vol; 1.

ဗိုလ်ချုပ်အောင်ဆန်းမှ

ဖက်ဆစ်ဝါဒဟာ စစ်အားဖြင့်ရှုံးသွားပေမဲ့ ဒီဝါဒ သို့မဟုတ် ဆင်တူရိုးမှားဝါဒ လက်ကိုင်ထားတဲ့ လူတွေအဖွဲ့တွေ နိုင်ငံတွေရှိသေးတယ်....ဒါကြောင့် ဖက်ဆစ်ဝါဒ ကမ္ဘာမှာ အဲဒီဝါဒမျိုးကိုတိုက်ဖျက်မဲ့ လူတွေနဲ့ အမြဲပူးပေါင်းပြီး အခွင့်အာဏာရတင်းဆောင်ရွက်ဖို့ပဲ၊ အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ ဒီဝါဒမျိုး လုံးဝမနိုင်အောင် လုပ်ရမယ်၊

အာဏာရှင်ဝါဒ၊ လူမျိုးအခြင်းခြင်း နှိမ်နင်းရေးဝါဒ ဂျပန်ပြည်မှာလို စစ်တပ်ကသာ သွန်းမိုးရမယ်ဆိုတဲ့ စစ်ဘက်အာဏာရှင်စနစ်၊ သက်ဦးဆံပိုင်ဘုရင်စနစ်ဝါဒ၊ အဲဒီဝါဒအငယ်စားဖြစ်တဲ့ ပဒေသရာဇ် မြို့စားရွာစားဝါဒ Feudalismအလက်ကသာခန့်ထားပြီး တိုင်းသူပြည်သား ဆန္ဒအရမဟုတ်ပဲ တိုင်းသူပြည်သားတွေနှင့် ကင်းကွာပြီး မင်းစိတ်ပေါက်တဲ့အရာရှိတွေချယ်လှယ်တဲ့စနစ်ဆိုးတစ်မျိုးရှိနေရင် အများပြည်သူတို့ရဲ့ ဆန္ဒနှင့် လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒခေတ် မစားနိုင်ပဲ ဖက်ဆစ်ဝါဒဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်၊

ဒီဝါဒမျိုးတွေပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာ မရနိုင်တော့ဘူး၊ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်၊ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံတော်ထောင်နိုင်အောင် ကြိုးစားရမယ်၊ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ ဗမာပြည်ကလူထုတွေဟာလဲ နစ်နာမယ်၊ ကျွန်တော်တို့တိုင်းပြည်ကိုလဲ ကမ္ဘာကကြည့်နေလို့မရတဲ့ဘနေ့ ဂျပန်နှင့် ဂျာမဏီ ဝိုင်းပြီးအနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာ သတိချပ်ကြရမယ်။

ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့်ဆီလျော်တယ်၊ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်၊အဲဒါကြောင့်ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်၊ ကျွန်တော်တို့ အမြင်အရဆိုလျှင်တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးထဲက ခေါင်းဆောင်မှုမျိုး မဟုတ်ပဲ အဖွဲ့နှင့်ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်၊

အဖွဲ့ရဲ့ ဆန္ဒမဟုတ်ပဲ ငါ့ဆန္ဒ ငါ့သဘောလုပ်နေတဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ပဲ အဖွဲ့ရဲ့ဆန္ဒကိုယူပြီး အဖွဲ့ရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်....ဂျပန်ပြည်မှာ

လို စစ်ဘက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်အစိုးရမျိုးမရှိရအောင် စစ်ဘက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးခွင့်ရှိရမယ်။

နောက် လွတ်လပ်စွာပြောဆိုခွင့်၊ စည်းရုံးခွင့်၊ အစည်းအဝေးခေါ်နိုင်ခွင့်၊ စီတန်းလမ်းလျှောက်ခွင့်၊ လွတ်လပ်စွာတွေးတောခွင့်၊ ကိုးကွယ်လိုရာဘာသာ ကိုးကွယ်ခွင့်၊ တရားနှင့်မညီသော အဖမ်းအဆီး အချုပ်နှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေးလွတ်လပ်ခွင့်၊ ကိုယ့်အိမ်ကိုယ့်ယာနှင့်နေထိုင်ခြင်းကို မတရားသဖြင့်နှောင့်ယှက်ခြင်းမှ ကင်းလွတ်ခွင့်၊ လူတိုင်း ပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ဆေးဝါးအကူအညီရရှိခွင့်၊ မတရားသဖြင့် စီးပွားရေးချုပ်ချယ်မှုများမှ လွတ်ကင်းချမ်းသာခွင့်၊.... ဒီမိုကရေစီအခွင့်အရေးမျိုးတွေလဲ ရှိရမယ်။

ဒီတရားတွေနဲ့ညီတဲ့ အများဆန္ဒအရ ရွေးကောက်ခြင်း၊ဆုံးဖြတ်ခြင်း၊ ဆောင်ရွက်လုပ်ကိုင်ခြင်းစတဲ့ နည်းစနစ်မျိုးသာ သုံးရလိမ့်မယ်....ဒါကြောင့် တိုင်းပြည်ညီညွတ်ရေးဟာ အခုအခါကလုပ်ငန်းပဲ၊ ညီညွတ်ရေးဆိုပေမယ့် တိုင်းပြည်လွတ်လပ်ရေးနှင့် ထူထောင်ရေးကို အထက်ပါအခြေခံအချက်တွေအရ ဆောင်ရွက်မယ့် ညီညွတ်ရေးကိုသာ ဆိုလိုပါတယ်။

ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန်ပြီး ဗြမ်းဆန်ဘက်ရုံလောက်တတ်နိုင်တဲ့ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနှင့်မှ ဖြစ်မှာမဟုတ်ဘူး'' ဆိုတာက ၁၉၄၅ ခုနှစ်၊ ဩဂုတ်လမှာကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင်ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်မှု ဖြစ်တယ်။

ကျားကြီးဗဆွေအာဘော်

ဆိုရှယ်လစ်၊

ရှင်းရှင်းပဲ၊ကျွန်တော်တို့ ဗမာ့တော်လှန်ရေးတနည်းအားဖြင့် ဆိုရှယ်လစ် မြန်မာနိုင်ငံဆိုတဲ့ အလုပ်သမားဗိမာန်ကြီးကို တည်ဆောက်တဲ့ နေရာမှာ ကျွန်တော်တို့ရဲ့ရှေ့ဆောင်လမ်းညွှန်ဝါဒဟာမက်စ်ဝါဒသဘောပဲဖြစ်တယ်၊ဒီမာက်စ် ဝါဒရှေ့ဆောင်မှုအရသာလျှင် ကျွန်တော်တို့ရဲ့ တော်လှန်ရေးအောင်မြင်မယ်၊ ဒီဝါဒရဲ့ လမ်းညွှန်အရသာလျှင် ကျွန်တော်တို့ မျှော်မှန်းတဲ့ ဗိမာန်ကြီးဟာအကောင်အထည်ပေါ်နိုင်မယ်၊ဒီဝါဒရှေ့ဆောင်လမ်းညွှန်မှုမပါပဲ ကျွန်တော်တို့ တော်လှန်ရေးဟာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး....

မာက်စ် ဝါဒဟာ ဗုဒ္ဓအဘိဓမ္မာနှင့် မဆန့်ကျင်ဘူး၊ ခပ်ရှင်းရှင်းပြောရရင် တူသီရုံမကဘူး ဒီအဘိဓမ္မာ နှစ်ခုဟာ တစ်ခုတည်းသော သဘောရှိတယ်။ ငါတို့သည် ဆိုရှယ်လစ်နိုင်ငံထူထောင်ရာတွင် မာက်စ် ဝါဒကို လက်တွေ့လုပ်ငန်း၏ လမ်းညွှန်မှုအဖြစ်သတ်မှတ်သည်၊

ငါတို့၏ နိုင်ငံရေးလမ်းစဉ်တွင် အမြင့်ဆုံး အဆင့်ဖြစ်သော ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို လည်းကောင်း၊ ထိုသို့ ဆိုရှယ်လစ်စနစ် တည်ဆောက်သောအခါပစ္စည်းမဲ့ အာဏာရှင်စနစ်ထူထောင်ရေးကိုလည်းကောင်းလက်ခံကြရမည်ပင်ဖြစ်သည်။

စသည်ကတော့ ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ ကျားကြီးဗဆွေ၏ ၁၉၅၆ ခုနှစ် တီယူစီဘီ မိန့်ခွန်းနှင့် ၁၉၄၆ ခု နှစ်ရွှေတိဂုံဘုရား မြေစာရင်း ဇရပ်တွင် ကျင်းပသော ဆိုရှယ်လစ်ပါတီ ညီလာခံ မိန့်ခွန်းများဖြစ်တယ်။

ဆိုရှယ်လစ်၊ ဦးနု အာဘော်၊

''ကပ်ကြီးသုံးပါးကို အမြစ်ကနေ သုတ်သင်လိုက်ပြီး လူတိုင်း လူတန်းစေ့နေနိုင်အောင် လုပ်ပေးတာဆိုရှယ်လစ်ဝါဒရဲ့လမ်းဆုံးပဲ.... ကပ်ကြီးသုံးပါးရဲ့ အကြောင်းရင်းဖြစ်တဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းကို အကြောင်းပြုပြီး လူလူချင်း လူညွှန့်ခူးစားတဲ့ စနစ်ဆိုးကြီးကိုဖျက်ဆီးပစ်မဲ့ ဆိုရှယ်လစ်ဝါဒဆိုတာ ဒီစနစ်ကိုဖျက်ဆီးပစ်မဲ့ ဝါဒပဲဖြစ်တယ်''

''လက်ဝဲဝါဒဆိုတာ တခြားမဟုတ်ပါဘူး၊လမ်းမှားကိုလိုက်နေတဲ့ ကမ္ဘာကြီးကို လမ်းမှန်ရောက်အောင် ပြန်လုပ်ပေးတဲ့ ဝါဒကြီးပဲလို့ အကျဉ်းချုပ်မှတ်ထားလိုက်ကြပါ''

ဆိုတာက ၁၉၄၇ ခုနှစ် မေလ ၁ ရက် အလုပ်သမားနေ့မှာ ပြောကြားတဲ့ ဦးနု ရဲ့ အာဘော်ဖြစ်ပြီး၊

''ကျွန်တော်တို့ အစိုးရက နိုင်ငံတော် ဆိုရှယ်လစ်ဝါဒမှ တသဝေမျှပင်တိမ်းစောင်းခြင်း ပြုလိမ့်မည်မဟုတ်'' ဆိုတာက ၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလ ၂၆ ရက်နေ့ ကန်သည်ကြီးများ အသင်းနှစ်ပတ်လည် အစည်းအဝေးမှာ ပြောကြားတဲ့ ဦးနုရဲ့ ဆိုရှယ်လစ်မိန့်ခွန်းဖြစ်တယ်၊

နောက်တော့တစ်မျိုးသဝေထိုး

၁၉၅၀ ခုနှစ် ဇန္နဝါရီလ ၂၉ရက်နေ့ ကျင်းပသော ဖဆပလ အဖွဲ့ တတိယညီလာခံမှာ ''မာက်စ်ဝါဒကို ဖဆပလ၏ လမ်းညွှန်သဘောတရားရေးရာအဖြစ်ဖြင့် သော်လည်းကောင်း၊ တွေးခေါ်မြော်မြင်မှုဝါဒသဘောတရားအဖြစ်သော် လည်းကောင်း ငြင်းပယ်သည်လို့ တစ်မျိုးပြောင်းခဲ့ရာ၊ ဒွိဟိတိက နှစ်လုံးနှစ်ခွ ရှိသည်၊ ဒွေဝါစိက နှစ်ခွန်းသောစကားရှိသည်လို့ သုံးသပ်ရပေတယ်၊

ဆိုရှယ်လစ်၊ မဆလအာဘော်၊

ဆိုရှယ်လစ်နိုင်ငံတော်ဟုခေါ်ရခြင်း အကြောင်းမှာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲခဲ့သည့်ခရီးတစ်လျှောက်လုံး၌ ဆိုရှယ်လစ်ရေးကို မျှော်မှန်းခဲ့ခြင်း၊ လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင်လည်း ဓနရှင်ပါလီမန် ဒီမိုကရေစီစနစ်ကြောင့် မှေးမှိန်ခဲ့သော ဆိုရှယ်လစ်ပန်းတိုင် မျက်ခြည်မပြတ်ပဲ ဆက်လက်ဦးတည်ခဲ့ကြခြင်း–

တော်လှန်ရေးအစိုးရလက်ထက်တွင် အခြေခိုက်တည်ဆောက်နိုင်ခဲ့သော ဆိုရှယ်လစ်စနစ်ကို မြဲမြံခိုင်မာစေလိုခြင်းနှင့် မျက်မှောက်ကာလတို့တွင်လည်း ဆိုရှယ်လစ်စနစ်ကို ဆက်လက်တည်ဆောက်သွားမည်ကို အတိအလင်း ပြဋ္ဌာန်းလိုခြင်းတို့ကြောင့်ဖြစ်ပေသည်' ဆိုတာက လက်တွေ့မယှဉ် မဆလအမြင်ဖြစ်တယ်။

ဒိဋ္ဌမမူအကျိုးပြ* အညာမှုညာ လို့တရ၊

၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ တော်လှန်ရေးကောင်စီ၏ ၂၂ ကြိမ်မြောက် အစည်းအဝေးမှ ဝါဒသဘောတရား ကြေညာချက်ဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တွေးခေါ်မြော်မြင်ရေး သဘောတရားဖြစ်သော လူနှင့်ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား ပြဋ္ဌာန်းပြီး ၁၉၆၃ ခု ဇန္နဝါရီလ ၁၇ ရက်နေ့ ထုတ်ပြန်ခဲ့တယ်။

---

* ပဋ္ဌာန်းကျမ်းမှ တိုက်ရိုက်ကူးချုံးသော ဝေါဟာရ၊ ပဋ္ဌာန်းဆိုသည်မှာ ပ+ဌာန၊ အပြား+တည်ရာ၊ အထူးထူး အပြားပြား များပြားသော ပစ္စည်းရှိသည်၏ အပြဉ်ကြောင့် ပဋ္ဌာန်းဟုခေါ်။

''ထိမ်းမောင်းမယ္လွင်း အချင်းချင်းကို ဟင်းတင်းခိုင်ခန့် ယောက်ပံ့သမှု ကျေးဇူးပြုသို့'' ဆိုတဲ့ မြတောင် ဆရာတော်၏ ပစ္စယုဒ္ဒေသဒီပနီပါဠိကဲ့သို့ မဆလ အချင်းချင်းကိုသာ ဒိဋ္ဌမေ့ လက်တွေ့ အကျိုးပြုတဲ့ အညမည ဖြစ်တယ်၊

the dead are dancing with the dead, the dust is whirling with the dust ဆိုသလို သူတော် ချင်းချင်းသတင်လေ့ တဲ့ အညမညဖြစ်သည်၊

ပါတီဖွဲ့သည် ချယ်လှယ်မည်၊

အသွင်ကူးပြောင်းရေးကာလနှင့် လျော်ညီသော လူထုလ ဘန်းစားစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်၊ သိ အတွက် သင့်လျော်သော နိုင်ငံရေးစည်းရုံးမှုများကို ဖွဲ့စည်းတည် ဆောက်မည်ဆိုတဲ့ တော်လှန်ရေးကောင်စီ ကြေညာချက်နှ အတူ ၁၉၆၂ ခု ဇူလိုင်လ ၄ ရက်နေ့ မြန်မာ့ဆိုရှယ်လစ်လမ် စဉ်ပါတီ ထူထောင်ပြီး ချယ်လှယ်ရေးလုပ်ငန်းများစသည်၊ပါတ ဆောင်ပုဒ်လက်တွေ့မဟုတ်၊ ပါတီဆောင်ပုဒ်က ''ပြည်သူ့ထံ ပြည်သူ့ထံသို့'' ဆိုသော်လဲ လက်တွေ့ ဖြစ်ရပ်မှန်က ''ပါတ ထောင်စားကိုယ့် စီးပွား''ဖြစ်သည်၊

ဗိုလ်ဝင်ပါတီလာပါပြီ၊

အမျိုးသားရေးနှင့် လူတန်းစားရေး ရန်သူအပေါင်းက အောင်နိုင်ရေးအတွက် အမျိုးသားရေးနှင့် ဆိုရှယ်လစ် စိတ်ဓါတ် ခိုင်မာ၍ အရိုးကြေ အရေခန်းရုံမက အသက်စွန့်သည်အထိ ပြည်ထောင်စုသားတို့အကျိုးကို ဆောင်ရွက်လိုသူများ၊ မြန်မ ဆိုရှယ်လစ်လမ်းစဉ်နှင့် အညမည သဘောတရားများကို လက် သူများစသည့် ရဲရဲတောက် အာဇာနည်များ စုဝေးဖွဲ့စည်းထာ

သော ပါတီအဖြစ် ဗိုလ်ဝင်ခံဖွဲ့စည်းနေသော ပါတီ ဆိုတာမှာ ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဦးနေဝင်းက ပေးပို့ခဲ့သောစာသဝဏ်လွှာ ဖြစ်သည်၊

မိုးကျပါတီပေါ်လာပြီ၊

''ကျွန်ုပ်တို့သည် အဘက်ဘက် ယိုယွင်း ပျက်စီးနေခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတွင် မြန်မာ့ဆိုရှယ်လစ်လူ့ဘောင်သစ် ကို အောင်မြင်စွာ တည်ဆောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲနေကြခြင်းဖြစ် ပါသည်။

တော်လှန်ရေး သဘောလက္ခဏာကို ဆောင်သော ပါတီ တစ်ရပ်၊ အနာဂတ်မြန်မာနိုင်ငံရေးကို ဦးဆောင်သွားနိုင်မည် အရည်အချင်းရှိသော ပါတီတစ်ရပ်ဖြစ်ရမည် ဟူသော ယုံကြည် ချက်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ဆောက် ခဲ့ခြင်းဖြစ်ပါသည်၊''

ဆိုတာက ၁၉၆၆ ခုနှစ် ပါတီနှီးနှောဖလှယ်ပွဲမှာ ပေါ် ပြခဲ့သော ပါတီအထွေထွေအတွင်းရေးမှူးရဲ့ နိုင်ငံရေး အစီ ရင်ခံစာမှာ ရေးထားတဲ့ ကြွားလုံးဖြစ်သည်၊

''ထင်ရာရော်ရမ်း မိုးလက်လှမ်းသို့''

''မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်တောင်သူလယ်သမား အလုပ်သမား အတတ်ပညာရှင်အသိပညာရှင်များပါဝင်သော အလုပ် လုပ်သော ပြည်သူတစ်ရပ်လုံး၏ ရှေ့ဆောင်တပ်ဦး''

''မြန်မာ့ဆိုရှယ်လစ်ပါတီသည် မြန်မာ့ နိုင်ငံရေး သမိုင်း၏ ခါးသီးသော အတွေ့အကြုံများမှတစ်ဆင့် သမိုင်း၏ လိုအပ်ချက် အရ ဖွဲ့စည်းဖြစ်ပေါ်လာရသော တော်လှန်ရေး ဆိုရှယ်လစ် ပါတီ''

“မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် မကောင်းသော စနစ်ဟောင်းများကို ဖာထေးနေသော ပြုပြင်ရေးဝါဒီများ၏ ပါတီမျိုးမဟုတ်ပဲ မကောင်းသောစနစ်ဟောင်းကို တော်လှန်၍ ကောင်းသောစနစ်သစ်ကို တည်ထောင်နေသည့် တော်လှန်ရေး ပါတီ”

“မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အဓိကရည်ရွယ်ချက်မှာ တော်လှန်ရေးကောင်စီက ချမှတ်ထားသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဖြင့် သာယာဝပြောအံ့သော မြန်မာ့ဆိုရှယ်လစ် လူ့ဘောင်တည်ထောင်ရန် ဆိုတာကတော့ ရေလဖမ်းဒန်းစီး ခြင်းသာဖြစ်ပြီး” လူတန်းစားသိမှုမှ ဘဝအာမခံချက်များရရှိရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ရခြင်း ဖြစ်သည်လို့ ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ ချော်တွင်းကန်း ပါတီနိုင်ငံရေးသင်္ကြံမှာ ကျင်းပသော တိုင်းကြီးကြပ်ရေး ကေဒါ သင်တန်းဆင်းပွဲမှာ ပါတီဥက္ကဋ္ဌရဲ့ ပြောကြားချက်ကလဲ ကျားသားမိုးကြိုးဖြစ်ရတယ်။

မဆလ ချော်မှုန်းဆိုရှယ်လစ်လမ်း

ကျွန်ုပ်တို့ မျှော်မှန်းသော တရားမျှတသည့် ဆိုရှယ်လစ်လောကသစ်ဆိုသည်ကား – “လူလူချင်း ချယ်လှယ် သွေးစုတ်ခြင်း ကင်းသော၊ လူလူချင်း ဖိနှိပ်ချုပ်ချယ်ခြင်းကင်းသော၊ လူ၏ စီးပွားချမ်းသာကို ပျက်သုန်းစေမည့် လူမှုပဋိပက္ခများကင်းသော လူ၏ ကာယသုခနှင့် စိတ္တသုခအဝဝကို ပေးစွမ်းနိုင်အံ့သော သာယာဝပြောသော လောကကြီးပင် ဖြစ်ပေသည်။

ခေါင်းပုံဖြတ်သူဟူ၍ မရှိရတော့သော ဆိုရှယ်လစ်လောကတွင် လူတန်းစားပဋိပက္ခများ၏ အကြောင်းတရားကို ဖျက်သိမ်း

ပြီးဖြစ်ပေသည်၊” ဆိုတာက “လူ့ဘောင်သမိုင်း၏ ပြောင်းလဲရေးတရား” ခေါင်းစဉ်အောက်မှာ ဖော်ပြခဲ့သောလက်တွေ့မပါ စာသားများကလဲ ရေမြေကောင်းပတ်ကြားက နတ်နဂါးထွက်သံချို” သာ ဖြစ်ပါတယ်။

ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေးအာဏာ “ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး၏ နိုင်ငံရေးအာဏာသည်ခေါင်းပုံဖြတ်သူ လူတန်းစားများကို ဖျက်သိမ်းရန်နှင့် ပြည်သူများကို ခေါင်းပုံဖြတ်ခံရသောဘဝမှ လွတ်မြောက်စေရန်ဖြစ်သည်” လို့ အထင်ကြီးအောင် ရေးသားခဲ့သော်လဲ အမှန်မှာ ဆိုရှယ်လစ်လဲ မဟုတ်၊ တော်လှန်ရေးလဲမဟုတ်၊ လူတန်းစားသစ်ပေါ်လာပြီး ပြည်သူကို တန်းစီတိုးစား ဘဝကို တွန်းပို့ခဲ့ခြင်း ဖြစ်တယ်။

သဘောတရား ဆောင်ပုဒ်မဟုတ်တရုတ်၊ သဘောတရားပါသည် ဘဝရွှေ့ဆောင် မီးရှူးရောင်၊ ဘဝဟူသည် သဘောတရား အမြဲမှတ်ကျောက်ပင်အညမညနည်းဒွန္ဒ + မုသာဝါဒတရားပြ ပန်းပွင့်ကို မျှတမြဲမပြတ်စေလင့် စိတ်ကောင်း စေတနာကောင်းပျိုးထောင်ကြ အစွန်းနှစ်ခုကို တွေ့အောင်ရှာ၍ လွတ်အောင်ရှောင်။

ရုဏ်မလာပုံပါချက်

ဗိုလ်ချုပ်နေဝင်းအနေနှင့် နိုင်ငံတော်အာဏာကို သိမ်းယူပြီး စပိန်အာဏာရှင် ဖရန်စစ်ကို ဖရန်ကို နာမည်ရင်း Francisco Paulino Hermenegildo Teodulo Franco Bahamonde b. Dec; 4, 1892 လို စစ်အာဏာရှင်နိုင်ငံ

+ မုသား ပါဠိပျက်စကား၊ မမှန်ပြောခြင်း

သူထောင်ခဲ့တယ်ဆိုငေ် အထူးအထွေ ဝေဖန်စရာမရှိသော်လဲ ဆိုရှယ်လစ်လမ်းစဉ်လို့ ကြေညာခဲ့သဖြင့် ကုန်ထုတ်စွမ်းအားစု ပေါ်မှာ မရပ်တည်နိုင်ပဲ ဆိုရှယ်လစ်လို့ ပြောခဲ့သဖြင့် "ကျီး လည်းမဟုတ် ဘုတ်လည်းတစ်ပိုင်း ဇရက်နှင့်သာလိကာပုံဖမ်း၍ မရနိုင်အောင် ဆိုရှယ်လစ်အယောင်ဆောင် ဖြစ်ရသည်၊

"ကောက်တီနှင့် မယ်စောရော့နှောလို မျိုးထောင်

မိုးလေးက ခေါင် ခဲ့တယ်၊"

The Law of Contribution according to capability and distribution according to work

The Law of steady increase in the Productivity of labour

စတဲ့ ဆိုရှယ်လစ်ဥပဒေသများနှင့် လက်တွေ့ဖြစ်ရပ်များက ကပြောင်းကပြန် ဇောက်တိဇောက်ထိုး ဟိုက်စောက်ကျိုးဖြစ်ခဲ့သဖြင့် တစ်မျိုးဆိုတော့ ဆိုရှယ်လစ်ဝါဒီများမဟုတ်ပဲ ဆိုရှယ်လစ်စကားသုံးခဲ့သဖြင့် **it carries within itself the germ for its own destruction** မိမိကိုဖျက်ဆီးမယ့် မျိုးစေ့ကို မိမိက တပါတည်းယူဆောင်လာတဲ့ သဘောဖြစ်လာတယ်၊

ဆိုရှယ်လစ်လို့ ဟစ်ခဲ့တဲ့အတွက် **easy to cry, but difficult to sigh** အငိုလွယ်အရှိုက်ခက်ခဲ့တယ်၊ **individualism** ကို **socialism** လို့ အမှတ်မှား အသိမှားအယူမှားခဲ့လို့ ဆိုရှယ်လစ်လို့အော်ဟစ်ကတဲက **Here begins the end** ဖြစ်ရတယ်၊ ဒီတော့ မြန်မာ့နည်း မြန်မာ့ဟန်ဆိုရှယ်လစ်ဆိုသည်မှာ–

"ဖြာဖြာယှက်လိမ် စာပေါင်းအိမ်ယို ဥာဏ်ရှိန်မသက် ရှပ်ထွေးခက်၏"လို့ အကျဉ်းချုပ်အားဖြင့် နားလည်ကြပါ။

တော်လှန်ရေးမှာ သန္ဓေမတည် လမ်းစဉ်ပါတီမွေးလာပြီ

၁၉၆၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၃၇ ဖြင့် ပါတီစည်းရုံးရေး ဗဟိုကော်မတီနှင့် စည်းကမ်းထိမ်းသိမ်းရေး ကော်မတီဆိုတာဖွဲ့တယ်၊ ဇူလိုင်လ ၁၂ ရက်နေ့ အသံလွှင့်ရုံတွင် ပါတီဝန်တမ်း ၁၇ ယောက် ဖြင့် မဆလပါတီဌာနချုပ်ဖွင့်တယ်၊ ၁၉၆၃ ခုနှစ် မေလ ၁၃ ရက်နေ့ အမှတ် ၀၈ ဆင်းဒဝစ်လမ်းကို ပါတီဌာနချုပ်ပြောင်းပြီး ၁၉၆၅ ခု ဧပြီလ ၂၈ ရက်နေ့ မဆလဌာနချုပ်ကို ပုလိပ်ရုံးကို ပြောင်းရွှေ့တယ်၊

ရုရှားတော်လှန်ရေး၊ တရုတ်ပြည်တော်လှန်ရေး၊ ဗီယက်နမ် တော်လှန်ရေးတို့လိုတော်လှန်ရေးတစ်ရပ်ဆင်နွှဲပြီးမှ ပေါက်ဖွားလာတဲ့ ပါတီမဟုတ်ပဲ တစ်မျိုးဆိုတော့ ပြည်သူအကြား ရန်ကန်လှုပ်ရှားရင်း ပေါ်ပေါက်လာတဲ့ ပါတီမဟုတ်ပဲ မိုးကျပါတီဖြစ်တယ်။

လူစုံပါသည် ထိုပါတီ

၁၉၆၅ ခု ဒီဇင်ဘာလ ၆ ရက်မှ ၁၀ ရက်နေ့ထိ မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံ (၁၉၆၃ ခု ဇူလိုင်လ ၁ ရက်နေ့ထူထောင်) တွင် ပထမအကြိမ် ကျင်းပသော ပါတီနှီးနှောဖလှယ်ပွဲတွင် သဘောတရားခိုင်မာရေး၊ လေ့ကျင့်ပညာပေးရေး တိုးချဲ့ဖွဲ့စည်းရေးဆိုတဲ့ ကြွေးကြော်သံသုံးရပ်ချမှတ်ခဲ့ရာ ၎င်းကြွေးကြော်သံ တစ်ခုဖြစ်သော "တိုးချဲ့ဖွဲ့စည်းရေး"မူအရ ပါလီမန်ခေတ်က ရှိခဲ့သော ပါတီပေါင်းစုံမှ သစ္စာဖောက်ပေါင်းစုံ၊ သာကူးများ၊

ဖိုးသာဝဠ္ဓားသိုး သဝေထိုးများ၊ နိုင်ငံရေးစားဖားများ၊ ဟိုပေါင်ဒီပေါင် ဘောင်ဘင်ခတ်တဲ့ နိုင်ငံရေးဆိတ်လစေ့များ၊ မျက်နှာရှုး ဗြူရိုကရက်အစုတ်အပဲ့များ အရွယ်ကိုချင့်လျှင်မရင့်သေးသော ကျောင်းသူ ကျောင်းသား လူမမယ်များ၊ ဟိုပင်ဒီပင် ကူးတဲ့ မျောက်လွှဲကျော် နိုင်ငံရေးသမားများ၊ ဗြူရိုကရက် အစုတ်အပဲ့များက "လက်ခုတ်ကိုတီး စပ်ဖြီးဖြီး လိပ်နည်းတစ်မျိုးပဲ" ပုံစံနဲ့ မဆလထဲဝင်လာကြတယ်၊ ဒီလိုဝင်လာတဲ့ "တင်းပြည့်"ဆိုသူတွေထဲမှာ ကျပ်မပြည့်သောများလဲ အနန္တ၊

"ဒီမိုကရေစီနိုင်ငံတွင် ပြည်သူ့အခွင့်အရေးတို့ကို ထိပါးလျှင် တရားရုံးတော်များတွင် လျှောက်ထားခြင်း၊ တရားစွဲဆိုခြင်းတို့ကိုပြုလုပ်နိုင်ကြသည်၊ တရားရုံးတော်များသည်လည်း မျက်နှာကြီးငယ်မထောက် တရားဥပဒေအတိုင်းသာ တရားစီရင်ကြသည်။

အာဏာရှင်နိုင်ငံတွင် တရားရုံးများကား ရှိတတ်ပါ၏၊ သို့ရာတွင် အာဏာရှင်စေခိုင်းရာတို့ကိုသာ ဆောင်ရွက်လုပ်ကိုင်ပေးကြရသော ဟန်ပြတရားရုံးများဖြစ်ကြသည်၊ တရားမဲ့ပြုကျင့်မှုတို့ကိုတရားဥပဒေအနေဖြင့် ဖုံးဖိပေးရသောတရားရုံးများသာတည်း....။

ဒီမိုကရေစီနိုင်ငံတွင် လူတန်းစားခွဲခြားမှုမရှိ၊ သဘာဝအားဖြင့် လူတန်းစားဟူသည် မလွှဲရှောင်သာရှိစမြဲဖြစ်၍ အတန်းအစားချင်း အပြိုင်အဆိုင်ရှိတတ်သော်လည်း အချင်းချင်းရန်သူသဖွယ် ပဋိပက္ခ ဖြစ်နေခြင်းကားမရှိ၊ အာဏာရှင် နိုင်ငံတွင် လူတန်းစားခြင်း မလိုမုန်းထားစိတ်များကို ဝါဒအရ ပွားများအောင်လှုံ့ဆော်ပေးကြသည်၊ လူတန်းစား ပဋိပက္ခကိုဆွ၍ အသုံးချသည်။....

အာဏာရှင်သည် မိမိကိုယ်ကို မိမိအာဏာရှင်ဟု ဘယ်သောအခါကမှ မခေါ်ချေ၊ ပြည်သူ့အကျိုးကိုလိုလားသလို သယ်ပိုး

သလိုလိုနှင့် အာဏာကို သိမ်းယူတတ်သည်၊ ပြည်သူတို့သည် အာဏာရှင်၏ အရိပ်နိမိတ်တို့ကို အမြဲမပြတ် မလပ်စောင့်ကြည့်ရသည်၊ ကာကွယ်ရသည်၊ ဒီမိုကရေစီကို မြတ်နိုးသောပြည်သူတို့သည် ဒီမိုကရေစီ၏ ရန်သူတို့ကို အလစ်မပေးပဲ အမြဲတစေ တွန်းလှန်ရသည်။....

စသည်များ ရေးသားခဲ့သူ တစ်ချိန်က ဒေါင်ဒေါင်မည် ဒီမိုကရေစီဝါဒီသမားကြီး ဒေါက်တာ မောင်မောင် ရေးသည့် လူ့ပေါင်းစုံနှင့် ဖွဲ့စည်းထားသော "လူစုံပါသည် ထိုပါတီ" ဆိုတာပေါ်လာတယ် 'ခေတ်တူ သဘောတူများဖြင့် သတ္တဝါ ငါသည် နှီးနှောကြကုန်၏ ညီညွတ်ကြကုန်၏' ဆိုတဲ့ ဘောသံ ယုတ်အရ စုစည်းမိကြတယ် ဒီလူစုံပါတဲ့ အဖွဲ့ကြီးမှာ ဝင်ညီသော အချက် အောက်ပါအတိုင်းဖြစ်တယ်။

"အဟိ ရယ်စရာ သံပေါက်များ"

လက်ခုပ်လက်ဝါးတီးရှုပါ စည်းဝါးလွတ်ပြီပဲ
ကိုယ်ကျိုးအတွက် စည်းဝေးဘက် တက်တက်ကြွကြွပဲ
နိုင်ငံကျိုးထက် ပါတီဖက် ရမက်ဇောကြွဆဲ
သဘောတရားလက်တွေ့မပွား စိတ်ထားကိုယ်ကျိုးငဲ့
လိုတာသမျှ သူတို့ရဲ့ ဘဝနတ်ရွာပဲ
မဝါဒချ လမ်းမကျ ဘယ်ကဘယ်လိုလဲ
လမ်းစဉ်တစ်မျိုး လုပ်တစ်မျိုး ကိုယ်ကျိုးရှာမှုဘဲ
ဆိုရှယ်စနစ် အော်၍ဟစ် ဖြစ်ရပ်ဘာတွေလဲ
မွဲကာငတ်ပြီ အယ်လ်ဒီစီ ဖြေသည်ဒီဟာပဲ
မြန်မာ့ရဲ့နည်း အပြောကြီး ကြုံကြီးစီရပဲ
လုပ်နည်းမမှန် ကိုယ်ကျိုးဖန် ဝှမ်းပြန်ဇောက်ထိုးပဲ
အရေးပေါ်ပြန် ညီလာခံ တစ်ဖန်ကျင်းပမြဲ

နင်ဝဲ့ ငါဝဲ အပြစ်လွဲ ဟဲဟဲရယ်ဘွယ်ပဲ
မှုတစ်ချက်ချ အပျက်ကျ အခက်ဘယ်ကစ
စိမ်ကိန်းမှ ကိုယ်ကျိုးရ အခက်ဒီကစ
ကင်ငွေကင္ဒာ စာရင်းကွာ အခက်ဘယ်ကစ
ကိုယ်ကျိုးဖန်ကာ ဝက်ထောတာ ငါငါစွဲကစ
လက်ခုပ်ကိုတီး စပ်ဖြီးဖြီး လိမ်နည်းတစ်မျိုးပဲ
စည်းဝေးသွားရာ တူညီတာ ဆာလာအိပ်ကိုဆွဲ
စာအုပ်ပြာပြာ ရွတ်ဘတ်ပါ သေခြာပုဒ်မလွဲ
လက်မောင်းဆန့်တန်း ကြွေးကြော်စမ်း
စုပေါင်းဟစ်သံပေး သံကုန်ဟစ်လို့ကြွေး
ဟေးလားမောင်ရို့လေး ကိုယ်ကျိုးစီးပွားရေး
ဆိုရှယ်လစ်နဲ့ဝေး တိုးလို့လိမ်ညာပေး။ ။

ဘူကောင်များကို ဖူးသွင်းခြင်း။

ပါတီထဲပါသူတချို့ကြတော့ ဘာဝါဒ ဘာသဘောတရား ကိုမှ လုံးဝလေ့လာဘူးခြင်း မရှိသူများလဲပါလာရာ ၎င်းကို ခေါင်းထဲသို့ မဆလ သဘောတရားဖူးသွင်းခဲ့သဖြင့်—

* ဆင်ခြင်တုံတရားကင်းမဲ့သော နိုင်ငံရေး လုပ်ငန်းသည် အကာအကွယ်မရှိသော မီးတောက် မီးလျှံနှင့်တူ၏၊ လေပြင်း တိုက်ခိုက်သည့်အခါ ထိုမီးတောက်မီးလျှံမှ အဆောက်အဦး စသည်တို့ကို ကူးစက်လောင်ကျွမ်း ရမည်သာတည်း၊ ထို့ကြောင့် နိုင်ငံရေးလုပ်ငန်းတွင် အသိဉာဏ်နှင့် ဆင်ခြင်တုံတရားတို့သည် အလွန်အရေးကြီးသော အထိမ်းအကွပ်များဖြစ်ကြလေသည်။

* ဦးသန့် ရေးသောနှစ်ဝါဒ အားပြိုင်ပွဲကြီး၊ ဗိုလ်ကုတ်၍ နုတ်ပြည်တင်နိုင်အံ့သော၊ ဒီမိုကရေစီဂျာနယ် ၁၉၅၁ ခု ဖေဖေါ်ဝါရီလ ၁ ရက်ထုတ်တွဲ ၁ အမှတ် ၅

အခြေခံပညာ ဗဟုသုတမရှိပဲ ဆင်ခြင်တုံတရားကင်းမဲ့သော သူတစ်ယောက်ကိုနိုင်ငံရေးဝါဒတစ်ခုခုကို အတင်းသွင်းပေးလျှင် ထိုသူ၏ ဦးခေါင်းထဲတွင် ရောက်ရှိမည့် နိုင်ငံရေးသဘောတရား များသည် အဖျက်လုပ်ငန်းအတွက်သာ အရေးသာပေမည်၊အပြု လုပ်ငန်းအတွက် အလျဉ်းအရာရောက်မည်မဟုတ်ပေ၊ သဲထဲတွင် အိမ်ဆောက်သကဲ့သို့ ပြိုလဲရမည်သာတည်း။

လူထု၏ပါးစပ် နားမျက်စိတို့ကို ပိတ်ထားပြီးနောက်အထက် က လူတစ်စု ပြောစေလိုသည် ကိုသာ ပြောရသည်၊ ကြားစေလို သည်ကိုသာကြားရသည်၊ မြင်စေလိုသည်ကိုသာ မြင်ရသည်၊ထို့ ထက်ကျော်လွန်၍မပြောရမကြားရ၊မမြင်ရ၊အာဏာရှင်နိုင်ငံများ တွင် လူထုသည် အခြားနိုင်ငံများ၏ အဖြစ်အပျက်များကိုမသိရ၊ အခြားနိုင်ငံများက လူထုကလည်း ၎င်းတို့ထံမလာရ၊ ၎င်းတို့ အကြောင်းကို အသိမပေးရ၊ ထိုကဲ့သို့ ကူးလူးဆက်ဆံမှုမရှိသဖြင့် အာဏာရှင်နိုင်ငံသားတို့သည် အမြင်ကျဉ်း၍ လာရလေသည်၊

အာဏာရှင်ဝါဒဖြန့်နည်းမှာလည်း လူထု၏ဦးခေါင်းထဲသို့ အဘင်းဖိ၍သွင်းသောဝါဒဖြန့်နည်းဖြစ်သဖြင့်လူထုသည်ထိုဝါဒ ကိုသာတစ်ဖြည်းဖြည်းယုံကြည်လာရ၏၊ယုံကြည်စရာအခြားဝါဒ များကို မသိရှာကြပေ.... လူကိုလူဟုမယူဆပဲ ပြောသည်ကို သာ ယုံရမည်၊

သည်လိုသာ မြင်ရမည်ဟူသော စနစ်ဆိုးသည် စဉ်းစားဉာဏ် ရှိသောသူတို့အတွက် စော်ကားခြင်းမှုသာဖြစ်၏။ ဆိုတဲ့အတိုင်း ဆိုးကျိုးသာဖြစ်စေခဲ့တယ်၊ ပါတီဝင်များတာဝန်၊

Ye've naught to do, but mark and tell your neighbour's faults and folly

ဆိုတဲ့စကားလို မဆလ ဆန့်ကျင်ဘက်စကားပြောသူ မကျေ နပ်သူ ဝေဖန်သူကို မှတ်သား သတင်းပို့ရခြင်းဆိုတဲ့ "အယုတ်စွေ

အဟုတ်ပနတ်စွအကြံ ယုဏ်လှတဲ့ မိဋ္ဌာဉာဏ်''ကပါတီဝင်များရဲ့ အဓိက တာဝန်ပိုင်းဖြစ်သည်။

''မဆလ စရိုက်လက္ခဏာ''

သနားကြင်နာခြင်းကင်းသည် တစ်ချက်၊
လျှို့ဝှက်တဘ်သည် တစ်ခြား၊
စကားမမှန်သည် တစ်ရပ်၊
လှည့်ပတ်တတ်သည် တစ်တွေ၊
အလိုရမက်ကြီးသည် တစ်ဝ၊
မှတ်ကြ မဆလ။

ပါတီဝင်စာရင်းသာတိုး အရည်အချင်းကပြင့် နိုးပဲ

လမ်းစဉ်သတင်း အတွဲ ၇ အမှတ် ၆ တွင် ဖော်ပြချက်အရ ၁၉၇၁ ခု မတ်လ ၈ ရက်နေ့ထိ တင်းပြည့် ပါတီဝင်ပေါင်း ၇၃၀၃၈ ယောက် ရှိပြီး ၎င်းအနက် ကာကွယ်ရေးဌာနဝန်ထမ်း ဦးရေက ၄၁၃၂၅ ယောက်ဖြစ်သည် ၁၉၇၁ခု ဖေဖော်ဝါရီလ ကုန်တွင် ပါတီဝင် ဦးရေ ၃၂၉၅၁၇ ယောက်ဖြစ်ပြီး ၁၉၇၁ခု ပါတီစည်းရုံးရေးဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာ အရ—

၁၉၇၀ခု ဧပြီလ ၃၀ရက်နေ့တွင်တင်းပြည့် ၇၃၃၆၉ယောက် ၎င်းအနက် ကာကွယ်ရေးဌာန ဝန်ထမ်းဦးရေ ၄၂၃၅၉ယောက် အရန်ပါတီဝင် ၂၆၀၈၅၇ ယောက် ၎င်းအနက် ကာကွယ်ရေး ဌာနဝန်ထမ်းဦးရေ အရေ ၆၃၅၃၇ ယောက်ဖြစ်သည်၊ တတိယ ညီလာခံကာလတွင် တင်းပြည့် ၁၈၁၆၁၇ ယောက် အရန် ၇၀၃၈၄၃စုစုပေါင်း မဆလ ပါတီဝင်ဦးရေ၈၈၅၄၆၈ ယောက် ဟု စာရင်းပြသည်။

၁၉၈၅ ခု ဇန္နဝါရီလ ၃၁ ရက်နေ့တွင် အရန်နှင့်တင်းပြည့် ပါတီဝင်ဦးရေက ၁၅ သိန်းကျော်၊ ပါတ်မိတ်ဆွေ ကိုးသိန်း

ကျော် ၁၉၈၅ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် အရန်နှင့် တင်းပြည့်ပါတီဝင် အင်အား ၂၃ သိန်းကျော် ပါတီမိတ်ဆွေ ၁၂ သိန်းကျော် ဖြစ်ကြောင်း လမ်းစဉ်လူငယ် ဦးရေက ၁၀၅၀၀၁၂ ယောက် ဖြစ်ကြောင်း ကြွားလုံးထုတ်သည်။

၁၂ သိန်း ကျော်ဖြစ်ကြောင်း လမ်းစဉ်လူငယ် ဦးရေက ၁၀၅၀၀၁၂ ယောက် ဖြစ်ကြောင်း ကြွားလုံးထုတ်သည်။

* ၁၉၈၈ ခု မတ်လ ၃၁ ရက်နေ့တွင် ပါတီဝင်ပေါင်း ၂၀၉၅၀၇၁ ယောက်၊ လမ်းစဉ်လူငယ် ပေါင်း က ၂၀၀၆၉၇၁ ယောက် လူထုလူတန်းစား စာရင်းပါသူ ဦးရေက ၃၃၆၇၀၃၅ ယောက်၊ ပြည်သူ့ကိုယ်စားလည် များအဖြစ် အရွေးခံရသူများက ၁၈၀၄၀၅ ယောက် ဖြစ်တယ်လို့—

ကြွားလုံးထုတ်လို့မှ မဆုံးသေးမီ ၁၉၈၈ ခု စက်တင်ဘာ ရောက်တော့ ပြည်သူလူထုတစ်ရပ်လုံး အုံတုအုံကြွမှုကြောင့် ''ဖြတွက် ...းရိုင်း ရပ်မဆိုင်းသို့ မွေးတိုင်းကိုယ်နှင့်သက်လွတ်ခွင့် ကိုချင့်ချို့လွှဲသုံး ကိုယ်လွတ်ရုန်းသော'' ဆိုတဲ့ ပုလိပ်စာ ... ချင်းပါစာကဲ့သို့ မဆလ များစုပေါင်း ပါတီဝင် ... ပြား ...၊ စုပေါင်းထွက်စာတင်၊ စုပေါင်း ကိုယ်လွတ်ရုန်းပြီး ပါတီဝင် မဆလ များက အခါသဖြင့် မဆလ ပါတီသည် ''မြန်မာ့ညီး မြန်မာဟန်နှင့် ... ''ရသည်။

လမ်းစဉ်ပါတီလို့မှ ကိုယ့်ကိုယ်ကို အခေါ်မခံဝံ့ကြတဲ့ဘဝ ရောက်ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ''တစည''

* ၁၉၈၅ ဩဂုတ်လ ၂ ရက်နေ့ ကျင်းပသော ပဉ္စမအကြိမ် မြောက် ပါတီညီလာခံသို့ အထွေထွေအတွင်းရေးမှူး ဦးအေးကိုတင်သွင်းသည့် ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာ၊

(တစ်မျိုးစားရန် ဉာဏ်ထွင်ခြင်း၊) လို့ အရှင်လတ်လတ် ဘဝ မကူးပဲ ဘဝပြောင်းရသည်၊ သို့ရာတွင် မဆလ တို့၏အကြောင်း ခံ အကျိုးဆက်တရားများ ယနေ့တိုင်ရှိနေကြောင်း သတိချပ်ရန်လိုပါသည်။

အာဏာ နှင်တံ စည်းရုံးဟန်

ပြည်သူလူထု၏ သဘောဆန္ဒကို လေ့လာစိစစ်ပြီး ပြည်သူလူထုကို အကျိုးပြုမည့် လုပ်ငန်းများကိုသာ ပြည်သူလူထုကို အသိပညာပေး၍ စည်းရုံးဆောင်ရွက်ရမည် ဆိုတာက စက္ကူပေါ်တွင် အထင်ကြီးအောင် ရေးသားထားတဲ့ မဆလ စည်းရုံးရေးလမ်းစဉ်ဖြစ်တယ်၊

လက်တွေ့စည်းရုံးရေး ဟန်ကတော့ မမှန် မကန်ဖြစ်တယ်၊ အဘင်းဖိအားပေးပြီးပါတီသို့ဝင်စေခြင်း၊ဌာနဆိုင်ရာအကြီးအကဲများက ရာထူးအရှိန်အဝါအလွဲသုံးစားပြုလုပ်၍၊ မက်လုံးပေး၍ လက်အောက်ခံ ဝန်ထမ်းများအား ပါတီဝင် လျှောက်ထားစေခြင်း၊ စတဲ့ အာဏာနှင်တံစည်းရုံးဟန်ဖြစ်တယ်၊

"ယူနစ်ကော်မတီဝင်များသည် နယ်မြေလူထုအတွင်းကွင်းဆင်း စည်းရုံးရမည့်အစား ရုံးမှာပင်ထိုင်၍ တယ်လီဖုန်းဖြင့် စည်းရုံးရေးလုပ်နေကြောင်း၊ ကြက်တူရွေးနှုတ်တိုက် အောက်မေးရိုက်မှ စည်းရုံးရေးဟု ထင်နေခြင်းမှာလည်း မှားယွင်းနေကြောင်း၊ ပါတီတွင် အထက်စီးက ပြောရသည်ကို ခံတွင်းတွေ့ခြင်းမျိုး မဖြစ်သင့်ကြောင်း" ဆိုတာကတော့ ၁၉၇၂ ခု မတ်လ ၁၆ ရက်နေ့တွင်ကျင်းပသော မန္တလေး အနေစက်တောင်ပါတီ ယူနစ်အစည်းအဝေးတွင်ဒေးဝန်းအရှေ့ပါတီစီတ်မ ဉာဏ်ထွန်းရဲ့ ဖွင့်ဟသံဖြစ်တယ်၊ ဉာဏ်ထွန်း လောက်မှ နိုင်ငံရေးအမြင်မရှိတဲ့ ဗဟိုကော်မတီစည်းရုံးရေးကတော့၊ သရီးတူးသရီးစည်းရုံးရေး၊နိုင်းတူးနိုင်းစည်းရုံးရေး၊ပဒုမ္မာစည်းရုံးရေး၊ပါမစ်စည်းရုံးရေး စတဲ့ လုပ်နည်း မမှန်စည်းရုံးဟန်များသာ ဖြစ်တယ်၊

ဝန်ထမ်းလောက ပျက်စီးရ

ပြည်သူ့ဝန်ထမ်းဆိုတာ နိုင်ငံဝန်ထမ်းဖြစ်တဲ့အတိုင်း လွတ်လပ်သော၊ ဘက်မလိုက်သော၊ စည်းကမ်း စနစ်ကျနသော အရည်အချင်း ပြည့်ဝသော အဖွဲ့အစည်း ဖြစ်ရမယ်၊ မဆလ ခေတ်တွင် ပြည်သူ့ဝန်ထမ်းများကို မဆလ သဘောတရား သွတ်သွင်းခြင်း၊ မက်လုံးပေး ခြိမ်းခြောက်၊ ဖိအားပေး နည်းများသုံးပြီး မဆလထဲ သွတ်သွင်းခြင်းများဖြင့် ဝန်ထမ်း လောက တစ်ခုလုံးကို ဖျက်ဆီးလိုက်တယ်၊ ဝန်ထမ်းစည်းကမ်းကို အောက်ခြေမှ တူးဆွ ဖျက်ဆီးတယ်၊

ပျက်စီးနေသော ဝန်ထမ်းများကို အုပ်ချုပ်ရတာလွယ်ကူ၍ မဆလ တို့က အလွယ်လမ်းစဉ် လိုက်ခဲ့ခြင်းဖြစ်တယ်၊ ဒီလိုနဲ့ ဝန်ထမ်းလောကမှာ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းကို လိုက်နာပြီး ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အရည်အချင်း ပြည့်မီသော ဝန်ထမ်းကောင်းများ ဖြစ်ပေါ်စေမည့်အစား--

"လက်ခုပ်လက်ဝါးတီး၍ဖါး၊ စည်းဝါးလွတ်ပြဲ"

"ကိုယ်ကျိုးအတွက် စည်းဝေးတက် တက်တက်ကြွကြွပဲ"

"နိုင်ငံကျိုးထက် ပါတီဖက် ရမက်ဇောကြွဆဲ"

ဆိုတဲ့ ဝန်ထမ်းသရုပ်ပျက် ဝန်ထမ်းများ ဝန်ထမ်းလောကမှာ အောတိုက် ပေါ်လာသည်၊ **ပြည်သူ့ဝန်ထမ်းစစ်စစ်များမှာ အနှိမ်ခံရသည်၊**

အမှားတကာ့အမှားဆုံး

အမှားတကာ့အမှားဆုံးကတော့ လက်နက်ကိုင်တပ်ဖွဲ့အတွင်း ပါတီနိုင်ငံရေးဝါဒလွှတ်သွင်းခဲ့ခြင်းသည် မဆလ တို့၏ မဟာအမှားကြီးဖြစ်တယ်၊ လက်နက်ကိုင်တပ်ဖွဲ့ရဲ့ အသက်ဟာ စစ်စည်းကမ်းဖြစ်တယ်၊ သံမဏိစည်းကမ်း သံမဏိစိတ်ဓါတ် ရှိရမဲ့ လက်နက်ကိုင်တပ်ဖွဲ့အတွင်းပါတီသဘောတရားတွေ သွတ်သွင်းခဲ့တဲ့ အလွန်ကြီးလေးတဲ့ အန္တရာယ်ကြီးဖြစ်စေခဲ့တယ်၊

General, you need men,
They can fly and they can kill
The only snag is that
They can also think

ဆိုတဲ့ ဂျာမန်ပြဇာတ်ရေး ဆရာကြီး Bertolt Brecht ၁၈၉၈ ခု ဖေဖေါ်ဝါရီ ၁၀ ရက် မွေး၊ ၁၉၅၆ ခု ဩဂုတ်လ ၁၄ ရက်နေ့ ကွယ်လွန်သူရဲ့ Mother Courage အမည်ရှိ ပြဇာတ်ထဲက ကဗျာကိုနားမလည်၍ ဖြစ်သည်။

၁၉၆၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗဟိုနိုင်ငံရေးသိပ္ပံမှ "သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူး ရောင်" "ဘဝဟူသည် သဘောတရားအမြင့် မှတ်ကျောက်ပင်" ဆိုတဲ့ ပါတီဆောင်ပုဒ် နှစ်ပုဒ် ပြဋ္ဌာန်းခဲ့သည်။

"ခေါက်ချိုးပြောလျှင် ဇောက်ထိုးနားလည်ရမည်" ဆိုတဲ့ မူနဲ့ ချိန်စက်ကြည့်လျှင်—

"သဘောတရား လက်တွေ့မမွှား စိတ်ထားကိုယ်ကျိုးပဲ"
"လိုတာသမျှ သူတို့ရ ဘဝနတ်ရွာပဲ"

ဆိုကာက လက်တွေ့က ပေါက်ဖွားလာတဲ့ သဘောတရား ဖြစ်တယ်၊ တစ်မျိုးဆိုတော့ "ဘဝဆိုတာ ဝမ်းဟောင်းလောင်း သဘောတရားက ဖွဲ့စောင်းစောင်း" ဖြစ်သည်။

ပါမစ်ထုတ်စား ညီလာခံများ။

မဆလပါတီညီလာခံများ ကျင်းပခဲ့ရာ ပထမ ညီလာခံကို ၁၉၇၁ ခု ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၁၁ ရက် ကျင်းပပြီး ရှေ့လုပ်ငန်းစဉ် ၆ ရပ် ချမှတ်တယ်။ ဒုတိယညီလာခံကို ၁၉၇၃ ခု အောက်တိုဘာလ ၈ ရက်မှ ၂၁ ရက် ထိ၊ကျင်းပပြီး ရှေ့လုပ်ငန်းစဉ် ၈ ရပ် ချမှတ်တယ်၊ တတိယညီလာခံကို ၁၉၇၇ခု ဖေဖေါ်ဝါရီလ ၂၃ရက်မှမတ်လ ၁ရက်နေ့ထိ ကျင်းပပြီး ရှေ့လုပ်ငန်းစဉ် ၁၁ ရပ်ချမှတ်တယ်၊ စတုတ္ထညီလာခံကို ၁၉၈၁ခု ဩဂုတ်လ ၃ရက်မှ ၈ ရက်၊ ပဉ္စမ ညီလာခံကို ၁၉၈၅ခု ဩဂုတ်လ ၂ ရက်မှ ၇ ရက်နေ့ထိ ကျင်းပပြီး နိုင်ငံရေးရှေ့လုပ်ငန်းစဉ် ၇ ရပ် စီးပွားရေးလုပ်ငန်းစဉ် ၈ရပ် စည်းရုံးရေးလုပ်ငန်းစဉ် ၆ရပ်ချမှတ်ခဲ့ပြီး * အရေးပေါ် ညီလာခံများလဲကျင်းပခဲ့တယ်၊

ညီလာခံတစ်ခါလုပ်တိုင်း ကိုယ်စားလှယ်ဆိုသူများကို တစ်ဦးလျှင် ကန့်သတ်ဈေးနှင့် ကုန်ပစ္စည်း၊ ငါးထောင်ဘိုး ဝယ်ခွင့်ပါမစ်ရခြင်း၊ တိုင်းပြည်ဘဏ္ဍာငွေနှင့် ၎င်းတို့ကိုယ်ပိုင်ငွေနှင့် ဝယ်မစားနိုင်သော အဆီအဆိမ့် ကိုယ်လုံးဖိမ့်တဲ့ အစားအစာများကို စားသောက်ကြတာပဲ အမှတ်ထင်တယ်၊ •

တိုင်းပြည်အတွက်ကတော့ မြို့ဟောင်းဆိုတဲ့ နာမည်မှပြောက်ဦး ဆိုသော နာမည်သို့၊ အောင်လံမြို့ အစား မြေထဲမြို့သို့ နာမည်ပြောင်းလဲခေါ်ဆိုရတာပဲ အမှတ်ထင်တယ်၊

---

* ၁၉၇၃ ဧပြီ ၇/၁၀ ၁၉၇၄ ဩဂုတ်လ ၂၀/၂၃ ၁၉၇၆ အောက်တိုဘာလ ၂၉/၃၀ ၁၉၇၇ နိုဝင်ဘာလ ၁၄/၁၇

"ပဒုမ္မာတဲ့ ကြားရဲ့လား"
မြေအကျယ်က ရှစ်ရာငါး
ပဒုမ္မာတဲ့ ကြားရဲ့လား၊
မြေကွက်အမှတ် ရှစ်ဆယ်ခြောက်
ထုတ်တဲ့ကုန်က အပြင်ရောက်၊
ရှစ်ကျူးဆိုတာ ဦးပိုင်အမှတ်
ဘိန်းသန်း၍ သူတို့မြတ်။

ဆိုတဲ့ ကဗျာလို ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ဂ
ဦးပိုင် အမှတ် ၆.Q မြေအကျယ် .၈၀၅ ဧက ပေါ်မှာ ပဒုမ္မ
မိုင် ဆိုတာဖွင့်ထားပြီး မဆလ ဟိပ်ပိုင်းနဲ့ လက်စေခံပြ
ကရက်တွေက အကန့်အသတ် အချုပ်အချယ် အတိုင်းအဆ
မဲ့ပ်တိုင်းကျ ကုန်ပစ္စည်းမျိုးစုံကို လစဉ်ထုတ်ယူပြီး မှော
လောကကိုပို့၍ သာယာသော လူ့ဘောင်ကြီး တည်ဆော
ခဲ့ကြသည်၊ ပြည်သူနှင့် မရှိအတူရှိအတူပေါ့။ ။

ဤသို့ဖြင့်–

တိုက်ခန်းကြီးက ဆယ်သိန်းတန်
ချက်ချင်း လက်ငင်း ဝယ်ကြပြန်
ကိုရိုလာက ငါးသိန်းတဲ့
ဝယ်စီးမယ်ကွဲ့ လာပြလဲ့
ဗွီဒီယိုက ငါးသောင်းတော့
ဒါလောက်ကတော့ အပြော့ပေါ့
လက်ပတ်နာရီ တစ်သောင်းတဲ့

ဈေးမဆစ်နဲ့ ဝယ်သကွဲ့
နေကာမျက်မှန် နှစ်ထောင်တန်
မှန်းစမ်း ပြစမ်း ဝယ်ကြပြန်
ယမ်းလျှောက် ဖိနပ် ကိုးရာတဲ့
အခုယူခဲ့ ဝယ်မယ်ကွဲ့
သမာဇီဝလုံးဝမပေါ် ဖြိုးဖြန်းညာ၍သာ
ကာယ ဉာဏ အားမပေါ် ခေါင်းပုံဖြတ်၍သာ
ဉာဏ ကာယ အားမပေါ် မှောင်ခိုလုပ်၍သာ
ဖြတ်သာ သလို လိုးကာဖြတ် သူကသန်းကြွယ်မြက်
ရသာသလို ခေါင်းပုံဖြတ် သူကကြေးရေတတ်
အမြတ်ရ ဖို့ နည်းမျိုးစုံ လုပ်ကြအဖုံဖုံ
တူသာတူ အကုန်တုံ၊ ပစ္စည်းတုနဲ့ ငွေတွေစု
ခေါင်းပုံဖြတ်တို့ ပျက်စီးဖို့ ငါတို့ ကြံဆောင်စို့!
ငို့ဘကောင်တို့ လဲလျှောင်းဖို့ သချိုင်းတူးကြစို့!

ဆိုသည့် သျှင်ရဲလှ၏ "ပဒုမ္မာသူဌေး ဆိုရှယ်လစ်ငေး" များ
ပေါ်ပေါက်လာခဲ့သည်၊

ပြည်သူတို့က ထမင်းတစ်လုပ် ဟင်းတစ်ဆုတ်အတွက်–
"ရန်သူမျိုးငါးပါးနှင့် ဆက်ဆံ၍ လိုက်လံရှာဖွေ ကပေ
လွှားလွှား တကျားကျားနှင့် သွားလာပင်ပမ်း ဗရမ်းဗတာ
အဟာရ ပရိယေစာန ဒုက္ခကြီးမားလ" တဲ့ ခေတ်ဆိုးကြီးမှာ
မဆလတို့ လူ့ဘောင်သစ် ထူထောင်နိုင်ခဲ့ကြသည်။

ပြည်သူတို့ "ကြမ္မာပြင်းဟုန် ဖားခုန်ဖားဆင်း (ကသောင်း
ကနင်း) အယွင်းယွင်း" ဖြစ်နေချိန် "ကျိုချက်ဝေ နှမ္မ ပျော်း

တစ်ခို့ ပြောင်းဆန်အို မျိုမကျရယ်နှင့် စားရဲတယ်လေး ဝမ်းရေးခက်နေစဉ် "အားလုံးဖို့နိုင် အကုန်ရပ္ပ မဆလမှု" ချမှတ လုပ်ဆောင်ခဲ့ကြရာ မဆလများသည် "ကိုယ်ကျိုးကိုငဲ့ မိုက်သင ဖွဲ့ ငါကျိုးစီးပွားရှာသူများ" လို့ ကမ္ဘည်းထိုးနိုင်တယ်။

ဤသို့မြင့်–

Socialist govt; lay far in the future and so too, were the days of disappoin ment and disillusion–

ဆိုတဲ့စကားလို "ဆိုရှယ်လစ်ရေး ခပ်ဝေးဝေး ငိုဓော ဖွဲ့လို့သိ" ဖြစ်ကြရသည်။

ညီလာခံအမှိုပါးကြမည်

၂၈–၆–၇၁ နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် ပထ အကြိမ် ပါတီညီလာခံကြီး၊ ကြိုဆိုထောက်ခံသည် လူတန်းစာ များလို့ ရကနာထွန်း ကရေးခဲ့ပြီး၊ ပြည်သူ့ပါတီအဖြစ် ပြည်သူ့ပါတီအစစ်သို့လို့ **တက်တိုး** ကလည်းကောင်း၊ ပြ သူ့ဆန္ဒ သမိုင်းလိုအပ်ချက်နှင့် အညီလို့ **တက္ကသိုလ်မြတ်သူ** လည်းကောင်း၊ ကုန်ခမ်းခြင်းမရှိသော ပြည်သူ့အားလို့ ရဲဇော် ထူးအံ့ က လည်းကောင်း၊ ပထမအကြိမ် ပါတီညီလာခံ အော မြင်စေကြောင်းလို့–**သာထွန်း** ကလည်းကောင်း၊ ညီလာခံ "တော်လှန်ရေးသတိလို့" ကြည်ပြ ကလည်းကောင်း၊ လမ်းစ ပါတီ၏ နောင်ရေးလို့ **ချစ်လှိုင်** ကလည်းကောင်း၊ ထူးခြာ လေးနက်သော အမိပ္ပါယ်လို့ **တက်တိုး** ကလည်းကောင်း၊ အသီ သီးပင် ရေးသားခဲ့ကြသလို ၂၈–၆–၇၁ နေ့ထုတ် လုပ်သာ နေ့စဉ်တွင် **သမ္မုဟ** က လမ်းစဉ်ပါတီရှေ့သို့ချီ၊ **သန္တာရှင်** က စောင့်ထိန်းကြရမည့် ဂတိသစ္စာများလို့ ရေးကြ ပါးကြတယ်။

၈–၇–၇၁ နေ့ထုတ် လုပ်သားနေ့စဉ်တွင် "ပါတီညီလာခံ နှင့် ရှေ့အလားအလာလို့" **သန္တာရှင်** ကရေးခဲ့ပြီး ၂၆–၉–၇၄ နေ့စဉ်ထုတ် လုပ်သားနေ့စဉ်တွင် **သာကဒိုး** က "ပြည်သူ့ ဆန္ဒဝင်ရမည့် အခြေခံဥပဒေသစ်သို့" လို့ ဖေါ်ပြခဲ့တယ်။

၁၀–၁၀–၇၁ နေ့ထုတ် ဟံသာဝတီတွင် ချမ်းစံဝင်း က "ခွဲနည်းအုပ်ချုပ်ပုံ ရေးဆွဲရေးနှင့် တစ်မျိုးသားလုံး တာဝန်၊" ၁၉၇၂ ဇန္နဝါရီ ၄ ရက်နေ့ထုတ် လုပ်သားတွင် **သမ္မုဟ** က "လွတ်လပ်ရေးနှင့် ခွဲခြားမရသော ရည်မှန်းချက်" လို့ လည်းကောင်း၊ ၁၇–၃–၇၂ နေ့ လုပ်သားနေ့စဉ်တွင် ဆင်ဖိုင်း က "ဆိုရှယ်လစ်ဒီမိုကရေစီ ယန္တရားတပ်ဆင်ရေး" လို့ လည်း ကောင်း ညီလာခံအမှို ဘီးတပ်ကြတယ်။

"ပြည်သူလူထုငံ အားကောာမြန်လည်အင်နှံရေးနှင့် ပြည်သူ့ ပါတီတည်ဆောက်ရေး" လို့ ၁၉၇၁ မေလ ၂ရက် လုပ်သား နေ့စဉ်မှာ **သစ်နိုင်** က "ရေးခဲ့သလို၊" တောင်သူလယ်သမားတို့ မိခိုရာ ပြည်သူ့ ပါတီ ဆိုတာ က ရဲဘော်ကြီး**အောင်** ရဲ့ "လက်ရာ၊" ဦးကြီးတို့အတွက် သမိုင်းပေး တာဝန်ဆိုတာက **သန်လျင်ရန်နောင်** ရဲ့ အာဘော်ဖြစ်တယ်။

လေ့ကျင့်ပညာပေးရေးဝါဒမှိုင်းကိုရိုက်သွင်းပေး

မဆလခေတ်မှာ လေ့ကျင့်ပညာပေးရေးဆိုတဲ့နည်း ဗျူဟာ တစ်ရပ်ချမှတ်ပြီး သင်တန်းပေါင်းစုံမှာ သင်တန်းပေးတယ်၊ မှတ်သားဘွယ်ရာ သင်တန်းများက ကေဒါသင်တန်း၊ အလုပ် သမားရေးရာသင်တန်း၊ လယ်သမားရေးရာ သင်တန်း၊ ပါတီ

စည်းရုံးရေးရာ * မွမ်းမံသင်တန်း၊ ရက်တိုသင်တန်း၊ ဆင့်ပွားသင်တန်း၊ ဥက္ကဋ္ဌသစ်ကျောင်းသင်တန်း၊ နည်းပြသင်တန်း၊ တိုင်းကြီးကြပ်ရေး– ရေးရာကေဒါသင်တန်း၊ ဆင့်ပွားသင်တန်း၊ ထောက်ကူပြုသင်တန်း၊ ၁၉၆၄ ခု ဖေဖော်ဝါရီ ၁၉ ရက်နေ့ [illegible] တိုင်းရင်းသားလူမျိုးများ ကေဒါသင်တန်း စသည် စသည် မဆုံးသည့် သင်တန်းပေါင်းစုံ တက်ရောက်စေသော်လည်း ခွေးအိုကြီးလက်ပေးသင်သလိုသာ ဖြစ်ရသည်။

difficult to teach old dog new tricks

ဒီလိုနဲ့ ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ထိ အခြေခံနိုင်ငံရေး သင်တန်းလို့ နာမည်မှည့်ခေါ်ထားတဲ့ ကေဒါသင်တန်းတက်ပြီးသူ အမာခံဆိုသူ ဦးရေက ၁၃၂၂၄ ယောက် ဖြစ်လာတယ်။

ကျစ်လစ်နိုင်မာစွာ ဖွဲ့စည်းရေး

သစ္စာဖေါက်တွေကန်ထုတ်ပေး၊

အရည်အတွက်မှ အရည်အချင်းသို့ ဆိုတဲ့နည်းဗျူဟာအရ ပါတီစုံ သစ္စာဖေါက်ပေါင်းစုံ၊ သာကူးအဖုံဖုံတို့ကို ပါတီမှ ကန်ထုတ်လိုက်၍ ပြောင်းလဲလာတဲ့ ပါတီအနေအထားက၊ စစ်သည်အများအပြား ဦးဆောင်ပါဝင်၍ ဝေလေလေ ဗျူရိုကရက်များက နောက်လိုက်သံကြောင် ခပ်ချောင်ချောင်ပါဝင်တဲ့ အနေအထားမျိုးဖြစ်လာတယ်၊

---

* ပျက်စီးသဖြင့် မွမ်းမံရခြင်းဖြစ်ရာ၊ ၎င်းသင်တန်းမှာ ပျက်စီးနေသောသူများတက်ရသည့် သင်တန်းသဘော ဖြစ်သည်။

၁၉၈၅ ခုနှစ် ဩဂုတ်လတွင် ကာကွယ်ရေးဌာနမှ တင်ပြသည့် ပါတီဝင်ဦးရေက ၁၁၃၅၄၀ ယောက် အရန်က ၅၆၁၁၄ ယောက် ဖြစ်တယ်လို့ သတင်းက ဆိုသည်။

"ငါ့ခေတ်တော်တလှည့် ကုသိုလ်ကံနဲ့ မိုက်မို့၊"

လက်ခုပ်လက်ဝါးတီးရင်း ကြွေးကြော်လက်မောင်း ဆန့်တန်းရင်း "ရေးကတ်ရာခဲ၊ ကပွဲခွင့်သို၊ လိုက်သင့်ဘိမူ၊ ခနိုးချိမြတ်လေး၊ အရှင်မွေးက၊ နိုးဝေးအံ့ခြီး၊ နေ့ခြင်းကြီး၏" ဆိုသလို နေ့ခြင်း ညခြင်းကြီးပွားသူက ကြီးပွား၊ "ချက်ခြင်းမျက်မှောက် ကြွယ်ပင်ပေါက်" သူကပေါက်နဲ့ ရောက်ရက်ခတ်ကြတယ်၊

ဒီလိုနဲ့ "ငယ်မည်မောင်းတီးဘွဲ့နေမျိုးနှင့်" ဆိုတဲ့ စကားလို မြန်မာမင်းလက်ထက်က ကလေကချေ မောင်တိုးကို အရှင်သခင်မလျှင် "နေမျိုးသီရိကျော်ခေါင်" ဖြစ်ရသလို ကိုယ်လည်း ရင်ကိုယ်ဖို့ ကျန်လူများအနန္တ၊ ဒီလိုနဲ့ပဲ **(corruption is an integral part of the state policy)** အတိုင်း အဆအကန့်အသတ်မရှိ ဖေါက်ပြန်ပျက်စီးခြင်းသည် နိုင်ငံတော်က လက်တွေ့ကျင့်သုံးနေတဲ့ မူဖြစ်လာသည်၊

***သုံးဘားလောက**

မဆလခေတ်ကို ပိုင်းခြားလျှင် ပထမပိုင်းဖြစ်တဲ့ ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ ကာလအပိုင်းအခြားကို "သုံးဘားလောက" ခေတ်လို့ သတ်မှတ်နိုင်တယ်။ ၎င်းခေတ်တွင် ပခုံးပေါ်တွင်

---

* ၁၉၄၈ ခုနှစ် သတင်းထုတ်ပြန်ကြေငြာချက်အမှတ် ၄ အရ အရှည် နှစ်လက်မ အနံ ၈/၃ လက်မရှိသော သပြေခက်ဘားချောင်းများကို ၁၉၄၉ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့မှစ၍ တပ်ဆင်အသုံးပြုခဲ့သည်။

စည်းရုံးရေးရာ * မွန်းမံသင်တန်း၊ ရက်တိုသင်တန်း၊ ဆင့်ပွားသင်တန်း၊ ဥက္ကဋ္ဌသစ်ကျောင်းသင်တန်း၊ နည်းပြသင်တန်း၊ တိုင်းကြီးကြပ်ရေး- ရေးရာကေဒါသင်တန်း၊ ဆင့်ပွားသင်တန်း၊ ထောက်ကူပြုသင်တန်း၊ ၁၉၆၄ ခု ဖေဖော်ဝါရီ ၁၉ ရက်နေ့ ... ပိုင်းရှင်းသားလူမျိုးများ ကေဒါသင်တန်း စသည် စသည့် မဆုံးသည့် သင်တန်းပေါင်းစုံ တက်ရောက်စေသော်လည်း ခွေးအိုကြီးလက်ပေးသင်သလိုသာ ဖြစ်ရသည်။

difficult to teach old dog new tricks

ဒီလိုနဲ့ ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ထိ အခြေခံနိုင်ငံရေး သင်တန်းလို့ နာမည်မှည့်ခေါ်ထားတဲ့ ကေဒါသင်တန်းတက်ပြီးသူ အမာခံဆိုသူ ဦးရေက ၁၃၂၂၄ ယောက် ဖြစ်လာတယ်။

ကျစ်လစ်နိုင်မာစွာ ဖွဲ့စည်းရေး

သစ္စာဖေါက်တွေကန်ထုတ်ပေး၊

အရည်အတွက်မှ အရည်အချင်းသို့ ဆိုတဲ့နည်းဗျူဟာအရ ပါတီစုံ သစ္စာဖေါက်ပေါင်းစုံ၊ သာကူးအဖုံဖုံတို့ကို ပါတီမှ ကန်ထုတ်လိုက်၍ ပြောင်းလဲလာတဲ့ ပါတီအနေအထားက၊ စစ်သည်အများအပြား ဦးဆောင်ပါဝင်၍ ဝေလေလေ ဗြူရိုကရက်များက နောက်လိုက်သံကြောင် ခပ်ချောင်ချောင်ပါဝင်တဲ့ အနေအထားမျိုးဖြစ်လာတယ်၊

* ပျက်စီးသဖြင့် မွန်းမံရခြင်းဖြစ်ရာ၊ ၎င်းသင်တန်းမှာ ပျက်စီးနေသောသူများတက်ရသည့် သင်တန်းသဘော ဖြစ်သည်။

၁၉၈၅ ခုနှစ် ဩဂုတ်လတွင် ကာကွယ်ရေးဌာနမှ တင်ပြသည့် ပါတီဝင်ဦးရေက ၁၁၃၅၄၀ ယောက် အရန်က ၅၆၁၁၄ ယောက် ဖြစ်တယ်လို့ သတင်းက ဆိုသည်။

''ငါ့ခေတ်တော်တလှည့် ကုသိုလ်ကံနဲ့နိုက်မို့၊''

လက်ခုပ်လက်ဝါးတီးရင်း ကြွေးကြော်လက်မောင်း ဆန့်တန်းရင်း ''ရေးကာတ်ရာခဲ၊ ကပွဲခွင့်သိ၊ လိုက်သင့်ဘီမှု၊ ခန့်ချမြတ်လေး၊ အရှင်မွေးက၊ နီးဝေးအံ့ချီး၊ နေ့ခြင်းကြီး၏''ဆိုသလို နေ့ခြင်း ညခြင်းကြီးပွားသူက ကြီးပွား၊ ''ချက်ခြင်းမျက်မှောက် ကြွယ်ပင်ပေါက်'' သူကပေါက်နဲ့ ရောက်ရက်ခတ်ကြတယ်၊

ဒီလိုနဲ့ ''ငယ်မည်မောင်းတိုးဘွဲ့နေမျိုးနှင့်''ဆိုတဲ့ စကားလို မြန်မာမင်းလက်ထက်က ကလေကချေ မောင်တိုးကို အရှင်သခင်မလျှင် ''နေမျိုးသီရိကျော်ခေါင်''ဖြစ်ရသလို ကိုယ်လည်းရင်ကိုယ်ဖို့ ကျန်သူများအနန္တ၊ ဒီလိုနဲ့ပဲ (**corruption is an integral part of the state policy**) အတိုင်း အဆအကန့်အသတ်မရှိ ဖေါက်ပြန်ပျက်စီးခြင်းသည် နိုင်ငံတော်က လက်တွေ့ကျင့်သုံးနေတဲ့ မူဖြစ်လာသည်၊

***သုံးဘားလောက**

မဆလခေတ်ကို ပိုင်းခြားလျှင် ပထမပိုင်းဖြစ်တဲ့၁၉၆၂ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ ကာလအပိုင်းအခြားကို ''သုံးဘားလောက'' ခေတ်လို့ သတ်မှတ်နိုင်တယ်။ ၎င်းခေတ်တွင် ပခုံးပေါ်တွင်

* ၁၉၄၈ ခုနှစ် သတင်းထုတ်ပြန်ကြေငြာချက်အမှတ် ၄ အရ အရှည် နှစ်ထက်မ အနံ ၈/၃ လက်မရှိသော သပြေခက်ဘားချောင်းများကို ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ တပ်ဆင်အသုံးပြုခဲ့သည်။

ဘားသုံးဘားတပ်ဆင်ထားသော ဗိုလ်များက နလကဥက္ကဋ္ဌများ အဖြစ်ဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဌာနနှင့် ရဲတပ်ဖွဲ့မှ ပြန်ဘမ်းဝင်အရာရှိများက အဖွဲ့ဝင်များအဖြစ်ပါဝင်တဲ့ နလက အဖွဲ့များ ပေါ်ပေါက်လာတယ်။ ဒုတိယပိုင်းဖြစ်တဲ့ ၁၉၅၈ မှ ၁၉၆၀ ခုအောက်တိုဘာလကာလအပိုင်းအခြားကတော့ **idle hands make busy toungues** ဆိုသလို ကောင်စီလူများ လေထွားထွားခေတ်လို့ သတ်မှတ်နိုင်တယ်၊

သုံးဘားနောက်ကြောင်း

၁၉၄၈ ခုနှစ် မေလ ၂၄ ရက်နေ့စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေဌာနစုမ် ဆုံးဖြတ်ချက် ၂၀၇ အမိန့်ချက်အရ လက်နက်ကိုင်တင်များ ယူနီဖောင်းတံဆိပ် ဘွဲ့ထူးဂုဏ်ထူးများ တီထွင်ပြဌာန်းရန် ဒုဝန်ကြီးချုပ် ဗိုလ်လကျော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၊ ကာကွယ်ရေးဌာနဝန်ကြီးတို့ ပါဝင်တဲ့အဖွဲ့ ဖွဲ့စည်းခဲ့ပြီး၊ ၎င်းအဖွဲ့က ၁၉၄၈ ခု ဇွန်လ ၁၄ ရက် ၁၆ ရက်နှင့် ဇူလိုင်လ ၁၀ ရက်နေ့တို့မှာ အစည်းအဝေး ကျင်းပခဲ့ပြီး သခင်ကိုယ်တော်မှိုင်း၊ ဦးသိန်းမောင် (သံတော်ဆင့်သတင်းစာ) ဦးထွန်းဖေ(ဟံသာဝတီသတင်းစာ)၊ ဦးထွန်းရှိန်(ဒုတိယအတွင်းဝန်၊ ပြည်ထဲရေး)တို့ပါဝင်သော ဘွဲ့ထူးဂုဏ်ထူး တီထွင်ပြဌာန်းရေး လုပ်ငန်းကော်မတီနှင့် ရဲဗိုလ်ချုပ် ဦးထွန်းလှအောင်၊ ကာနယ်ကျော်ဝင်း၊ ဗိုလ်မှူးဘမှုံ၊ ဗိုလ်မှူးကြီးခင်မောင်ဘို(ရေ)၊ ဗိုလ်မှူးအက်စ်ရှိုး(လေ)၊ ရန်ကုန်ရဲမင်းကြီး ဦးအောင်ခိုန်၊ ရဲမင်းကြီး ဦးဘမောင်၊ အထူးသတင်းထောက်လှမ်းရေး လက်ထောက်ရဲမင်းကြီး ဦးဘငြိမ်း၊ ဒုဗိုလ်မှူးကြီးဘိုးအေး(ယူအမ်ပီ)၊ ဦးသိန်း(သစ်တောမင်းကြီး)၊

ဦးဘဆိုင်(လူဝင်မှုကြီးကြပ်ရေးဝန်)၊ ဗိုလ်မှူးချုပ် **Group Captain P. Holroyd Smith** (လေ)၊ **T·L.St. Q. Wiseham** (ယစ်မျိုးမင်းကြီး)၊ ဦးအေး (အထူးအရာရှိယစ်မျိုးဌာန)၊ ဦးခင်မောင် (လက်ထောက်မင်းကြီး အကောက်ခွန်)၊ ဦးဘတူ(ပွဲခွန်ဌာနမင်းကြီး)၊ ဦးကြိုင်(အကျဉ်းထောင်ဌာန)တို့ ပါဝင်သော စစ်တပ်တံဆိပ်အဆောင်အယောင် တီထွင်သတ်မှတ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခဲ့သည်။

''ဥာဏ်မှီသမျှအကုန်မျှော် ရောလို့မတော်''

မဆလပါတီဝင်ခဲ့ကြသူများအနက် တစ်ချို့ကလဲ မဆလမူဝါဒနှင့် တိုင်းပြည်ရဲ့ ကောင်းရာကောင်းကျိုး လုပ်နိုင်မယ်လို့ ထင်သူများ၊ တစ်ချို့ကလဲ မဆလသဘောတရားကို လေ့လာကြည့်တော့ ဒီသဘောတရားတွေကို လက်တွေ့ နယ်ပယ်မှာ တကယ် အကောင်အထည်ဖော်နိုင်ခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမယ်လို့ ယုံသူများ ပါခဲ့ကြတယ်။

ဒါပေမယ့် အချိန်က အဆုံးအဖြတ်ပေးတယ်ဆိုတဲ့ သဘာဝ တရားအရ အချိန်ကြာလာလေလေ မဆလဝါဒသည် မုသာဝါဒ ဇလာချာဝါဒ အလကားဝါဒဆိုတာ ပေါ်လွင်လာတယ်၊ စာထဲမှာရေးထားတဲ့ သဘောတရားသာဖြစ်ပြီး မျက်နှာပြောင်တိုက်၍ တိုင်းပြည်ကို လိမ်ညာနေခြင်းဖြစ်လို့ သမိုင်းတွင် တရားခံ အဖြစ်မခံနိုင်သူများက ဒီလိုဆက်ပြီး မဆလနှင့်ရောနှောလို့တော့ မတော်ဘူးဆိုတဲ့ အသိဥာဏ်ဝင်လာသူများ၊ ''မှီသမျှဥာဏ်ကုန် မျှော် ရောလို့မတော် အလိုလိုက်လို့ အငိုက်ချော်လျှော် တယ်ဟိုက် ဟော်ဟော် ညီမောရှာလိမ့်လေး''ဆိုတဲ့ ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားရဲ့ ဩဝါဒကို နှလုံးသွင်းမိသူများ၊ ပင်ကိုယ် အသိနဲ့ ကိုယ်ရှိန်သပ်ပြီး မဆလကို ခွာကြတယ်။

မဆလပါတီ တတိယညီလာခံကာလတွင် တင်းပြည့် ၁၇၁၉၄ ယောက်နဲ့ အရန် ၁၃၁၄၉၈ ယောက် စုစုပေါင်း ပါတီဝင် ၁၄၉၃၈၄ ယောက်တို့ ပါတီနဲ့ ကင်းကွာနေသဖြင့် ပါတီဝင်အဖြစ်မှ ပယ်ဖျက်ရတယ်၊ ဒီလိုမသိမသာခွာသူ သိသိသာသာခွာသူများ များပြားလာသဖြင့် ပါတီနှင့် ကင်းကွာဆဲပါတီဝင်များ သတင်းပို့လို့ အမိန့်ထုတ်ရတယ်။

၁၉၈၅ ခု ဩဂုတ်လ ပါတီဝင် ၁၂၀၄၄၁ ဦးနှင့် မိတ်ဆွေဆိုသူ ၃၀၃၈၈ ဦးတို့ ပါတီအဖွဲ့အစည်းနဲ့ ကင်းလွတ်နေပြီလို့ ပဉ္စမအကြိမ် ပါတီညီလာခံမှာ အတွင်းရေးမှူးလုပ်သူက လူသိရှင်ကြားငြီးတွားရသည်အထိ ပါတီတွင်းပြဿနာ ဖြစ်ခဲ့သည်။

၁၉၆၂ ခုဧပြီလ ၃၀ ရက်နေ့ ယုံကြည်ချက်

ဤလောက၌ လူလူချင်း ခေါင်းပုံဖြတ်၍ မတရားအမြတ်ရှာစားသော စီးပွားရေးစနစ်ဆိုးများ တည်ရှိနေသ၍ ကာလပတ်လုံး လူ့အပေါင်းကို လူမှုဒုက္ခများမှ လွတ်မြောက်စေလိမ့်မည်ဟု မယုံကြည်။

ဤပြည်ထောင်စု မြန်မာနိုင်ငံတွင် လူလူချင်း ခေါင်းပုံဖြတ်ခြင်းကင်း၍၊ တရားမျှတမှုရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နိုင်မှသာလျှင် လူမျိုးမရွေး ဘာသာမရွေး ပြည်သူလူထုအပေါင်းသည် အစားဆင်းရဲခြင်းဒုက္ခ၊ အဝတ်ဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အူမ မတောင့်သဖြင့် သီလမစောင့်နိုင်သော ဒုက္ခအစရှိသည့် လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြမည့်သာယာဝပြောသော လောကသစ်ကြီးသို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်သည် ဆိုတာက ၁၉၆၂ ခုနှစ် ယုံကြည်ချက်ဖြစ်သည်။

၁၉၆၃ ခု ဇန္နဝါရီလ ၁၇ ရက်နေ့ ယုံကြည်ချက်

အူမတောင့်မှ သီလစောင့်နိုင်မည်ဟူသော သဘောတရားကို ကျွန်ုပ်တို့ယုံကြည်ကြသည်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ လုပ်ငန်းစဉ်မှာလူတိုင်းကို အူမတောင့်စေပြီး သီလစောင့်လာစေခြင်းဖြင့်ငြိမ်းချမ်းသာယာသောလောကသစ်ကြီးကို တည်ဆောက်ရန်ပင် ဖြစ်သည်။

၁၉၇၁ ခု ဇွန်လ ယုံကြည်ချက်

လူလူချင်း မတရားခြယ်လှယ်၍ မတရားစီးပွားရှာစားသော ဝိသမစနစ်များကို ချုပ်ငြိမ်းစေပြီး တရားမျှတမှုကို အခြေခံသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နိုင်မှသာလျှင် ပြည်သူလူထုအပေါင်းသည် လူ့ပယောဂကြောင့် ပေါ်ပေါက်လာရသော လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်မည် သာယာဝပြောသော လူ့ဘောင်သစ်ကြီးသို့ ရောက်ရှိနိုင်မည်ဟု အလေးအနက် ယုံကြည်သည် ဆိုတာက ၁၉၇၁ ခုနှစ် ပထမအကြိမ် ပါတီညာကြပြန်က အတည်ပြုသော ယုံကြည်ချက်ဖြစ်တယ်။

၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှစ၍ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးချုပ်စိန်ဝင်း၊ ဗိုလ်မှူးကြီးများဖြစ်ကြသောသောင်းကြည် * မောင်ရွှေ၊ ကျော်စိုး၊ သန်းစိန်၊ လှဟန်၊ မောင်လွင်၊ ကိုကို၊

အောင်ဖေ၊ *စိန်မြ၊ လှဘုန်း၊ မောင်မောင်ခ၊ ယင်ကျော်၊ ချစ်ခင်၊ ဗန်ကူးလိ၊ ထွန်းတင်၊ ဒုဗိုလ်မှူးကြီးများ ဖြစ်သော သိန်းအောင်၊ စန်ဝင်း၊ ရဲခေါင်တို့တပ်က အငြိမ်းစား ယူခေါင်း ပေါင်းပေါင်းတဲ့မှု ကျင့်သုံးကြတယ်၊ တစ်မျိုးဆိုတော့ "ဘောင်း ဘီကိုချွတ် ပုဆိုးဝတ်ဘဲရီးဂွတ်" သူများ ဖြစ်လာကြတယ်။

ဦးနေဝင်းရဲ့ လက်းညွှန်ပုံဖွဲ့စည်းပါတဲ့ အုပ်ချုပ်ပုံ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူ ၆ ချက်........

၁။ ဆိုရှယ်လစ်စနစ် ရည်မှန်းချက်ပန်းတိုင်ကို နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် ထားရှိရန်၊

၂။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုနိုင်ငံတော်က တည်ဆောက် မည့် စီးပွားရေးစနစ်အဖြစ် သတ်မှတ်ရန်နှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်အား ကာကွယ်သည့် ဥပဒေများကို အခိုင်အမာ ပြဋ္ဌာန်းရန်၊

၃။ နိုင်ငံတော်ဖွဲ့စည်းပုံစနစ်သည် ဆိုရှယ်လစ်ဒီမိုကရေစီစနစ် ကို အခြေခံရမည်ဟု သတ်မှတ်ရန်၊

---

* ၁၉၇၂ ခု စက်တင်ဘာလ ၂၂ ရက်နေ့ထုတ် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၁၀၂၊ ၁၀၃ အရ တာဝန်မှရပ်စဲထားခဲ့၊ ဦးရွှေအမှုနှင့်ဆက်သက်ပြီး ဗိုလ်မှူးကြီးဟောင်းကျော်ငြိမ်းအိမ်သို့ ရှာဖွေရာတွင် ထိုင်းဘတ်ကြိုး ၃၄ ကုံး ဘတ်လက်ကောက် ၆ ကွင်း စုစုပေါင်း ရွှေချိန် ၆၉ ကျပ် လေးပဲလေးရွေးသား တွေ့ရသည်။ ကြေးမုံ ၂၇၊၇၊၇၄၊

၄။ တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူမှုဖြင့် ဥမကွဲသိုက်မပျက် မရှိအတူ ရှိအတူ စည်းလုံးညီညွတ်စွာ နေထိုင်ကြမည်ဟု အမိဋ္ဌာန်ပြုကြောင်း ပြဋ္ဌာန်းရန်၊

၅။ လုပ်သားပြည်သူများသည်ဆိုရှယ်လစ်စနစ်အောင်အတွင်း ဒီမိုကရေစီရပိုင်ခွင့်များနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လူ့အခွင့် အရေးများကို ခံစားခွင့်ရှိသကဲ့သို့ ဆိုရှယ်လစ်နိုင်ငံတော် အတွက် ကျေပြွန်စွာထမ်းဆောင်ရမည့် တာဝန်များ ရှိကြောင်း သတ်မှတ်ရန်၊

၆၊ ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးကို အထောက်အကူပြုမည့် သင့်လျော်သည့် အခြားလိုအပ် ချက်များကို ထည့်သွင်းပြဋ္ဌာန်းရန်၊

ဆိုတာက ဦးနေဝင်းရဲ့ လမ်းညွှန်ပုံ ဖွဲ့စည်းပါတဲ့ အုပ်ချုပ်ပုံ ဖြစ်တယ်၊ ဒီလိုနဲ့ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ဆိုတာ ပေါ်လာပြန်သည်။

အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်စာရင်း

ဥက္ကဋ္ဌ

၁၊ ဗိုလ်မှူးချုပ်စန်းယု

အဖွဲ့ဝင်များ

၂။ ဗိုလ်မှူးချုပ်တိန်ဝင်း

၃။ ဗိုလ်မှူးကြီး သောင်းကြည်

၄၊ ဗိုလ်မှူးကြီးသန်းစိန်

၅။ ဗိုလ်မှူးကြီးကျော်စိုး

၆။ ဗိုလ်မှူးကြီးလှဟန်

၇။ ဦးအညိမ်

၈။ ဗိုလ်မှူးကြီးကြည်မောင်

၉။ ဗိုလ်မှူးကြီးကျော်ထင်

၁၀။ ဒေါက်တာဗိုလ်လေး

၁၁။ ဗိုလ်မှူး အောင်ကျော်မြင့်

၁၂။ ဒု ဗိုလ်မှူးကြီးလှအေး
၁၃။ * ဗိုလ်ကြီးဇော်ဝေ
၁၄။ ဒု ဗိုလ်မှူးကြီးမင်းညီ
၁၅။ ဦးရဲထွဋ်
၁၆။ သခင်တင်မြ
၁၇။ ဗိုလ်မှူးတင်အေး
၁၈။ ဗိုလ်မှူးထွေးဟန်
၁၉။ ဦးသံဗျင်
၂၀။ ဒု ဗိုလ်မှူးကြီး
မောင်အေး
၂၁။ ဗိုလ်မှူးတင်လတ်
၂၂။ ဒု–ဗိုလ်မှူးကြီး
မြင့်အောင်
၂၃။ ဗိုလ်မှူး တင်အေးကျော်
၂၄။ ဗိုလ်မှူးကြီး မျိုးအောင်
၂၅။ ဒု–ဗိုလ်မှူးကြီး ခင်သိမ်း
၂၆။ ဗိုလ်မှူး မောင်မောင်
၂၇။ ဦးသာအို
၂၈။ ဒု–ဗိုလ်မှူးကြီး လှမိုး
၂၉။ ဗိုလ်မှူး အေးဆန်း
၃၀။ ဗိုလ်မှူး လွင်မောင်
၃၁။ ဒု–ဗိုလ်မှူးကြီးလှမောင်
၃၂။ ဗိုလ်မှူးကြီး ကိုကို
၃၃။ ဦးဘအေး
၃၄။ တရားသူကြီးချုပ်
၃၅။ နိုင်ငံတော် ရှေ့နေချုပ်
၃၆။ ဦးသိန်းဟန်
၃၇။ ဦးတင်အောင်ဟိန်း
၃၈။ ဦးကျော်
၃၉။ ဦးသန်းနွယ်
၄၀။ ဦးခင်မောင်
၄၁။ ဦးအောင်မှီ
၄၂။ ဦးအုန်းဖေ
၄၃။ ဆရာချယ်
၄၄။ သခင် ခင်ဇော်
၄၅။ ဦးတင်ထွန်း
၄၆။ ဦးဒိန်ရတန်
၄၇။ ဦးထွန်းရင်
၄၈။ ဦးလဝမ်
၄၉။ ဦးအေးမြလေး
၅၀။ ဦးဘူးရယ်
၅၁။ ဦးသိုင်းသန်းတင်
၅၂။ ဒေါက်တာစောလှထွန်း
၅၃။ ဦးစောဘိုးအောင်

* ပြစ်မှုဆိုင်ရာ အမှု အမှတ် ၁၁/၇၈ ၁၂/၇၈ အရ ပုဒ်မ ၄၄၇(က)ကို ကျူးလွန်သဖြင့် တစ်မှုလျှင်ထောင်ဒဏ် ၃ နှစ်စီကျခံရသည်။

၅၄။ ဖဒိုးဘထွန်း
၅၅။ ဦးဆန်ခိုလျူ
၅၆။ ဦးမွတ်ပါး
၅၇။ ဦးတင်ဇမ်း
၅၈။ ဦးဝမ်သူဟာချုပ်
၅၉။ ဦးထွန်းအေး
၆၀။ ဦးကျော်ဇော
၆၁။ ဗိုလ်မှူးကြီးဘသော်
၆၂။ ဗိုလ်မှူးကြီးမောင်လှ
၆၃။ ဗိုလ်မှူးကြီးစန်ကြည်
၆၄။ ဗိုလ်မှူးကြီးသန်းတင်
၆၅။ ဗိုလ်ကြီးသိန်းထွန်း
၆၆။ ဦးခနဲ
၆၇။ ဦးချစ်စိန်
၆၈။ ဦးဆဝတ်
၆၉။ ဦးကြူးဘောင်း
၇၀။ ဦးကာရင်တန်
၇၁။ ဦးမြင့်ဦး
၇၂။ ဦးအောင်လှ
၇၃။ ဦးဘမောင်
၇၄။ ဦးခွန်စိန်
၇၅။ ဦးအောင်ထွတ်
၇၆။ ဦးဒီဘသော်
၇၇။ ဦးမော်သင်
၇၈။ ဦးစောအောင်
၇၉။ ဦးထွန်းရွှေ
၈၀။ ဒေါ်အေးမြင့်
၈၁။ စောဟန်တာသာမွှေး
၈၂။ စောအီရယ်
၈၃။ ဦးထွန်းသောင်
၈၄။ သခင်အောင်မင်း
၈၅။ ရဲဘော်မြ
၈၆။ ဦးဖြူ
၈၇။ ဦးလှထွန်းဖြူ
၈၈။ ဦးဇော်အောင်သိန်း
၈၉။ ဒေါ်စောမြ
၉၀။ ဒေါ်ကြူကြူမား
၉၁။ ဦးဟင်အေး (ရှမ်းပြည်)
၉၂။ ဦးရှောင်ဂျုံး
၉၃။ ဦးထွန်းမြင့်(လင်းခေး)
၉၄။ ဦးကြည်မြ

* အတွင်းရေးမှူးများ

၉၅ ဒုဗိုလ်မှူးကြီးထွန်းလင်း +
၉၆။ ဒုဗိုလ်မှူးကြီးကျော်ဇော
၉၇။ ဗိုလ်မှူးကြီး သန်းစိန်

* ၎င်းအတွင်းရေးမှူးများ သုံးယောက်စလုံးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးနောက် ဝန်ကြီးများ ဖြစ်လာကြသည်။ ပါတီတွင်း အရှုပ်တော်ပုံဖြစ်ပြီးနောက် ၁၉၇၈ ခုနှစ် မတ်လ ၃ ရက်နေ့ကျင်းပသော မဆလဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်း

F 4

အဖွဲ့ခွဲတွေက ခပ်များများလေလုံးခပ်ထွားထွား

ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေး ကော်မရှင်ကို အလောက် ဖော်ပြပါ ၉၇ ဦးနဲ့ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ ဖွဲ့စည်းတယ်၊ ကော်မရှင်တွင် အဖွဲ့ခွဲ ၁၅ ဖွဲ့ ဖွဲ့စည်းခဲ့ရာ ၎င်းတို့ မှာ ရှမ်းပြည်မြောက်ပိုင်းအတွက်–

အဖွဲ့ခွဲ ၁ တွင် ကာနယ်လှဟန်ခေါင်းဆောင်၊ တွဲဘက် ခေါင်းဆောင် ဦးထွန်းအေး၊ အတွင်းရေးမှူး ဒုဗိုလ်မှူးကြီး လှမိုး၊ အဖွဲ့ဝင် သခင်ခင်ဇော်၊

ရှမ်းပြည်တောင်ပိုင်း–အဖွဲ့ခွဲ ၂ တွင် ခေါင်းဆောင် ကာနယ် သောင်းကြည်၊ တွဲဘက်ခေါင်းဆောင် ဦးတင်အေး၊ အတွင်းရေးမှူး ဗိုလ်ကြီး ဇော်ဖေ၊ အဖွဲ့ဝင် ကာနယ်စန်ကြည်၊ ဦးဇော်အောင်သိန်း၊

ရှမ်းပြည်အရှေ့ပိုင်း–အဖွဲ့ခွဲ ၃ ခေါင်းဆောင် ကာနယ် ကျော်စိုး၊ တွဲဘက်ခေါင်းဆောင် ဦးထွန်းမြင့် (လင်းခေး) အတွင်းရေးမှူး ဒုဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင် ဒေါ်ကြူကြူ မား၊ ဦးဘမောင်၊ ဦးကျော်ဇော။

အဝေး ဒုတိယနေ့၌ ၎င်းတို့သုံးယောက်စလုံးကို ဝန်ကြီးအဖွဲ့ဝင်များ အဖြစ်မှ ရုပ်စဲခဲ့ခြင်းကို အတည်ပြုခဲ့သည်။ အတည်ပြုခြင်းအမှတ် ၃–၁/၇၀

+* မူကြမ်းရှင်းလင်းရေးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးလုပ်စဉ်က ညှိ စရိတ်ငွေ ကျော်ခြောက်သောင်းခုနှစ်ရာနှစ်ဆယ်ခြောက်ကျပ် ငွေတ ထောင်လေးဆယ်၊ ကမ္ဘောဇရိဂ်သာ ညှိခံစရိတ်ငွေ ကျပ်နှစ်သောင် ခြောက်ထောင်ကိုးရာ့တစ်ဆယ်တစ်ကျပ်၊ လေးသောင်းလေးထော ရှစ်ရာကိုးဆယ့်သုံးကျပ် စသည့် ငွေများပိုထုတ်စာရင်း ပိုပြအလွဲ သုံးစားလုပ်သည်ဟု ပြစ်မှုဆိုင်ရာအမှု ၆ မှုနှင့် တရားစွဲ၍ တသက် စာခံ တစ်ကျွန်းဒဏ်။ ။

ကယားပြည်နယ်အတွက်–အဖွဲ့ခွဲ ၄ ဦးအေးမြလေး၊ အတွင် ရေးမှူး ဗိုလ်မှူးတင်အေး (ရေး)၊

ကချင်ပြည်နယ်အတွက်–အဖွဲ့ခွဲ ၅ ခေါင်းဆောင် ဦးဗိန်ရတန်၊ အတွင်းရေးမှူး ဗိုလ်မှူးလှင်မောင်၊

ချင်းပြည်နယ်အတွက်–အဖွဲ့ခွဲ ၆ တွဲဘက် ခေါင်းဆောင် ဦးဆန်ခိုလျ ၊ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်၊

ကရင်ပြည်နယ်အတွက်–အဖွဲ့ခွဲ ၇ တွဲဘက် ခေါင်းဆောင် ဒေါက်တာစောလှထွန်း၊ အတွင်းရေးမှူး ဗိုလ်မှူး တင်လတ်။

ရခိုင်တိုင်းအတွက်–အဖွဲ့ခွဲ ၈ * ကာနယ်သန်းစိန် (ရခိုင်)၊ တွဲဘက် ခေါင်းဆောင် ဦးလှထွန်းဖြူ၊ အတွင်းရေးမှူး * ဒုဗိုလ်မှူးကြီး တင်အေးကျော်၊ အဖွဲ့ဝင် ဦးဝမ်းသုဟာမျှ၊ ဦးဖော်သင်၊ ဦးစောအောင်၊

ဧရာဝတီတိုင်းအတွက်–အဖွဲ့ခွဲ ၉ ကာနယ် လှဟန်၊ အတွင်း ရေးမှူး ဒုဗိုလ်မှူးကြီး မင်းညီ၊

---

* ၁၉၇၄ ခု ဇန္နဝါရီလ ၆ ရက်နေ့တွင် ကျင်းပသော ၎င်း၏ယမိုး ညှိုသန်းမှု မင်္ဂလာဆောင်အတွက် ပါတီရုံပုံငွေနှင့်ဝယ်ခဲ့သော နို့ဆီ ၂ သေတ္တာ၊ သကြား ၅ ပိဿာ၊ လက်ဖက်ခြောက် ငါးပေါင်၊ ကော်ဖီသုံးပေါင်။ ဒူးယား ဆယ်လိပ်ဝင်ကာတွန်း လေးဆယ်၊ ပြည်သူ့ရုန်တိုက်မှ မုန့်များ ၀၄ပေါင်း တန်ဖိုးငွေ ၁၀၄၅ ကျပ် ငါးဆယ်ပြား သုံးစွဲပြီး၊ ကုန်ကျစရိတ်အတွက် ကာမိစေရန်အတွက် အနည်းအခဝေးတက်သူစာရင်း ပိုပြရိုပ်လာလေရင်း လွှအင်အားပိုပြ သည့်ဆိုကာ တိုင်းတရားရုံး ပြစ်မှုဆိုင်ရာအမှု ၇/၇၀ အရ ကျွန်းဒဏ်။

+* ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ဆင်မှုကော်မရှင်အဖွဲ့ခွဲ ၂ အတွင်း ရေးမှူးတာဝန်ထမ်းဆောင်စဉ် ခရီးစရိတ်ငွေပြ စားသုံးသူစာရင်းပို၍ ထောင်နှစ်း၊

တနင်္သာရီတိုင်းအတွက်—အဖွဲ့ခွဲ ၁၁ ခေါင်းဆောင် ဗိုလ်ချုပ် မိန်ဝင်း၊ အတွင်းရေးမှူး ဒုဗိုလ်မှူးကြီး ခင်ငြိမ်း၊ အဖွဲ့ ကာနယ် မျိုးအောင်။

မကွေးတိုင်းအတွက်—အဖွဲ့ခွဲ ၁၁ ကာနယ် သန်းစိန် တွဲဘ ခေါင်းဆောင် ကာနယ် မောင်လှ၊ အတွင်းရေးမှူး ဗိုလ် အေးဆန်း၊ ဘကပ ဗိုလ်ရဲထွတ် ဦးကျော်၊ ဦးခန့်။

မန္တလေးတိုင်းအတွက်—အဖွဲ့ခွဲ ၁၂ တွဲဘက် ခေါင်းဆေ ဒေါက်တာ မောင်မောင်၊ အတွင်းရေးမှူး ဗိုလ်မှူး ကျော်မြင့်၊ဦးကြည်မြ၊ဗက သိန်းထွန်း၊ဒေါ်စောမြ၊ဦးတင်ထွ

ပဲခူးတိုင်းအတွက်—အဖွဲ့ခွဲ ၁၃ ခေါင်းဆောင် ကာ ကျော်ဖိုး၊ တွဲဘက်ခေါင်းဆောင် ကာနယ် ဘစသင်၊ အတ ရေးမှူး ဦးထွန်းရွှေ၊ အဖွဲ့ဝင် ဦးတင်အောင်ဟိန်း၊ ဦးသိန်း ဒေါ်အေးမြင့်၊ ရဲအောင်မြ။

စစ်ကိုင်းတိုင်းအတွက်—အဖွဲ့ခွဲ ၁၄ ခေါင်းဆောင် ကာ ဆောင်ကြည်၊ တွဲဘက် ဒုဗိုလ်မှူးကြီး လှအေး၊ အတွင်းရေ သခင်တင်မြ၊ ဗုဗိုလ်မှူးကြီး မြင့်အောင်၊ ဦးချစ်စိန်၊ ဦးအုန်း ဦးသန်းနွယ်။

ရန်ကုန်တိုင်းအတွက်—အဖွဲ့ခွဲ ၁၅ ခေါင်းဆောင် ဗိုလ် ချုပ် စန်းယု၊ တွဲဘက်ခေါင်းဆောင် ဦးတညိမ်း၊ အတွင်း မှူး ဦးသာဖိုး၊ အဖွဲ့ဝင် ဒေါက်တာ ဗိုလ်လေး၊ ကာနယ် မောင်၊ ကာနယ် ကျော်ထင်၊ ဆရာချယ်၊ (ယခုရွေးကော ကော်မရှင်အဖွဲ့ဝင်) ဦးသံချင်၊ ဦးသာဖိုးတို့ ဖြစ်ကြတယ်။

ဖက်ဆစ်စနစ်ကို ရာဇနှစ်နှင့်ချီ၍ ကျင့်သုံးခဲ့သော ဂျပန် ဖက်ဆစ် စ နစ် ကို ရာနှုန်းပြည့်ဖျက်သိမ်း၍ ဒီမိုကရေစီ

ထူထောင်နိုင်ခဲ့သည်၊ ဂျပန်နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ် ၃၆ တွင် ညှင်းပန်းနှိပ်စက်ခြင်း ရက်စက်သေစေဖြစ်ဒဏ်ပေး ခြင်းကို လုံးဝဥဿုံ တားမြစ်သည်၊ ပုဒ်မ ၂၁ တွင် လွတ်လပ်စွာ စုရုံးခွင့် ဖွဲ့စည်းခွင့် ပြောဆိုခွင့် သတင်းစာ လွတ်လပ်ခွင့်စသည် များကို အာမခံသည်သတင်း ဖြတ်တောက်ခြင်းကို မပြု လုပ် ရ ပုဒ်မ ၄၀ တွင် မတရားအဖမ်းခံရသူ ထိမ်းသိမ်းခံရသူက နိုင်ငံ တော်ကို တရားစွဲဆိုခွင့်ရှိသည် စသည့် ရဲရဲတောက် အာမခံ ချက်များ မဆလဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိ။

မဆလခေတ်တွင် ဝါဒဖြန့်ချိရေးသည် အစိုးကလုပ်ငန်းအောင် မြင်ရေးသည် သာမညဖြစ်သည်နှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူကြမ်း ဆွေးနွေးပွဲကို ထောက်ခံပွဲတို့ ပိုစတာစိုက်ထူပွဲတို့ ဟော ပြောပွဲတို့ကို အိုးစည်ဗုံ ပေါင်း ဗိုးပတ်ဝိုင်းနှင့် ပွက်ပွက်ညံ ညံ ဆူညံပြီး အချိန်ကုန်ဖြုန်း ငွေကိုသုံး အားလုံးကိုယ်ကျိုးနဲ့ဖြစ် ခဲ့တာကို သျှင်ရဲလှ၏ "၂၃" အမည်ရှိ ကဗျာကိုဖော်ပြလိုက် ပါတယ်၊

"၂၃"

အုန်းအုန်းကြွက်ကြွက်
ပွက်ပွက်ဆူ
ထောက်ခံကြတဲ့မူ
ကော်မရှင်လူအနှံ့သွား
ဖြိုးလုံးဖျန်းလုံးများ
စိတ်ထားကတော့ ကိုယ်ကျိုးပါ
သိုင်းကျိုးပြည်မပါ

ရလာသမျှ ဇာတ်ကွက်ညစ်
မြန်မာ့ဆိုရှယ်လစ်
ဆိုရှယ်လစ်လို့ သံကုန်အော်
၂၇ လိုပေါ်
ကရဗိတ်နော်အကြောင်းပြ
ကိုယ်စီတိုက်ဆောက်ကြ
ဗိုကြီးချက်မတို့ပြည်သူ
ဝတ်ပြတ်မွဲတေသူ
ပူပူပင်ပင်ဖြစ်ပါရ
ကုန်ဈေးဘယ်မကျ
ပူပူပင်ပင်ဖြစ်ပါရ
အပူလုံးရင်မှကြွ
ပူပူပင်ပင်ဖြစ်ပါရ
ကြုံရလူ့ဘဝ ။

ဖွဲ့စည်းပုံမူကြမ်းကို အတည်ပြုပုံပြုနည်း

အဖွဲ့ ၁၅ ဖွဲ့က တစ်နိုင်ငံလုံးကိုလှည့်ပြီး မူကြမ်းဆိုတာကို သုံးကြိမ်သုံးခါ ရှင်းပွဲလုပ်တယ်၊ အခြေခံဥပဒေမူကြမ်း ရှင်းလင်းပွဲလို့ နာမည်တပ်ထားသော်လဲ တကယ့်ဖြစ်ရပ်က ပြည်သူလူထုကို မတက်မနေရ အတင်းအဓမ္မ ဖိအားပေးတက်ရောက်စေပြီ ရှင်းတဲ့ချယ်လှယ်သူ လူတန်းစားအကျိုးစီးပွား ဖြစ်ထွန်းတာကို တိုင်းပြည်အကျိုးစီးပွားဖြစ်ထွန်းလေဟန် လိမ်ညာခြင်း **fraud** မလျော်သြဇာ အသုံးပြုခြင်း **undue influence** နိုင်ထက်စီးနင်း အကျပ်ကိုင်ခြင်း **coercion** နည်းများကို အသုံးပြုခဲ့တာပေါ့။

အဖွဲ့ ၁၅ ဖွဲ့က နယ်ကိုဆင်းပြီး ပြည်သူလူထု ၁၀၅၀၀၀ ကျော်နှင့် ထိတွေ့ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံမူကြမ်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်ပေါင်း ၃၄၅၀ ယောက်က ဆန္ဒပေးခဲ့ပြီး ၁၉၇၁ ခု ဒီဇင်ဘာလ ၁၀ ရက်နေ့ထိ တစ်ဦးချင်း အကြံပေးခဲ့သူဦးရေက ၁၄၁၅ ယောက်ဖြစ်တယ်လို့ ကြားလုံးထုတ်တယ်၊ ပြည်သူလူထုရဲ့ ၉၀.၁၉ ရာခိုင်နှုန်းက ထောက်ခံတယ်ဆိုတယ်။

တစ်ပါတီအစည်းမှ တစ်ယောက်တည်းကိုသာ ရွေးရသဖြင့် ရွေးစရာမရှိတင်မြှောက်ပွဲဖြစ်သည်၊ မရွေးမီကတည်းက အော်တိုမစ်တစ် ရွေးချယ်ပြီးသားဖြစ်တယ်။ ပထမအကြိမ် ၁၉၇၄ ခုနှစ် ရွေးချယ်ပွဲမှ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် ဆိုသူက ၄၅၁ ယောက်၊ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ်တွင် ၄၆၄ ယောက်၊ ၁၉၈၁ ခုနှစ် တတိယအကြိမ်တွင် ၄၇၅ ယောက် ၁၉၈၄ ခုနှစ် မဆလခေတ်နောက်ဆုံးအကြိမ် ရွေးချယ်ပွဲမှာ ၄၈၉ ယောက် ဖြစ်တယ်။

ရွေးချယ်ပွဲဆိုသော်လဲ **rotation of Tom, Dick and Harry in public office** သဘောသာဖြစ်ပြီး ဒီဟန်ပြပွဲတွေအတွက် ပြည်သူ့ဘဏ္ဍာကုဋေနဲ့ချီ၍ စားကြဝါးကြပြန်သည်၊ ရင်းမြင် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲ ဆိုတာလဲရှိသေးတယ်၊ ကြားဖြတ်ရွေးပွဲဆိုတာက "ရှေ့လူစားသွား၊ နောက်လူဝါး၊ ဆက်ဝါးကြားရွေးပွဲ၊ မပြီးနိုင်တဲ့ပွဲ" ဖြစ်တယ်။

ပထမလူက စုစုကာပုံစံနဲ့စားပြီး ဗိုလ်ကားသွားတော့ ဖယ်လိုက်ပြီ၊ မစားရသေးတဲ့ လူတွေကို တလှည့်တဖွဲ့ စားစေဖို့ လုပ်တဲ့လုပ်ငန်းဖြစ်ရာ မဆလခေတ်တစ်ခေတ်လုံး ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲဆိုတာ ၁၂ လ ရာသီရှိတဲ့ အပြီးမသတ်တဲ့ စားပွဲဖြစ်သည်၊

နတ်ဝင်ကိုဇံ့နှင့်မြောက်

အဓိပ္ပါယ်မဲ့ ရွေးခြယ်ပွဲအကြောက်—

ချီတေးဆက်အောင်ကိုးက 'မဲရုံဆီသို့ သွားကြမည်'
လွင်မြင့်က 'ဆန္ဒပေးလို့ ရွေးချယ်စို့'
စန္ဒယားလှထွဋ်က 'လူနေရာမှန်ဖြစ်ရေး ဦးတည်ချက်'
စန္ဒယားလှထွဋ်ကပဲ 'မဲပေးလာမယ်'
ရန်ကင်းကိုကိုလေးက 'ကိုယ်များကိုယ်စားလည် တို့ရွေးချယ်'
ရွှေမြိုင်နှင်းသုနန္ဒာ 'ဆန္ဒမဲပေး ရွေးချယ်မယ်'
ဟသ်ာတမြင့်ငွေက 'ပြည်သူ့ထဲက ပြည်သူ့ကိုယ်စားလည်'
စန္ဒယားချစ်ဆွေက 'မဲသားနှင့် ပုလဲပတ္တမြား'
ပျဉ်းမနားမြင့်လှိုင်က 'ရွေးချယ်ကြမည် ပြည်သူ့
ကိုယ်စားလည်'—

စသည် သရုပ်ပျက်ဆေးများ ရေးသားသီဆိုကြသလို ၁၉၅၁ ခု စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် လုပ်သားနေ့စဉ်တွင် 'ပြည်သူ့ဆန္ဒဝေစီရမည့် အခြေခံဥပဒေသစ်လို' သာကဗိုးကရေးခဲ့ပြီး ၁၉၇၀ ခု နိုဝင်ဘာလ ၆ ရက်နေ့ထုတ် ဟံသာဝတီတွင် 'အခြေခံဥပဒေနင့် ထိုင်းရင်းသား ညီညွတ်ရေး' လို့ မန်းညွန့်မောင်ကရေးတယ်။

နိုဝင်ဘာ ၉ ရက်နေ့ထုတ် ဟံသာဝတီမှာ 'ဥက္ကဋ္ဌကြီးလမ်းညွှန်ချက်ကို ခံယူအကောင်အထည်ဖော်ကြစို့ပါဝင်' ခေါင်းစဉ်ဖြင့် ဆန့်ညွန့်က ပင့်ပေးပြီး၊ ၁၉၈၁ ခု ဇူလိုင်လ ၁၀ ရက်နေ့ထုတ် လုပ်သားနေ့စဉ်မှာ 'ယာဝစဉ်စည်းလုံးမိတော့မည့် ပဋ္ဌမမြန်မာနိုင်ငံ' ဆိုတာက နောင်ချိုဝင်းရဲ့ လင်္ကာရောဖြစ်တယ်။

၁၉၈၂ ခု မေလ ၂၀ ရက်နေ့ ကျီကွဆံကွင်းမှာကျင်းပသော တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ မင်္ဂလာတောင်ညွန့်၊ တာမွေ ပါတီယူနစ်များကို ရှင်းလင်းပွဲတွင် အာဏာကိုလက်ဝါးကြီးအုပ်ဖို့ စိတ်မကူးဆိုတာက အဖွဲ့ ၁၅ ခေါင်းဆောင် ဦးစန်းယုရဲ့ အာဘော်ဖြစ်တယ်။

ကောင်စီ

ပါတီနှင့်တဆက်ထဲ ပေါ်လာတာက *ကောင်စီဖြစ်ပြီး ၎င်းကောင်စီမှာ ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ပြည်နယ် စသည်ဖြင့် အဆင့်ဆင့်ဖွဲ့ခဲ့ပြန်ရာ ၁၉၈၄ ရွေးခြယ်ပွဲဆိုတဲ့ကာလတွင် ကျေးရွာ ရပ်ကွက်ကောင်စီဝင်ဦးရေက ၁၈၅၉၉၀ ယောက် မြို့နယ်ကောင်စီဝင်ဆိုသူက ၁၅၃၉၃ ယောက် ပြည်နယ်/တိုင်းကောင်စီဝင်ဆိုသူ ဦးရေက ၉၈၄ ဦး ဖြစ်လေရာ ဖူးလေးရာဖရုံဆင့်ပြန်တယ်၊ **Bad is the lordship of many** ဖြစ်လာသည်၊

ပါတီနှင့်ကောင်စီ အာဏာပြိုင်ကြခြင်း၊ ပါတီအတွက်သာမက ကောင်စီအတွက်ပါ ငွေများ ကုန်ငွေကုန်ငွေကုန်ကျ သုံးစွဲရခြင်း၊ 'အာဏာပိုင်အဖွဲ့ဆိုတာတွေ ပေါ်လာပြီး အာဏာပြိုင်ကြလွန်းသဖြင့် အဖွဲ့အစည်းသုံးရပ်လို့ အမည်ပြောင်းရခြင်းများကြောင့် **Two heads are better than one** သဘောမျိုး မဟုတ်တော့ပဲ **Two heads are more heavy than one** ဖြစ်လာပြန်တယ်။

---

* **concilum** ဆိုသော လက်တင်ဘာသာစကားကို တိုက်ရိုက်ပုံတူချယူသုံးစွဲသော ဝေါဟာရ—

၁၉၇၅ ခုနှစ် ဇန္နဝါရီလတွင် ပါတီဝင်ပေါင်း ဦးရေ ၃၆ရန်၇၇၀ ယောက် ဖြစ်သော်လည်း နေရာချထားပေးနိုင်တဲ့ ဦးရေက ရပ်ကွက်ကျေးရွာ ကောင်စီဝင်နေရာ ၁၆၆၇၆၃ နေရာ မြို့နယ်ကောင်စီဝင်နေရာ ၂၂၇၅၀ ပြည်နယ်နှင့် တိုင်းကောင်စီဝင်နေရာ ၉၇၆ နေရာလွှတ်တော်ကိုယ်စားလှယ်နေရာ ၄၇၅ နေရာသာ ရှိတဲ့အတွက် ‘နှစ်ဆောင်ပြိုင်အိမ်ကြီး သမီးက တစ်ကောင် သားမက်က သောင်းခြောက်ထောင် တစ်ကောင်လျှင် ခြောက်ပြား’ ဆိုတဲ့ ဒိုးပတ် သီချင်းတေးသွားပုံစံ ဖြစ်လာပြန်သည်။

တသက်လုံးမသိသည့် မဝါဒလမ်းစဉ် သဘောတရားကို ယုံကြည်မှုအလျှင်းမရှိသော ပြုရှိကရက် အစုတ်အပဲ့များကလဲ အတင်းအဓမ္မ မဆလထဲဝင်တိုးကြပြီး ခိုးရမယ့်နေရာမှာ အလုပ် သမားအစည်းအရုံးထဲ ပါတီကောင်စီထဲဝင် နေရာယူ၊ ဥက္ကဋ္ဌ အဘွင်းရေးမှူး အီးစီလုပ်၊ ဌာနဆိုင်ရာကသူကို ပြောင်းလို့ရွှေ့လို့ မရ၊ စားဝမှဌာနပြန်၊ စားပေါက်ချောင်ခဲ့သူများ အနန္တ၊

ဒီလိုနဲ့ ပါတီကောင်စီထဲမှာ လူထုကိုယ်စားလှယ် အမည်ခံရုံ ဝင်ပါပြီး ‘ကောင်းထွေမြက်လေး အရှင်မွေးက နှိုင်းသွေးမကြိုး နေ့ခြင်းကြီး၏’ ဆိုသလို နေ့ခြင်းညခြင်း ဒီရေအလား စီးပွား လဲဖြစ် အပျော်မယားချစ်သူများ ပေါ်ပေါက်ခဲ့တယ်။

‘အအထစ်ထစ် စက္ကဝါရိုက်ခြန်း တစ်ကိုယ်လုံးတွင် အမိုက်ဆုံးဖြစ်စေတော့ မညစ်သည့်အရောင် တစ်ခေတ်မှာ ပြောင်အောင် စောင်စောင်မမ ဥက္ကဋ္ဌက စောင့်မကြည့်ရှု တစ်ခုခုနှင့် ပြုစုလိမ့်မည်’။

ဆိုတဲ့စကားလို အဖျင်းတကာ့မောင်မင်းတွေလဲ ချက်ခြင်းတိုက် ဆောက်ကားစီး ဟီးဟီးဟားဟား စီးပွားဖြစ်ခဲ့ကြလို့—

Alfred Edward Housman 1859 /1936

ရဲ့အောက်ပါကဗျာကို ပြန်လည်သတိရစေတယ်၊

Think no more lad; laugh, bejolly:
Why should men make haste to die?
Empty heads and tongues a-talking
Make the rough road easy walking,

တခါ ကြတော့လဲ စားရင်းဝါးရင်း ဟားရင်းနဲ့
‘မီးနှယ်လောင်ဖျက် အရှင်မျက်က
ပျက်ပျက်စီးစီး နေ့ခြင်းပြီး၏’။

ဆိုသလို မလောင်မီးကျရတယ်၊ ဒီလိုနဲ့ ဘက်နေဖွင်းဖျင်း၊ နကင်း လူထု တို့ဘက်တုကျတူဖြစ်ရတာတွေလဲ အနန္တပဲ၊ ဒီလိုနဲ့ မဆလ ပါတီထဲမှာ ရှုပ်ရင်း ရှင်းရင်းဖြစ်လာတယ်၊ သူတက်ငါဆင်း လူ့ခေါင်းငါနင်း ဖြစ်လာတယ်။

* **၅၅၅၅**

တစ်ယောက်ကိုဖြုတ်
တစ်ယောက်ထုတ်
အလုပ်ရှုပ်တယ်မင်း၊
အစား ထိုးရွေး
မဆုံးသေး
ရင်အေးဘွယ် မရှင်း၊
မကြိုက်ဖြုတ်လိုက်

---

* **ရှုပ်ရင်း ရှင်းရင်း**

ထောင်ပို့လိုက်
အမှိုက်တစ်သိုက်ရှင်း၊
ရှုပ်ရင်းရှင်းရင်း
ဖြုတ်ထုတ်ခြင်း
နှုးခြင်းနှမ်းခြင်း ရှုပ်ပွေခြင်း၊ ၊
အရှုပ်မရှင်း
ရှုပ်မရှင်း
ရှုပ်ခြင်းမက
ရှုပ်လို့ပွ၊
ပွပွပွေလီ
ရှုပ်ထွေးပြီ
ဝါဒတလည်
ရှုပ်နေပြီ၊
ပွေပွေလီလီ
သူ့ဝါဒီ
ဘယ်ဟာအတည် ယူရမည်၊
သင်ရာပြောတာ
ဝါသနာ
အများသူငါ နားလည်ပါ။ ။

ဆိုသည့်သျှင်ရဲလှ၏ 'ရှုပ်ရင်းရှင်းရင်း' ကဗျာလို မဆလပါတီတွင်း ရှုပ်ထွေးခြင်းဖြစ်လာတယ်၊ ရှုပ်တယ်ဆိုရာမှာလဲ ငွေရှုပ် မိန်းမရှုပ် ဝိဝါဒရှုပ် သဘောတရားရှုပ် အကုန်ရှုပ်လာသည်။

ဖြုတ်ထုတ်ခြင်း ထောင်ထဲ့ခြင်းစတဲ့ နည်းတွေနဲ့ ရှင်းသော်လဲ ရှေ့ရှင်းနောက်ရှုပ် ဗရုတ်ဗရုတ် ဖြစ်လာသည်။ ဦးနေဝင်းပဲ့ထောင် အယောင်ဆောင် ဆိုရှယ်လစ်ဖြစ်လို့ ဘယ်လိုပဲရှင်းရှင်း လင်းသွားတယ်ဆိုတာ မရှိပါဘူး။

'* ဝါသနာစရိုက် တကျလိုက် လူမိုက်တစ်သိုက် ရှင်းထုတ်လိုက်'သော်လဲ ရှုပ်မဆုံး ရှင်းမဆုံး၊ ရှင်းရင်းရှုပ်ရင်းနဲ့ပဲ မဆလခေတ် နိဂုံးချုပ်သွားရတယ်။

၁၉၇၀ ခုနှစ် ဥပဒေအမှတ် ၄၊ တာဝန်မှုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ Coming in and Going out ဥပဒေဆိုတာ ပြဌာန်းပြီး 'မဆလ အမှိုက်ပုံးလူထု အောနှလုံး' ဖြစ်သွားသူများမှာ–

အမည်	မဲဆန္ဒနယ်	နိုင်ငံတော်ကောင်စီ ကြေငြာချက်အမှတ်
ဦး[illegible]းမြင့်	ခရမ်း(၂)	၆၆/၁၉၇၅
ဦးချစ်ခင်	ကျုံ့ပျော်(၁)	၆၆/၁၉၇၅
ဦးစောညွန့်	မာန်အောင်	၆၆/၁၉၇၅
ဦးစန်ဝင်း	ပေါင်းတည်(၂)	၂၁/၁၉၇၆
ဦးသန်းညွန့်	ရေကြည်(၂)	၂၂/၁၉၇၆
ဦးစံသာ	မြင်းခြံ(၂)	၂၄/၁၉၇၆
ဗိုလ်ချုပ်တင်ဦး	ပုသိမ်အနောက်(၁)	၂၉/၁၉၇၆
ဦးတိန့်လင်း	ပုဏ္ဏားကျွန်း	၄၀/၁၉၇၆

* ရှေးဘဝက အတိုင်ထွဲသည့်ကို ဝါသနာ၊ ယခုမျက်မှောက်ဘဝ ဖြစ်လေ့ဖြစ်ထရှိသည်က စရိုက်။

အမည်	မဲဆန္ဒနယ်	နိုင်ငံတော်ကောင်စီ ကြေငြာချက်အမှတ်
ဦးလှမြင့်	နေ့ာင်ချို	၄၁/၁၉၇၆
စပ်ငွေသောင်း	ကယား	၄၂/၁၉၇၆
ဦးသိန်းညွန့်	ချောက်(၁)	၄၇/၁၉၇၆
ကာနယ်လှဖေ	ကွတ်ခိုင်(၂)	၇၄/၁၉၇၆
ဦးဘထွေး	ဘူးသီးတောင်(၂)	၇၉/၁၉၇၆
ဦးချစ်မောင်	သာယာဝတီ(၂)	၈၁/၁၉၇၆
ဦးထွန်းရင်	လက်ပံတန်း(၁)	၈၂/၁၉၆၇
ဦးထင်ကျော်		၅/၁၉၇၉
ဗိုလ်ချုပ်ဝမ်းတင်(ဟသ်္သာ)ပြည်(၁)		၁၄/၁၉၈၀
မောင်လွင်	မော်လမြိုင်(၁)	၅၂/၁၉၈၀
ဦးခင်ငြိမ်း	လပွတ္တာ(၁)	၅၃/၁၉၈၀
ဦးခင်မောင်တည်		၃၉/၁၉၈၁
ဦးထွန်းကြည်	ခိုးမိတ်	၄၆/၁၉၈၁
စိုင်းဖိုးစိန်	မောက်မယ်	၄၇/၁၉၈၁
ဦးမြင့်ဆွေ	နတ်မောက်	၄၈/၁၉၈၁
ဦးဘဖေ	ရမ်းဗြဲ	၇၂/၁၉၈၁
မောင်ဝင်း		၇၈/၁၉၈၁
ဦးအောင်သိန်း	ဘုတ်ပြင်း	၈၂/၁၉၈၁
စိုင်းဝဏ္ဏ	ကျေးသီး	၅၇/၁၉၈၂
ဗိုလ်မှူးချုပ်တင်ဦး	မုဒုံ(၁)	၅၆/၁၉၈၃
ဗိုလ်မှူးကြီးအုန်း	ကျိုက်လတ်	၅၇/၁၉၈၃
		၆၄/၁၉၈၃
ဗွန်စံလှိုင်		၅၉/၁၉၈၃
ဗိုလ်ချုပ်တင်စိန်	ကွမ်းခြံကုန်း	၇၈/၁၉၈၃
ဦးစိုးသင်	သားဝယ်(၂)	၇၁/၁၉၈၃
ဗိုလ်ချုပ်မျိုးအောင်	ဒဂုံ	၇၂/၁၉၈၃
ဗိုလ်မှူးကြီးကျော်ညွန့်	မော်လမြိုင်(၁)	၇၃/၁၉၈၃
ဦးခင်မောင်ရီ		၁၀၄/၁၉၈၃
ဓောအောင်ထူး	ဖားပွန်	၁၀၆/၁၉၈၃
ဦးဘချစ်		၁၂၂/၁၉၈၃
အင်ခွန်နော်	မိုင်းယန်း	၄၉/၁၉၈၄
ကေဘသောင်း		၂၈/၁၉၈၅
ဗိုလ်မှူးကြီးလှမော်	တောင်ကြီး(၁)	၁၉/၁၉၈၇
ဗိုလ်မှူးကြီးသိန်းဆိုင်	နေ့ာင်ချို	၂၀/၁၉၈၇
ဦးသက်ရှည်	မိုင်းမော	၂၄/၁၉၈၇
စိန်ခေါ်းခိုင်	ဖလမ်း	၃၅/၁၉၈၇
ဗိုလ်မှူးသန်းဆွေ	ပုလဲ(၂)	၆၇/၁၉၈၇
ဗိုလ်မှူးကြီးတင်လှိုင်	မြေထဲ	၃၈/၁၉၈၈
ဗိုလ်မှူးကြီး အောင်မြင့်ဘော်	တာမွေ	၃၉/၁၉၈၈
ဗိုလ်မှူးကြီး မောင်လှ	သရက်	၄၀/၁၉၈၈
ဦးသိန်းထွန်း	လှည်းကူး	၄၁/၁၉၈၈
စိုင်းအိုက်ကျော်	ဆယ်	၄၂/၁၉၈၈
ဒေါက်တာလှမြင့်	မတ္တရာ(၂)	၇၁/၁၉၈၈
ဗိုလ်ချုပ်မင်းခေါင်	ပုသိမ်ကြီး(၂)	၈၅/၁၉၈၈
ဦးမောင်မောင်ခ	လှိုင်	၈၇/၁၉၈၈
ဦးမြင့်မောင်	မကွေး(၂)	၈၈/၁၉၈၈
ဦးစိန်သွင်	မော်လမြိုင်(၁)	၁၀၈/၁၉၈၈

တစ်ချို့ကြတော့လဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၇၇ (က
အရ အချိုးမမှန် ဖိုးမတန်ယူ သတ်မှတ်ဖယ်ထုတ်ခံရသူများ
ရှိရာ ဥပမာ သနပ္ပင်မဲဆန္ဒနယ်မှ ဦးဟင်အေး၊ ကျုံပျော်
သူရကျော်ထင်၊ မဒါက်တာညီညီ၊ မဆလဝါဒဆိုးအကျွ
ပြည်သူ့ဘဏ္ဍာကို အောတိုက်သုံးပြကြသည်။

၁၉၆၃-၆၄ ဘဏ္ဍာနှစ်မှ ၁၉၇၀-၇၁ ဘဏ္ဍာနှစ်အထိ ရှ
နှစ်ကာလအတွင်း ပါတီ ကောင်စီတို့အတွက် တိုင်းပြည်ဘဏ္ဍာ
ငွေမှ သာမန်အသုံးစရိတ်ငွေ ကျပ် ၁၅၃၂၂၅၅၉၀ ကျပ် ငွေလ
ငွေရင်း အသုံးစရိတ် ၂၁၀၃၀၃၀၇ ကျပ် နှစ်ရပ်ပေါင်းသုံးစွဲ
၁၇၅၀၆၃၀၉၇ ကျပ် စားသုံးခဲ့ကြသည်။

‘‘ဥပဒေနှင့် အညီ’’

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်တွင် နိုင
ရေးအရ ဦးဆောင်မှုပေးနေသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစ
ပါတီသည် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်စေရေးအလို့
ယင်းပါတီအတွက် လိုအပ်မည့် ထောက်ပံ့ငွေများကို နိုင်ငံတေ
ကပင် တာဝန်ယူရန် လိုအပ်ပါသည်။

ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား နိုင်ငံတေ
ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ ထုတ်ပေးနိုင်ရေးအလို့ငှာ ပြ
သူ့လွှတ်တော်သည် အောက်တွင်ဖော်ပြထားသော ဥပဒေ
ပြဋ္ဌာန်းလိုက်သည်လို့ ဖော်ပြပြီး ‘‘ဥပဒေနှင့်အညီ’’ ‘‘ဥပ
အရ’’ မဆလတို့ ပြည်သူ့ဘဏ္ဍာငွေမှ ထောက်ပံ့ကြေး
တယ်၊ ဆင်သတ်အရပ်ပေခြင်းပဲ၊ ဒီလိုနဲ့ ၁၇၆၄-၇၅ ဘဏ္ဍ
နှစ်မှစပြီး နှစ်စဉ် သိန်းခြောက်ရာသုံးတယ်။

ထောက်ခံမဲ ၄၃၅၊ ကန့်ကွက်မဲ ၉ မဲ၊တစ်နှစ်သိန်းခြောက်ရာ
သုံးတာ မလောက်ဘူးဆိုတယ် ‘‘သုံးရင်းဖြုန်းရင်း ငွေလိုရင်း’’
ဖြစ်လာသဖြင့် ၁၉၈၁ ခုနှစ် ဥပဒေအမှတ် ၄ ပြဋ္ဌာန်းပြီး
၁၉၈၂ ခုနှစ်ပြတစ်လမှစ၍ မဆလပါတီအတွက် ငွေကျပ်သိန်းရှစ်ရာ
သုံးခွင့်ပြုတယ်၊ဒီလိုတနှစ်သိန်းခြောက်ရာသုံးတာကို နောက်ထပ်
သိန်းနှစ်ရာပိုတိုးပေးတာကို လွှတ်တော်မှာ ၉ မဲကန့်ကွက်မဲရှိ
တယ်လို့ဆိုသည်။

ဒီလိုနဲ့ မဆလပါတီအနေနှင့် တနေ့ကိုငွေကျပ် ၂၁၉၁၇၈
ကျပ်နှင့် ၀၈ ပြား သုံးစွဲခဲ့တယ်၊ ပျမ်းမျှတစ်နေ့ကို ပြည်သူ့
ဘဏ္ဍာငွေကျပ် နှစ်သိန်းနှစ်သောင်းခန့် သုံးစွဲနိုင်တဲ့ ဝိသေသ
ခြောက်တဲ့ ပါတီဖြစ်လာတယ်၊

ဒါကြောင့် ၁၉၆၅ ခု ဧပြီလ ၃၀ ရက်နေ့ ရန်ကုန်တက္ကသိုလ်
ကျွန်းသဘင်အခန်းအနားတွင် ကျင်းပသော အလုပ်သမားနေ
ကြိုနိုးနေ့ဖလှယ်ပွဲတွင်–မြန်မာနိုင်ငံမှာ ကျွန်တော်တို့ လူဖြစ်
ရတာ အင်မတန်ကုသိုလ်ကောင်းတယ်’’လို့ လမ်းစဉ်ပါတီဥက္ကဋ္ဌ
ကြီးကဝမ်းမြောက်ဝမ်းသာဥဒါန်းကျူးရင့်ခဲ့ခြင်း ဖြစ်ပေသည်။

တ်းဂီတဆို ဖားမယ်ရို

၁၉၇၉ ခုနှစ်တွင် ဗိုလ်ကလေးတင့်အောင် ဥက္ကဋ္ဌ၊ တက္ကသိုလ်
ောင်ဘုန်း(ခ)ဦးအောင်ကြည်နှင့် ဦးအောင်ကိုး ဒုဥက္ကဋ္ဌများ၊
ိုလွင်မြင့် အတွင်းရေးမှူး၊ ရွှေမြို့င်နှင်းသုနေ(ဦးအောင်သင်း)
န်ကင်းကိုကိုလေး၊ ပျဉ်းမနားမြင့်လှိုင်၊ ညွှန့်ညွှန့်စိန်၊ ဦးလေး
အောင်၊ ဘင်ဦးလေး၊ စန္ဒရားကိုတင်လှ၊ ကိုမြင့်ငွေ၊ ကိုမျိုး
သောင်းတို့ပါဝင်သော ဂီတကောင်စီ စည်းရုံးရေးကော်မတီဆို
ာ ပေါ်လာပြန်တယ်။

ခိုင်းလိမ်ခိုင်းညာ စာရေးဆရာ

နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများကို မဆလတို့လက်ဝယ် ပိုင်ပိုင်ရခဲ့ပြ ဆိုရှယ်လစ်ဒီမိုကရေစီ ဟန်ပြနိုင်ဖို့ မဆလလဲဖွဲ့ခဲ့ပြီ၊ နောက်ထပ်ဘာ လိုသေးသလဲ၊ ဒီလိုနိုင်ငံတော်အာဏာရယူခဲ့ပြီး ထင်တိုင်းကြဲ တဲ့ အနေအထားမျိုး မအာလကာ်ရခဲ့သော်လဲပဲ၊ မဆလတို့လုပ်သ ကောင်းပါ့ မှန်ပါ့ ဟုတ်ပါ့လို့ ခိုင်းလိမ်ခိုင်းညာပေးမယ့် အ အစည်းလိုသဖြင့်၊ ၁၉၆၆ ခု ဒီဇင်ဘာလ ၀ ရက်နေ့တ အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော စာပေလုပ်သားအဖွဲ့ ဖြစ်မြေ ရေး ကော်မတီကိုဖွဲ့ပြီး ၁၉၇၆ ခု ဇွန်လ ၂၃ ရက်နေ့ စာပေလုပ်သား စည်းရုံးရေးကော်မတီ ဖွဲ့စည်းရာတွင် ပါဝင် များက မန်းတင်၊ ထင်ကြီး၊ ဇဂနီစန်းဇွေ၊ သာဂရစိုး၊ ထင်ဖ တက်တိုး၊ ချမ်းမြ (မြတ်ကေတု)၊ မောင်ဧမောင်ကြီး (ဒဂုန်နတ်ရှ တင်မြင့် (ယခါ) ကျော်ဆွေ (မင်းကျော်) ကိုလှမြင့်၊ ကို မရီကြိန်၊ ရင်ရင်(စောမုံညင်း) ထင်အုန်း၊ သိုက်ထွန်း စသ ဖြစ်တယ်၊

ဒီလိုနဲ့ ''ခိုင်းလိမ်ခိုင်းညာ စာရေးဆရာ အဖွဲ့'' ပေ ပေါက်လာခြင်းတယ်၊ ''မြေခွေးကြီးနက်၊ မိုက်ခေါင်ပျက် ရောရှက်ကြသည်ဖြ၊ နတ်အမူဖြင့် လိုက်ဆန္ဒ၊ မြောက်ဆိုကြ ဘာလချင်းချင်း၊ ငြိမ်းမွမ်းခြင်း'' လုပ်ဖို့ရဲ့တဲ့ အဖွဲ့ဖြစ်တယ်။ ယွင်းသောအသိ၊ လွဲမှားသောအယူအဆ၊ မမှန်ကန်သော သ တရားများကို စာရေးသူ များက ရှင်းဘို့တဒင်္ဂ ကိုယ်ကျိုးအာ အာဏာရ မဆလကိုမြှောက်ထိုးပင့်ကော်လုပ်ခဲ့ခြင်းဖြင့် ပြည် အကျိုးစီးပွားကို မျက်ကွယ်ပြုခဲ့တယ်။

''ကိုယ်ကျိုးကိုဖန် လိမ်ညာသ'' ပေးခဲ့သူများ **in praise of folly** အရည်အတွက်က၊ ၁၉၇၀ ခု ဧပြီလ ကမ္ဘာအေး မှာ ကျင်းပသော ပထမအကြိမ် စာပေညီလာခံအချိန်က စာရေး စားသူ ၂၃၇၇ ယောက်နှင့် သတင်းစာလုပ်ငန်းနှင့် အသက် မွေးသူ ၇၆၇ ယောက် စုစုပေါင်း ၃၁၄၅ ယောက်၊ ၁၉၈၄ ခုနှစ် ကျိုက္ကဆံကွင်းမှာ ကျင်းပခဲ့သော ဒုတိယအကြိမ် စာပေ ညီလာခံတွင် စာရေးစားသူ ဦးရေ ၃၂၁၃ ယောက်၊ သတင်း လုပ်ငန်းနှင့် အသက်မွေးသူ ၁၀၄၄ ယောက် စုစုပေါင်း ၄၂၅၇ ယောက်၊ တတိယအကြိမ် စာပေညီလာခံကာလတွင် စာရေးစား သူ ၃၄၂၅ ယောက်၊ သတင်းစာလောကမှ ၈၀၆ စုစုပေါင်း ၄၂၃၁ ယောက်ဖြစ်တယ်၊ တတိယအကြိမ် စာပေညီလာခံကာ လအတွက် အောက်ပါ ဗဟိုဦးစီးအဖွဲ့ဝင်တွေ ရွေးခဲ့တယ်။

အလိမ်အညာစာရေးဆရာ ငရဲကျွန်ထမ်းသွားရမှာ

* လူတို့ရွာတွင်သင်ရှိစဉ်က
တိုင်းခွပ်ပြည်သူ လူသူလေးပါး
အားတွေးမှားအောင်
ဘာများသင်လုပ်ခဲ့သနည်း ?၊
ငရဲရှစ်ထပ်အရပ်ရပ်တွင်
နှစ်ပေါင်းကျော်မော်
တန်းတော်ရောင်သင်း
ငရဲမင်း
ရှင်းလိုသည်မှာလူတို့ရွာတွင်

---

* တက္ကသိုလ်မင်းမော်၏ ငရဲမင်းနှင့် တွေ့ဆုံခန်း လုပ် သားပြည်သူ့နေ့စဉ် ၃၀၊၉၊၁၉၇၀။

မုသာဝါဒါဝါဗလာစချာကို
တာတာတီတီစကားသီ၍
ပလီပလာအသံရှာ၍
ကဗျာစပ်ခဲ့မိပါသည်၊
ငရဲခွာသို့
ရောက်လာချောက်ချား
ထိုလူသား၏
စကားအဖြေကြားရလေသော်
သေရွာသနင်း ငရဲမင်းလည်း
သင်းကျစ်ကိုရွတ် ခေါင်းကိုပွတ်၍
ကျွတ်ကျွင်းကျွတ်ကျွတ်
စုပ်လည်းသပ်၍
ဆုံးဖြတ်ခြင်းငှာမတတ်သာပြီ
သင့်မှာဖြစ်ချက်များလှ၏ တဲ့။ ။

စာပေလုပ်သားသတိထား

ဟာရိုဒိုတပ်သမိုင်းမှတ်သည့်*
မပြတ်အစဉ်ပညာရှင်တို့
ခေတ်စဉ်ဖြစ်ကြောင်း သမိုင်းကြောင်းကို
ကလောင်သွေးမှု မှတ်တမ်းပြု၏၊
လူ့သမိုင်းကြောင်း မှတ်တမ်းကောင်းကို
အကောင်းဆိုလျှင် အကောင်းမြင်၍
မကောင်းပါလျှင် မကောင်းပင်လို့

* Father of History–Herodotus. Greek historian of 5th century B.C.i.e. 48[illegible] B.C.–425 B.C.

မှန်လျှင်မှန်ကြောင်း အမှားပေါင်းကို
အကြောင်းပကတိ သမာဓိဖြင့်
တိတိကျကျ ဆန္ဒမပါ ရေးသားရာ၏၊
သမိုင်းလမ်းစဉ် မှားကြောင်းမြင်လျက်
ငါယှဉ်ကိုယ်ကျိုး အတ္တဆိုးကြောင့်
အဆိုမကောင်း မမှန်ကြောင်းကို
အကောင်းလို့ပင် ဖြီးဖါးလျှင်မူ
ခေါင်းနှင့်ကိုယ်ပြတ် ဇီဝိန်ရုပ်မည်
ဘပတ်သမိုင်းလည်လိမ့်မည်
မပြတ်ဝုန်းဒိုင်း ဆော်လိမ့်မည်
ခွေးတူပုံနှိုင်းအော်ရမည်။ ။

''ချင်ရဲလှ''

စာပေလုပ်သားယောင်ဝါးဝါးတို့ နှလုံးသွင်းသင့်သော ပဌမ ခတ္တသုတ်၊

အကြင်သူသည် ကဲ့ရဲ့ထိုက်သောသူကို ချီးမွမ်း၏၊ အကြင်သူသည် ချီးမွမ်းထိုက်သူကို ကဲ့ရဲ့၏၊ ထိုသူသည် နှုတ်ဖြင့် အပြစ်ကိုဆည်းပူးသည်မည်၏၊ ထိုအပြစ်ကြောင့် ချမ်းသာကိုမရနိုင်၊ ဉာဏ်ဖြင့်မစီစစ်မသက်ဝင်ပဲ ဂုဏ်မထိုက်သောသူ၏ ဂုဏ်ကိုပြောဆို၏၊ ဉာဏ်ဖြင့်မစီစစ်မသက်ဝင်ပဲ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။

ဤသို့ဖြင့် မိုက်မဲသောမလိမ္မာသောသူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သည် မိမိကိုယ်ကိုစောင့်ရှောက်နေသူမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ကဲ့ရဲ့ စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်းတိုးပွားစေသည်မည်၏။

ဒုတိယကောက်ကာလိကသုတ်

အကြင်သူမိုက်သည် ကံ့ရဲ့ ထိုက်သောသူကို ချီးမွမ်းတောပန ပြု၏။ ချီးမွမ်းခြင်းငှါထိုက်သောအကြင်သူသည်ရှိ၏၊ ထိုသူကို မူကား ကဲ့ရဲ့ရှုံ့ချ၏၊ ထိုသူသည် မကောင်းယုတ်မာဆိုးဝါးစွာ သော အပြစ်တို့ခံတွင်းဖြင့် ရွေးချယ်သည်မည်၏၊ ထိုသူမိုက် သည်ထိုမကောင်းသောအပြစ်ကြောင့် ချမ်းသာကိုမရနိုင်၊

အင်အားစုထား အားလေးအား၊

ကျွန်ုပ်တော်တို့ **အား** ဟာ ကျွန်တော်တို့ တိုင်းပြည်ထဲမှာရှိ မယ်၊ ကျွန်တော်တို့အင် **အား** ကို ကျွန်တော်တို့တိုင်းပြည်ထဲက စုရမယ်၊ ကျွန်တော်တို့ အထဲမှရတဲ့ **အား** မှသာ ဘယ်တော့ မပျောက်ပျက်နိုင်တဲ့ **အား** အပြင်က ပေးတယ်ဆိုတာ သူ အကြောင်းကြောင့်ပေးတာဖြစ်တယ်လို့ ၁၉၆၃ ခုနှစ်မှ ဧပြီ ၂ ရက်နေ့ ကျင်းပသော ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ နှစ်ပတ်လည်အစည်းအဝေးတွင်ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း က ပြောခဲ့သော်လဲ ချေးငှါးခြင်းနဲ့စတဲ့ မဆလ ချေးငှါးခြင်းနဲ့ နိဂုံးချုပ်ရတယ်။

"လူထုမရပါ၊ ပေးကမ်းပါ"

ချေးပါတဲ့ ကမ်းပါ
နိုင်ငံတကာတွေမှ
ငွေဒေါ်လာရတဲ့အရေး
ချေးရပြန်တာ

ချေးပါဗျာ * အီကီဒါ
လိုတာကငွေခဲ
ကိုယ်ထူကိုယ်ထတို့ရေး
ဝေး၏အမြဲ
ကိုယ်ကျိုးနော်
မကောင်းတဲ့စိတ်ထား
တိုင်းပြည်ပေါ်လိမ်ညာ၍
ဘဏ္ဍာငွေရေလိုသုံးတယ်
လုပ်ကြပုံများ၊ ၊

သျှင်ရဲလှ

ဥစ္စာဟူသည်မျက်လှည့်မျိုး

"ဘော်လုပ်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးရှိ လုပ်သားပြည် သူများပေါင်းတို့၏ ဘဝကိုမြှင့်တင်ရန်အတွက် လိုအပ်သည့် လုပ် ငန်းအသီးသီးကို ဆောင်ရွက်လျက်ရှိသည်၊ ဤလုပ်ငန်းများသည် လုပ်သားပြည်သူတို့ကို အကျိုးပြုသော်လည်း ခေါင်းပုံဖြတ် သမားအမြတ်ကြီးစားတို့ကို အကျိုးမပြုသဖြင့် ၎င်းတို့၏ ဆန့် ကျင်မှုကို နေ့စဉ်နှင့်အမျှ ခံရလျက်ရှိသည်၊

နိုင်ငံခြားသားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးကို ချုပ်ချယ်နိုင်စေရန်

---

* Hayato Ikeda. b. 1899. d.13 Aug. 1965 P.M. of Japan, July 1960– oct. 1964. P.M. after Nobusuke Kishi

ရည်ရွယ်၍ဘဏ်လုပ်ငန်းကို * ပြည်သူပိုင်လုပ်ခဲ့စဉ်က တိုင်းရ
သား နှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင် အမြောက်အများသ
ဘဏ်များတွင် ၎င်းတို့ အပ်နှံထားသော ငွေများကို ပြန်လ
ထုတ်ယူ၍ ဘဏ်လုပ်ငန်း ပြည်သူပြုပိုင်လုပ်ခြင်းကို ဆန့်ကျ
ကြသည်။

နိုင်ငံခြားကုန်သွယ်ရေး လုပ်ငန်းကို ပြည်သူပိုင်
လုပ်သည့်အခါတွင်သော်လည်းကောင်း၊ လက်ကားဆိုင်ကြီးမျ
ကုန်ရုံကြီးများ ပွဲရုံကြီးများကို ပြည်သူပိုင်ပြုလုပ်သောအခါတွ
သော်လည်းကောင်း ဟိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရ
ကြေးရှင်များသည် ၎င်းတို့ ပုံထားသည့်ပစ္စည်းများကို အမြ
ငွေစက္ကူများဖြင့် လဲလှယ်ထားကြသည်။

ထိုငွေစက္ကူများဖြင့် လည်းကောင်း၊ ဘဏ်မှ ထုတ်ယူထာ
သည့် ငွေစက္ကူများဖြင့်လည်းကောင်း အခါအခွင့်ရလျှင် ရသ
ကုန်များကို ဈေးကစား၍ ရှက်ချည်းအမြတ်အများဆုံး ရယူ
လုပ်ကိုင်ကြပြန်သည်၊ အချို့သောသူများသည် နိုင်ငံခြားများ
ငွေစက္ကူများကို ခိုးထုတ်ခါ မတန်မဆ ဈေးဖြင့် နိုင်ငံခြ
ငွေစက္ကူများကို ဝယ်ယူကြသည်။ ဤသို့လျှင် ငွေစက္ကူများ
ကုန်ပစ္စည်းသဘွယ်လုပ်ကိုင်၍လာသည့် ငွေရှင်ကြေးရှင် လူတ
လက်ထဲတွင် တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေ
စက္ကူများစုပုံမိတော့သည်။

---

* ၁၉၆၃ ခုနှစ် ဘဏ်လုပ်ငန်းနိုင်ငံပိုင်ပြုလုပ်ရေး တချက်လွှတ်ဥပဒေ
အမှတ် ၁ ဖြင့် ၁၉၆၃ ဖေဖေါ်ဝါရီ ၂၄ ရက်နေ့တွင် တိုင်းရင်းသာ
ဘဏ် ၁၀ ခု၊ နိုင်ငံခြားသားပိုင်ဘဏ် ၁၄ ခု ပြည်သူပိုင်သိမ်း
၁၉၆၃ ဩဂုတ်မှ ဒီဇင်ဘာအတွင်း ဘဏ်အပ်ငွေ စာရင်းပိတ်
ငွေအားလုံးထုတ်ယူသူဦးရေမှာ ၇၅၅၀ ယောက်ဖြစ်သည်။

၎င်းငွေစက္ကူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွား
ရေးကို အမြောက်ကမ ဖြစ်စေအောင်၊ လုပ်သားပြည်သူတို့၏
သားသောက် နေထိုင်ရေးကို ကြပ်တည်းအောင်လုပ်မည့် ပစ္စည်း
များဖြစ်နေသည်၊ ထို့ကြောင့် ၎င်းငွေစက္ကူများ၏ အန္တရာယ်
ကိုဖျက်ရန်လိုအပ်လာပေသည်'' လို့ ၁၉၆၄ ခုနှစ် ကျပ်တစ်ရာ
တန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်
အဖြစ်မှရုပ်စဲသည့် ဥပဒေ၊ ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီ
ဥပဒေအမှတ် ၇ တွင် ဥပဒေရည်ရွယ်ချက်ကို ဖေါ်ပြပြီး ထိုစဉ်
အခါက ပြည်သူ့လက်ဝယ် လှည့်လည်သုံးစွဲနေသော ငွေကြေး
ပမာဏက ကျပ်ကုဋေ ၂၅၀ ဖြစ်ရာ ၎င်းအနက် ကျပ်ငါးဆယ်
တန် ငွေစက္ကူတန်ဘိုးက ၃၀၇၉၀၂၉၅၁ ကျပ် ကျပ်တစ်ရာတန်
ငွေစက္ကူတန်ဘိုးက ၈၉၂၆၂၃၃၀၀ ကျပ် နှစ်ရပ်ပေါင်း
၁၂၀၀၅၂၆၂၅၀ ကျပ်ကို တရားဝင်ငွေ အဖြစ်မှ ရုပ်စဲခဲ့တယ်။

၎င်းကျပ်ငါးဆယ်တန်နှင့် တစ်ရာတန်ငွေစက္ကူများ ပေးခဲ့သူ
စာရင်းက တိုင်းရင်းသား ၁၂၇၇၀၉၄ ယောက် တိုင်းရင်းသား
မဟုတ်သူ ၈၆၉၀၈ ယောက် စုစုပေါင်း ၁၃၆၄၀၀၂ ယောက်
ဖြစ်တယ်၊ ၎င်းတို့ အပ်နှံခဲ့တဲ့ ငွေစက္ကူတန်ဘိုးက ကျပ်
၉၁၅၈၄၉၈၀၀ ဖြစ်ပြီး ငွေစက္ကူပြန်မအပ်ပဲ တိမ်မြုပ်သွားတဲ့
ငွေက ၂၇၁၃၈၉၇၅၀ ကျပ်ဖြစ်ပါသည်။

''ဒီငွေတွေနဲ့ စီးပွားရေးရော၊ နိုင်ငံရေးရော ခါးစောင်းတင်
ပြီး ကျွန်တော်တို့တိုင်းပြည်ကို ဖျက်ဖို့လုပ်နေတဲ့ နိုင်ငံခြားသား
ရော တိုင်းပြည်ထဲကလူရော ကျွန်တော်တို့ အဲဒါ တချိန်ထဲအုပ်
ထည့်လိုက်တာပဲ''လို့ ဗိုလ်ချုပ်နေဝင်းက ပြောခဲ့သည်။

အလားတူ ၁၉၈၅ခု နိုဝင်ဘာလ ၃ ရက်နေ့ နေ့လည် ၁နာရီ
အချိန်တွင် ငွေစက္ကူများကို တရားမဝင် ကြေညာပြန်တယ်၊

၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄ ဖြင့် “ဥပဒေ နှင့်အညီ” ဆိုတာလုပ်ပြန်တယ်၊ ၁၉၇၇ ခု စက်တင်ဘာလ ၅ ရက် မနက် ၁၁ နာရီမှ နောက်ထပ် တစ်ကြိမ် တရားဝင်ငွေ အဖြစ်မှရုပ်သိမ်းပြီး၊ ပြည်သူ့ငွေကို သုံးကြိမ်သုံးခါ အဓမ္မယူခဲ့တယ်၊

မဆလတို့ အနေနှင့် ၎င်းတို့ကိုယ်တိုင် စိတ်တိုင်းကျ တဖက် သပ် ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါဝင်တဲ့ ပုဒ်မ ၁၆၁ ကို ၎င်းတို့ကိုယ်တိုင် ကျူးလွန်ဖောက်ဖျက်ခဲ့ခြင်းဖြစ်တယ်၊ Law makers are law breakers အခြေခံဥပဒေပုဒ်မ ၇၀ အရ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယု လက်မှတ်ထိုး ရမည့်အစား ပုံ စိန်လွင်လို လက်မှတ်ထိုးသဖြင့် တရားမဝင် ငွေ ကြေညာတဲ့ အမိန့်ဟာမူလကပဲပျက်ပြယ်တဲ့ အမိန့် ဖြစ်သည်။

ဤသို့ဖြင့်....

ပြည်သူ့ငွေဒါးပြတိုက်
အကြောင်ရိုက်ယူပုံ
ဆိုရှယ်လစ်အရေခြုံ
မယုံစရာပါလား
ဆိုရှယ်လစ်သဘောတရားချိုးပြီ
ကိုယ်ကျိုးဆီဦးဘည်သူများ၊

ငွေစက္ကူအမျိုးမျိုး
ဒါးမိုးလို့ယူပြီ
ဖွဲ့စည်းပုံ ဥပဒေသည်
အမည်သာကျန်ရှိ
ဒဏ်ပိတဲ့ ပြည်သူခမျာ
ဝမ်းတထွာ ခက်ခဲပါ၏၊

တရားမဝင်ကြေညာတာ
ပြည်သူမှာ ဒဏ်ပိလို့
မချိစိတ်ချင်မှာလှိုင်
ရှုမ်းပစ်လို့မှိုင်
ပြည်သူတို့အခြေယိုင်
ဘိုင်ဘိုင် မှိုင် မွဲတေတဲ့ဆေး။ ။
ဆိုသည့် သျှင်ရဲလှ၏ “ဘိုင်ဘိုင်မှိုင်” ပေါ်ထွက်လာပေသည်၊

စီးပွားရေးကဏ္ဍ တော်ပြတ်ကြ မဆလမှ * ပပပ

“ကျွန်တော်တို့ ရှေ့လုပ်ရမယ့် အစီအစဉ်ကတော့ ကျွန်တော် တို့ချထားတဲ့ မူဝါဒအရတိုင်းပြည်ထဲမှာ ပစ္စည်းပစ္စယစုဆောင်း ကာ တိုင်းပြည်ထဲမှာ ဖြန့်ဝေဟာ ဖြန့်ဖြူးတာတွေကို ကျွန် တော်တို့ အစိုးရကပဲ လုပ်မှာပဲ........တိုင်းပြည်က ပြည်ပကို ပစ္စည်းတင်ပို့ရောင်းတာနဲ့ အပြင်ကပစ္စည်း တင်သွင်းတာကိုလဲ ကျွန်တော်တို့အစိုးရပဲလုပ်မှာပဲ၊ ဒါကျွန်တော်တို့ရဲ့ပန်းတိုင်”လို့ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၃ ခု ဖေဖော်ဝါရီလ ၁၅ ရက် နေ့ တပ်မတော်ကပွဲရုံမှာ ပြောခဲ့တဲ့အတိုင်း အမိန့်ကြော်ငြာစာ ၅ နှင့် ၆ အရ ဆန္ဒမှန် ဂျင်းဘက် နံနံပင်ကအစ ပစ္စည်း အားလုံး မဆလအစိုးရက ချုပ်ကိုင်ခဲ့တဲ့အတွက် စီးပွားရေး ရောင်းဝယ်ရေးကဏ္ဍဟာစ်ခုလုံး ရှမ်းထိုးမှောက်ခုန်ကမှောက်ကမ ဘောက်တိဗောက်ထိုးဟိုက်စောက်ကျိုးနဲ့ဖြစ်လာခဲ့ပြီး poverty in the midst of plentyဆိုတဲ့စကားအတိုင်းပေါများပြီး ကြွယ်ဝသော နိုင်ငံမှ ငတ်ပြတ်မွဲတေသောနိုင်ငံသို့ ဆုတ်ယုတ် ကျဆင်းပြောင်းလဲလာခဲ့တယ်။

* ဖြစ်ဖြစ်မြန်နိုး/ကုန်စင်အောင်မြန်း

ဒီကြားထဲ ပြည်သူပိုင်လို့ဆိုပြန်တဲ့အတွက် when eve
body owes everything nobody will take ca
of anything ဆိုတဲ့စကားအတိုင်းပြည်သူ့ပိုင်ပစ္စည်းဆိုတ
ပစ္စည်းများကို မဆင်မခြင် ပစ်စလက်ခတ် ထားခြင်း၊ စည်း
ကမ်းမဲ့သုံးစွဲခြင်း စတဲ့ ဗရမ်းဗတာ ပြည်မသာဘူးဆိုတဲ့ ဇာ
လမ်းတွေကလဲ ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ၊ ဒီပြေ
မဆုံးပေါင် တောသုံးထောင်ဇာတ်လမ်းနမူနာအချို့ကအော
ပါအတိုင်းဖြစ်သည်၊

"အရင်းရှင် အရင်းရှင်း" ကြွေးကြော်သံ

အော်ဟစ်ပြီး ကွမ်းယာဆိုင်ကစပြီး သိမ်းယူခဲ့တာလဲရှိတ
ဒီလိုသိမ်းယူခဲ့ခြင်းအတွက် "မြန်မာနိုင်ငံကို ရာစုနှစ်တစ်စု
တစ်ဝက်နီးပါး လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ် ခြယ်လှယ်ခဲ့
သော စက်မှုလုပ်ငန်းကြီးများ၊ ဘဏ္ဍာနှင့် ကုန်သွယ်ရေးအရ
ရှင်ကြီးများ၊ မြေရှင်ကြီးများအား လူတန်းစားအနေဖြင့် မြ
မာ့လူ့ဘောင်အတွင်း မရှိရလေအောင် ဖျက်သိမ်းပြီးခဲ့လေပြီ
လို့ ဥဒါန်းကျူးရင့်ကြတယ်။

ဖြစ်ရပ်မှန်က ငွေကြေးတစ်မျိုးထဲကိုပဲ ခေါင်းပုံဖြတ်ကရိယ
အနေနှင့် ချယ်လှယ်နိုင်ခဲ့သူ အရင်းရှင် လူတန်းစားနေရာတ
လက်နက်၊ အာဏာ၊ ငွေ၊ သုံးမျိုးသုံးစား အသုံးပြုပြီး ချယ်လှ
နိုင်သူ မဆလလူတန်းစားသစ်က အစားဝင်ရောက်နေရာယူခဲ့ခြ
ဖြစ်တယ်၊

ငွေတစ်မျိုးတည်းကိုသာ ခေါင်းပုံဖြတ်ကရိယာအဖြစ် အသုံး
ပြုဆိုးနိုင်ခဲ့သူ ပိုက်ဆံဝါလား အရင်းရှင်များနေရာတွင်၊ လက်
နက်၊ အာဏာ၊ ငွေသုံးမျိုးသုံးပြီး သုံးဆဆိုးသော လူတန်းစ
သစ်က အစားထိုးဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်၊

ပြည်သူပိုင်သိမ်းပြီးနောက် ဆိုရှယ်လစ်စီးပွားရေး တည်
ဆောက်မှုကော်မတီ "ဆစတက" ဆိုတဲ့ စာလေးလုံးအဖွဲ့ ဖွဲ့ပြန်
တယ်၊ "ဆစတက" က စီးပွားရေးတစ်ခုလုံး ကမေ့ာက်ကမ
ပြုလုပ်သဖြင့် ၁၉၆၅ ခု၊ ဇွန်လ ၃၀ ရက်နေ့ ဆစတကကို
ဖျက်သိမ်းပြီး ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း "ပပက" ကို
ဖွဲ့ပြန်တယ်။

"ပပက" ကလဲ စီးပွားရေးပြေလည်အောင်မလုပ်နိုင်ပါဘူး၊
ကုန်ပို့လွှာမရောက်သေးဘူး၊ ကုန်ပို့လွှာရောက်ပြန်တော့ပစ္စည်း
မလာသေးဘူး၊ ပစ္စည်းရောက်ပြန်တော့ ဖွင့်ဖေါက်စစ်ဆေးရေး
အဖွဲ့မရှိရသေးဘူး၊ ပစ္စည်းရောက်သော်လဲ့ကော်ပိုရေးရှင်း ရုံးချုပ်
ညွှန်းမရောက်သေးဘူး၊ နလကကို တင်ပြထားဆဲစသည်
စသည်များကြောင့် ပပကပစ္စည်းများ သန်းချီပျောက်ဆုံး ပျက်
စီးတယ်၊

ဒါကြောင့် ပပကကို ပြည်သူလူထုက "ပြည်ပျက်ကိန်း"
ဆိုတဲ့ ဘွဲ့ချီးမြှင့်သည်၊ ၎င်းပပက ခေတ်မှာ "အိမ်ထောင်စု
ကော်မတီ" ဆိုတာကိုလည်း ဖွဲ့ပြန်ရာ ကောင်းတဲ့ design အဆင်
တန်း အထည်အလိပ်များကို ၎င်းအိမ်ထောင်စုကော်မတီများက
လက်ဝါးကြီးအုပ် ယူကြသဖြင့် အဆင်ကောင်းတဲ့ အစ ိုရင်
"ကော်မတီအဆင်" လို့ လူသိများတယ်၊

၎င်းပပကခေတ်မှာ ဒေသဆိုင်ရာ ဝယ်ယူရေး Local
Purchase ဆိုတဲ့ စားကွက်တစ်ကွက်ပေါ်လာပြီး ၎င်းlocal
Purchase ကို အကြောင်းပြုပြီး ပပကဆရာများ နိုင်ငံအနှံ့
ခရီးထွက်တိုင်းကျသွားလာဝယ်ခြမ်း ကိုယ်ကျိုးထွင်ကြသဖြင့် ပပက
ငွေများ သန်းချီပွ၍ နိုင်ငံတွင် သန်းချီရှုံးရတယ်၊ ဒီလိုနဲ့ပပက

ဟာ ပွဲတိုင်းကျော်လာသဖြင့် ၁၉၆၅ ခုနှစ် အောက်တိုဘာ
၁၈ ရက်နေ့ တော်လှန်ရေးကောင်စီ အမိန့်အမှတ် ၉၁ နဲ့ပယ်ဖျက်သိမ်းပြီး ကုန်သွယ်ရေးကောင်စီဆိုတာ ဖွဲ့ပြန်တယ်။

ခေါင်းကြီးကိုယ်သေး ကုန်သွယ်ရေး

ကုန်သွယ်ရေးကောင်စီနှင့်အတူ မွေးဖွားလာတာက ကုန်သွယ်ရေးကော်ပိုရေးရှင်း ၂၂ ခု ဖြစ်တယ်၊ ၁၉၆၇/၆၈ဘဏ္ဍာနှစ်တွင်ဝန်ထမ်းလစာ တစ်ခုတည်း၏ကုန်ကျငွေမှာ ၁၂၅ ကု
ဖြစ်ပြီး ၁၉၇၁/၇၁ နှစ်တွင် ဝန်ထမ်း လစာကုန်ကျစရိတ်
၁၈၅.၇၅ ကုဋေဖြစ်လာသည်။

ဒီလိုအမျိုးမျိုးဖွဲ့သော်လဲ ကုန်ပစ္စည်းတင်ပို့ရေးပိုင်းမှာ
သယ်ယူပို့ဆောင်ရေးလုပ်ငန်းက ,အဆင့်ဆင့် သယ်ယူပို့ဆော
ရေးစရိတ်ကလဲ အဆမတန်များ၊ ဝန်ဆောင်စရိတ်ကက
အချိန်ဟိုတိုနှင့် စားသုံးသူထံရောက်ဖို့ ဆိုတာဝေလာဝေး အ
အဖွက် အလေအလွင့် အဆုံးအရှုံးက အနန္တ ဖြစ်ရတယ်။

ဒီလိုနဲ့ကုန်သွယ်ရေးကော်ပိုရေးရှင်းဆိုတာဘာပစ္စည်းလိုပဲ
မေး ''မရှိ'' ဆိုတဲ့ ရောမအသွဲ့ကြီးဖြစ်လာပြီး၊ ၎င်းကုန်သွယ်
ဌာနတွင် မန်နေဂျာဝန်ထမ်းရာထူးမှာ လုပ်နေသူ ဦး
နှစ်ထောင်ခြောက်ရာ ကျော် ဖြစ်တယ်၊ ချိန်နှုန်းလစာ ၃
၂၅-၇၀၀ ပြန်တမ်းဝင်အရာရှိနှင့် ပုံသေလစာ ၁၆၀၀ကျပ်
မန်နေဂျာဝန်ထမ်းများက ကုန် သွယ် ရေး ဝန် ထမ်း ဦး
စုစုပေါင်းရဲ့ ငါးဆယ်ရာခိုင်နှုန်းဖြစ်သည်။

၁၉၆၄/၆၅ ဘဏ္ဍာနှစ်တွင် ရောင်းရငွေက ကျပ်
၄၉၀ ဖြစ်သော်လည်း ၁၉၇၂/၇၃ နှစ်တွင် ကျပ်ကုဋေ ၄

ဖြစ်တယ်၊ ၁၉၇၃/၇၄ ကုန်သွယ်မှုအလေအလွင့်က ငွေကျပ်
၁၆ ကုဋေ ကုန်သွယ်ဝန်ထမ်း ရှစ်သောင်းကျော် အတွက် နှစ်စဉ်
ကုန်ကျစရိတ်က ကုဋေ ၃၀ ကျော် ၁၉၇၂ ခုနှစ်တွင် သမိုင်း
ချည်မျှင်နှင့်အထည်စက်ရုံတွင် စုပုံပျက်စီး အဝတ်အထည်မျိုးစုံက
ကိုက် သိန်းသုံးဆယ်ကျော် ချည်မျိုးစုံကပေါင် နှစ်သိန်းကျော်
ပေါင်လေးသိန်းဖြစ်ပါသည်။

အစဉ်အလာ၊

၎င်းဌာနအသီးသီးတွင် စစ်ဘက်အရာရှိများ ထည့်သွင်းတဲ့
အစဉ်အလာအတိုင်း ၁၉၇၂ ခု မတ်လတွင် ဒုဗိုလ်မှူးကြီး
ထွန်းရှိန် ကြည်း ၅၃၃၁ စစ်ရေးချုပ်ရုံး၊ ဒုဗိုလ်မှူးကြီး
အောင်ညွန့် ကြည်း ၅၇၆၉ အမှတ် ၃၁၃ ဆက်သွယ်ရေး
တပ်ရင်း၊ ဒုဗိုလ်မှူးကြီး အောင်ဒင် ကြည်း ၅၉၄၂ အမှတ်၃
ကချင်တပ်ရင်း၊ ဒုဗိုလ်မှူးကြီး တင်ရွှေ ကြည်း ၅၈၉၇ အနောက်
မြောက်တိုင်း၊ ဒုတိယဗိုလ်မှူးကြီး သာနိုး ကြည်း ၆၁၈၈ ပင်မ
ယဉ်ဘိုလေ့ကျင့်ရေးတပ်၊ ဒုဗိုလ်မှူးကြီး မောင်ရှိန် ကြည်း ၆၃၅၇
၄၈ ခြေလျင်တပ်ရင်း၊ ဗိုလ်မှူး တင်အေး ကြည်း ၅၉၈၁
မှတ်တမ်းရုံး၊ ဗိုလ်မှူး ထွန်းအောင်ကျော် ကြည်း ၆၁၄၃
အနောက်မြောက်တိုင်း၊ ဗိုလ်မှူး ခင်မောင်လေး ကြည်း ၆၀၉၄
အမှတ် ၂ တင့်ကားတပ်ရင်း စသူတို့ကို ကုန်သွယ်ရေးဌာနသို့
ပို့ပြန်တယ်၊

ကုန်သွယ်ရေးအသုံးစရိတ်ကလဲ ၁၉၆၂/၆၃ ဘဏ္ဍာနှစ်က
၁၅၂ ကုဋေ ရှိရာမှ ၁၉၇၁/၇၂ ဘဏ္ဍာနှစ်တွင် ၂၉၅ ကုဋေ
အထိ တိုးတက်ဆိုးဝါးခဲ့တယ်။

အလားတူ ဌာနဆိုင်ရာများသို့ လွှဲပြောင်းထမ်းဆောင်
"အစဉ်အလာရှင်"များရဲ့ အချို့အဝက်စာရင်းက–

ဗိုလ်မှူးတင်မောင်ဝင်း ရေ/၁၁၆၉	ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်း
ဒုဗိုလ်မှူးကြီးအောင်ညွှန့် လေ/၁၀၂၄	လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
ဗိုလ်မှူးကြီးခင်မောင်ထွန်း ကြည်း/၅၇၇၀	ဆက်သွယ်ရေးဦးစီးဌာန
ဒုဗိုလ်မှူးကြီးဗိုလ်စိန် ကြည်း/၅၆၇၃	စစ်ဆေးရေးညွှန်ကြားမှု ဦးစီးဌာန
ဗိုလ်မှူးကြီးတင်စိုး ကြည်း/၃၆၀၂	ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကော်ပိုရေးရှင်း
ဒုဗိုလ်မှူးကြီး မောင်မောင်ညွှန့် လေ/၁၀၅၇	အမှုဆောင်ညွှန်ကြားရေးမှူး လေကြောင်း ပို့ဆောင်ရေး ကော်ပိုရေးရှင်း
ဒုဗိုလ်မှူးကြီးအုန်းမောင် ကြည်း/၅၃၁၂	ကုန်းလမ်းပို့ဆောင်ရေး ကော်ပိုရေးရှင်း
ဒုဗိုလ်မှူးကြီးဇော်ဝင်း ကြည်း/၄၀၁၈	ကြယ်ငါးပွင့်ကော်ပိုရေးရှင်း
ဗိုလ်မှူးလှဝင်း ရေ/၃၀၂၆	ရေကြောင်းပို့ဆောင်ရေး
ဗိုလ်မှူးရဲညွှန့် ရေ/၁၀၆၆	သင်္ဘောကျင်းကော်ပိုရေးရှင်း
ဒုဗိုလ်မှူးကြီးဘလှ	ကုန်သွယ်ရေး ၁
ဒုဗိုလ်မှူးကြီးခင်မောင်ကလေး	ကုန်သွယ်ရေး ၂
ဒုဗိုလ်မှူးကြီးကိုကိုကြီး	ကုန်သွယ်ရေး ၅
ဒုဗိုလ်မှူးကြီးအေးသိန်း	ကုန်သွယ်ရေး ၇

ဗိုလ်မှူးကြီးစိုးလှိုင်	ကုန်သွယ်ရေး ၉
ဗိုလ်မှူးသိန်းဟန်	ကုန်သွယ်ရေး ၁၀
ဒုဗိုလ်မှူးကြီးစိုးလွင်	ကုန်သွယ်ရေး ၁၂
ဗိုလ်မှူးတင်သိန်း	ကုန်သွယ်ရေး ၁၃
ဒုဗိုလ်မှူးကြီးတင်ဖေ	ကုန်သွယ်ရေးစစ်ဆေး ရေး ကော်ပိုရေးရှင်း ၂၁
ဗိုလ်မှူးကြီးဝင်းဖေ	ကုန်သွယ်ရေး ၂၂
ဗိုလ်ကြီးလှဖေ ကြည်း/၆၇၄၈	သစ်လုပ်ငန်းကော်ပိုရေးရှင်း
ဗိုလ်ကြီးအုန်းခိုင် ကြည်း/၇၁၂၇	〃
ဗိုလ်ကြီးလှရွှေ ကြည်း/၇၃၁၅	〃
ဗိုလ်ကြီးခင်ထွေး ကြည်း/၈၁၄၃	〃
ဗိုလ်ကြီးဖေါ်ကျွန်နော်ပါ ကြည်း/၇၅၂၂	〃
ဗိုလ်ကြီးကျော်စိန် ကြည်း/၇၉၀၇	〃
ဗိုလ်မှူးထွန်းအောင်ကျော် ကြည်း/၆၀၃၀	စက်မှုဝန်ကြီးဌာန
ဗိုလ်ကြီးမောင်မောင် ကြည်း/၆၃၀၄	〃
ဗိုလ်မှူးကြီးထွန်းရှိန်	ကုန်သွယ်ရေးဦးစီးဌာန
ဗိုလ်မှူးကြီးဟန်သိန်း	〃
ဗိုလ်မှူးကြီးသာနိုး	〃
အငြိမ်းစားဗိုလ်မှူးကြီး ကျော်	လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေး

အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးကျော်ဝင်း	ဒေသန္တရစက်မှုလက်မှု
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးသော်	။
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးလှမောင်	ကြွေထည်မြေထည်
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးကိုကိုကြည်	။
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးသိန်းမောင်	ဆေးဝါးနှင့် အိမ်သုံးပစ္စည်း
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးဘလွင်	ဒေသန္တရစက်မှုလက်မှု
အငြိမ်းစားဒုဗိုလ်မှူးကြီး ဦးချစ်အောင်	ဆေးဝါးနှင့် အိမ်သုံးပစ္စည်း

ဗိုလ်ချုပ်ဝန်ထမ်း စကားဆန်း

ဒီလိုနဲ့ ကုန်သွယ်ရေးကော်ပိုရေးရှင်း ၂၂ ဖွဲ့ကလဲ "ဘာဘာ" ၂၂ ဖွဲ့ ဖြစ်လာသဖြင့် ကုန်သွယ်ရေးဝန်ကြီး အမိန့်ကြော်ငြာစာအမှတ် ၂/၇၆ ဖြင့် ဆယ်ခုကိုဖျက်သိ တယ်၊ ဒါကြောင့် ဗိုလ်မှူးချုပ်တင်ဖေ လက်ထက် တပည့် အရ ဘုံးဘောလအော ခန့်ထားခဲ့သူများကို ဖယ်ရှား သဖြင့် "ဗိုလ်ချုပ်ဝန်ထမ်း" ဆိုတဲ့ ဝေါဟာရအဆန်း ပေါ် ပြန်တယ်။

လုပ်ငန်းအခြေဆိုးအသုံးစရိတ်တိုး

မဆလခေတ်မှာ ဘာလုပ်ငန်းမှ အောင်မြင်တယ်ဆို သော်လဲ အသုံးစရိတ်က တိုးလာဘယ်၊ ၁၉၆၂/၆၃ ဘဏ္

ငှ် အစိုးရဌာနများရဲ့ သာမန်အသုံးစရိတ်က ၃၄၇ ကုဋေ ်သော်လဲ ၁၉၇၁/၇၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၈၀ ကုဋေ ်လာသလို ၁၉၆၂/၆၃ ဘဏ္ဍာနှစ်က ငွေလုံးငွေရင်း အသုံး က် ၄၁ ကုဋေ ရှိနေရာမှ ၁၉၇၁/၇၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ကုဋေအထိ ပိုတိုး ပိုဆိုးလာတယ်၊

ါင်းပေါင်းပွပွငွေစက္ကူ

ပြည်သူအတွင်း လည်ပတ်သုံးစွဲနေသော ငွေကြေးပမာဏ ါင်းပွလာပြီး ငွေတန်ဖိုးကျ ကုန်ဈေးနှုန်းတက် လူတွေငတ် က်ကောင်းလာတယ်၊ လည်ပတ်နေသော ငွေကြေးပမာဏက ၉၅၃ ခုနှစ်တွင် ၅၁ ကုဋေ၊ ၁၉၅၄ နှစ်တွင် ၅၉ ကုဋေ၊ ၉၅၅ ခုနှစ် ၇၅ ကုဋေ၊ ၁၉၅၆ ခုနှစ် ၈၇ ကုဋေ၊ ၁၉၅၇ခုနှစ် ကုဋေ၊ ၁၉၅၈ ခုနှစ် ၈၈ ကုဋေ၊ ၁၉၅၉ ခုနှစ် ၁၀၇ ကုဋေ၊ ၁၉၆၀ စ် ၁၀၅ ကုဋေ၊ ၁၉၆၁ ခုနှစ် ၁၀၈ ကုဋေ၊ ၁၉၆၂ ခုနှစ် ၂၀ ကုဋေ၊ ၁၉၆၃ ခုနှစ် ၁၇၄ ကုဋေ၊ ၁၉၆၄ ခု၊ ၁၆၇ ဋေ၊ ၁၉၆၅ ခု ၁၉၄ ကုဋေ၊ ၁၉၆၆ ခု ၁၉၇ ကုဋေ၊ ၁၉၆၇ ၁၈၇ ကုဋေ၊ ၁၉၆၈ ခု ၁၈၄ ကုဋေ၊ ၁၉၆၉ ခုနှစ် ၁၉၇ ဋေ ဖြစ်တယ်၊ နောက်ဆုံး၁၉၈၇ ခုနှစ်မှာ ကျပ်ကုဋေ ၂၃၄၀ ျာ်အထိ များပြားလာခဲ့တယ်၊

ူ းရေးကော်မတီဖွဲ့ပြန်ပြီ

စီမံကိန်းဌာနဒုတိယဝန်ကြီး ဦးချစ်မောင်ဥက္ကဋ္ဌအဖြစ်ဆောင် ်ပြီး လမ်းစဉ်ပါတီကိုယ်စားလည် ဗိုလ်မှူး ခင်မောင်မြင့်၊ လုပ်သမားအစည်းအရုံး ကိုယ်စားလည် ဦးသိန်းမြင့်၊ တောင် လယ်သမားအစည်းအရုံး ကိုယ်စားလည် ဦးသန်းစိုးလေး၊ ယ်ယာသစ်တော ဒုဝန်ကြီး ဦးရဲခေါင်၊ သတ္တုတွင်းဌာန

ဒုဝန်ကြီး ဦးအောင်ဖေ၊ စက်မှုဝန်ကြီးဌာန ဒုဝန်ကြီးဦး
မောင်ခ၊ ဆောက်လုပ်ရေးဌာန ဒုဝန်ကြီး ဦးထင်
ပို့ဆောင်ဆက်သွယ်ရေးဌာန ဒုဝန်ကြီး ဦးသာကျော်၊ ကုန်
ရေးဌာန ဒုဝန်ကြီး ဦးစံဝင်း၊ သမဝါယမဌာန ဒုဝ
ဦးထွန်းတင်၊ ရှမ်းပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်း
အဖွဲ့ဝင်အဖြစ်ပါဝင်ကြပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ကြားရေးမှူး ဦးလှမောင်၊ အတွင်းရေးမှူးအဖြစ် ဆော
သော စီးပွားရေးကို နားမလည်သော၊ စီးပွားရေးလုပ်င
စပ်ယှဉ်မှုမရှိသောသူများ ပါဝင်သည့် ဆိုရှယ်လစ်စီးပွား
စီမံကိန်းကော်မတီကို ၁၉၆၇ ခု အောက်တိုဘာလ ၂ ရ
ဖွဲ့စည်းခဲ့သော်လဲ a sound economy and a bal
budget မပန်တီးနိုင်ပဲ "စားစရာလည်းမရှိ၊ လက်ရှိဥစ္စာ
ကြည့်မမြင် ကိုယ့်အင်နဲ့လည်း တော့ရှင်း၊ မှုဝန်က
အတွေးတွေး ပြေးရမည်ကလည်းလမ်းမဆုံး၊ ပုန်းရမည်က
မထွက်" အဖြစ်မျိုးကို ပြည်သူတို့တွေ့ကြုံခဲ့ရတယ်။

ကိုယ်ထူကိုယ်ထ ချေးငှါးရ

"ကိုယ်တူကိုယ်ထ" ဆိုတဲ့ ကြွေးကျော်သံရှိသော်လဲ တ
ဖြစ်ရပ်က လက်ဝါးဖြန့်တောင်းတဲ့နည်းနဲ့ အကြောင်းပြ
ရသောနည်း နှစ်နည်းကို ရေလဲသုံးရတယ်၊ ချေးတဲ့နေရာ
ဆိုင်းငံ့ကာလ ငါးနှစ်အပါအဝင် ဝ၈ဆယ်ငါးနှစ်နှင့် ပြ
ရန်၊ ဆိုင်းငံ့ကာလ ခုနစ်နှစ်အပါအဝင် နှစ်ဆယ့်ငါး
ပြန်ဆပ်ရန်၊ ဆိုင်းငံ့ကာလ ဆယ်နှစ်အပါအဝင် အနှစ်ငါး
နှင့်ပြန်ဆပ်ရန် (ချောင်ကြွပ်ဆက်တုံစီမံကိန်း) စသည်ဖြင့် "ခ
ကာလ" များပါဝင်ခဲ့ရာ၊ "တပြည်လုံး ဝဲခါသေ
မွဲပါစေ ချေးမှုမငဲ့" ဆိုတဲ့ သဘောနဲ့ စိတ်ထားအမှန် သ

ကန်တတော့ နောင်လာနောက်သားတို့ "ကြွေးတင်ကျွန်ဖြစ်
သတည်း" ဆိုတဲ့ စေတနာအရင်းခံနှင့်ဖြစ်တယ်၊
ဒီလိုနဲ့ ၁၉၇၁ ခု ဇွန်လ ၃၀ ရက်နေ့ထိ နိုင်ငံခြားမှချေးယူ
းထား နိုင်ငံခြားကြွေး ၁၁၁ ကုဋေတင်ရှိလာတယ်၊ ၁၉၆၂/
ဘဏ္ဍာနှစ်က နိုင်ငံခြားမှချေးယူရတဲ့ ပျမ်းမျှ ချေးငွေက
ငွေ ၂၀ ဖြစ်သော်လဲ၊ ၁၉၆၈/၆၉ နှစ်တွင် ကမ္ဘာ့ဘဏ်၊
ပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊
မှ ၃ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေးအဖွဲ့စတဲ့အဖွဲ့အစည်း
းမှ ချေးယူရတဲ့ငွေက ကုဋေ ၆၀ ဖြစ်လာခဲ့တယ်။

းငွေများဖြင့် ရှာဖွေကျခံ ဆောင်ရွက်ရန်၊

လုပ်ခဲ့တဲ့စီမံကိန်းများတွင် "ချေးငွေများဖြင့် ရှာဖွေကျခံ
ာင်ရွက်ရန်" ဆိုတဲ့လမ်းစဉ်မူအရ ကိုယ့်ငွေကြေး မပါဝဲ
ခံမှ နှစ်တိုနှစ်ရှည်ချေးငွေများ ထောက်ပံ့ငွေများပေးကမ်း
ငွေများနှင့် လုပ်ခဲ့တဲ့စီမံကိန်းများဖြစ်သည့် တိုင်အောင်ဘယ်
ကိန်းမှ အောင်မြင်မှုမရှိပဲ လေလွင့်ဆုံးရှုံးပျက်စီး အရှုံးပေါ်
များဖြင့်နိဂုံးတံရတယ်။

တူတွားလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၇၄/
ခုနှစ်တွင်နိုင်ငံခြားမှ ချေးငွေများနှင့် စက်မှုလက်မှုကဏ္ဍတွင်
းမြုပ်နှံခဲ့တဲ့ငွေပေါင်းက အောက်ပါအတိုင်းဖြစ်တယ်၊

ိန်းအမည်နှင့် ချေးခဲ့သည့်နိုင်ငံအမည်	နိုင်ငံခြားမှချေးယူခဲ့သော ငွေကျပ်ထောင်ပေါင်း
ဧယျာဂတီသကြားစက်စီမံကိန်း (ချက်ကိုစလိုဗေးကီးယား နိုင်ငံမှ ချေးငွေဖြင့်)	၁၄၃၁၅၄

၂။ ဘိလင်းသကြားစက်တိုးချဲ့စီမံကိန်း
(တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ချေးငွေဖြင့်။) ၄၈

၃။ ဒိုက်ဦးရှိစည်သွပ်စက်ရုံစီမံကိန်း
(အီတလီနိုင်ငံဆိုင်ရာ ချေးငွေဖြင့်။) ၉၅၆

၄။ ရေဘာချည်သကြားစက်စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွားရေး
ပူးပေါင်းမှု ရန်ပုံငွေချေးငွေဖြင့်၊ ၁၂၈

၅။ စစ်ကိုင်းဂျုံစက်စီမံကိန်း
(ဒိန်းမတ်နိုင်ငံချေးငွေဖြင့်) ၁၀၃

၆။ မှော်ဘီ ဘီစကွတ်စက်ရုံစီမံကိန်း
(အာရှဖွံ့ဖြိုးရေး ဘဏ်ချေးငွေဖြင့်။) ၅၁

၇။ မြစ်သားဝါကြိတ်စက်ရုံစီမံကိန်း
(အာရှဖွံ့ဖြိုးရေး ဘဏ်ချေးငွေဖြင့်။) ၈၀

၈။ မအူပင်လျှော်ရွေးလျှော်ထုပ်စက်ရုံ
တိုးချဲ့စီမံကိန်း
(အာရှဖွံ့ဖြိုးရေး ဘဏ်ချေးငွေဖြင့်။) ၁၃

၉။ သန်လျင်အထည်ချုပ်စက်ရုံ
အမှတ် (၃) စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှုရန်ပုံငွေချေးငွေဖြင့်။) ၃၉၃

၁၀။ ရွှေတောင်အထည်အချောကိုင်စက်ရုံ
စီမံကိန်း
(အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု
အဖွဲ့ချေးငွေဖြင့်။) ၂၃၉၂၀

၁၁။ အင်းစိန်စွပ်ကျယ်စက်ရုံ
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွားရေး
ပူးပေါင်းမှုရန်ပုံငွေမှ ကုန်ပစ္စည်းချေး
ငွေဖြင့်) ၄၁၈၀

၁၂။ ကြံခင်းဘိလပ်မြေစက်ရုံတိုးချဲ့စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွားရေး
ပူးပေါင်းမှု ရန်ပုံငွေ၏ ချေးငွေဖြင့်၊) ၅၂၈၅၅

၁၃။ ဘားအံဘိလပ်မြေစက်ရုံ စီမံကိန်း
(ပြင်သစ်နိုင်ငံချေးငွေဖြင့်၊) ၉၅၇၆၅

၁၄။ ဆိုဒီယမ်ဆီလီကိတ် ထုတ်လုပ် ရေး
စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်၊) ၂၂၁၉၀

၁၅။ မီးခံဘိလပ်မြေပြားစက်ရုံစီမံကိန်း
(ပြင်သစ်နိုင်ငံချေးငွေဖြင့်။) ၁၃၅၀၀

၁၆။ ကြံခင်းဘိလပ်မြေစက်ရုံအတွက်
လျှပ်စစ်ရထား စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှုရန်ပုံငွေမှ ချေးငွေဖြင့်၊) ၆၂၇၈၀

၁၇။ အုတ်စက်ရုံ အမှတ် (၁)
(ပြည်ထောင်စုသမတ ဂျာမဏီနိုင်ငံ
ကေအက်ဖ်ဒဗလျူဘဏ်မှ ချေးငွေဖြင့်၊) ၃၀၃၉

၁၈။ အုတ်စက်ရုံအမှတ် (၂)
(ပြည်ထောင်စုသမတဂျာမဏီနိုင်ငံ
ကေအက်ဖ်ဒဗလျူဘဏ် ကုန်ပစ္စည်း
ချေးငွေဖြင့်၊) ၁၀၅၀

၁၉။ မှန်စက်ရုံ (ဂျပန်နိုင်ငံပင်လယ်ရပ်ခြား
စီးပွားရေး ပူးပေါင်းမှုရံပုံငွေ
ကုန်ပစ္စည်းချေးငွေနှင့်)
(ပြည်ထောင်စုသမတ ဂျာမဏီနိုင်ငံ
ကေအယ်ဖ်ဒဗလျူဘဏ် ချေးငွေဖြင့်၊) ၁၇၇

၂၀။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
(ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ
ပင်လယ်ရပ်ခြား စီးပွားပူးပေါင်းမှု
ရန်ပုံငွေမှ ချေးငွေဖြင့်၊) ၅၁၂

၂၁။ ပလတ်စတစ်စက်ရုံ အမှတ် ၂
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်၊) ၁၄၂

၂၂။ သံမဏိစက်ရုံမွမ်းမံပြင်ဆင်ရေး
လုပ်ငန်း စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွားရေး
ပူးပေါင်းမှုရန်ပုံငွေမှချေးငွေဖြင့်၊) ၁၁၁၆

၂၃။ ဘဲမွေးသန့်စင်ထုတ်လုပ်ရေးစီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်၊) ၆၀

၂၄။ သစ်သားသေတ္တာထုပ်ပိုးပစ္စည်းစက်ရုံ
စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်၊) ၁၂၀၇၉

၂၅။ စက္ကူသေတ္တာထုပ်ပိုးပစ္စည်းစက်ရုံ
စီမံကိန်း
ပြည်ထောင်စုသမတ ဂျာမနီနိုင်ငံ
ဝယ်ယူသူဆိုင်ရာ ချေးငွေဖြင့်၊) ၂၅၃၈၆

၂၆။ မန္တလေး သားရေစက်ရုံ ပြည့်စွက်
အစားထိုး လုပ်ငန်း စီမံကိန်း
(ချက်ကိုစလိုဗေးကီးယားနိုင်ငံ
ချေးငွေဖြင့်၊) ၁၉၇၁

၂၇။ အမှတ် ၂ စက္ကူစက်စီမံကိန်း (တတိယ
အဆင့်) ဘနေ့ဘန်ဘစ်ရာကျ ပျော့ဖတ်
စက်ရုံ စီမံကိန်း
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီပွားရေး
ပူးပေါင်းမှုရံပုံငွေချေးငွေဖြင့်၊) ၅၃၆၃

၂၈။ အမှတ် ၃ ပျော့ဖတ်နှင့် စက္ကူစက်ရုံ
စီမံကိန်း
(ကမ္ဘာ့ဘဏ်ချေးငွေဖြင့်) ၃၀၀

၂၉။ အမှတ် ၃ ဓါတ်မြေဩဇာ စက်ရုံ
စီမံကိန်း
(ပြည်ထောင်စုသမတ ဂျာမနီနိုင်ငံ
ချေးငွေဖြင့်) ၁၁၄၇၂၀

၃၀။ ရေနံခေတ်ငွေ့ရည်စက်ရုံစီမံကိန်း
ပထမဆင့် ပထမပိုင်း ၁၂၃၆၅
ဒုတိယဆင့် ဒုတိယပိုင်း ၁၅၁၇၉၀
(ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွားရေး ပူးပေါင်းမှုရန်ပုံငွေမှ ချေးငွေဖြင့်။)

၃၁။ မက်သနော်စက်ရုံ စီမံကိန်း
(ဩစတြီးယားနိုင်ငံချေးငွေဖြင့်။) ၁၁၆၁၇၁

၃၂။ ချောက်ရေနံချက်စက်ရုံ
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၆၀၃၇

၃၃။ လယ်ထွန်စက်ထုတ်လုပ်မှု စီမံကိန်း
(ချက်ကိုစလိုဗေးကီးယား နိုင်ငံချေးငွေဖြင့်။) ၃၇၆၆၈

၃၄။ ဒီဇယ်အင်ဂျက်ရှင်းပန့်နှင့်နော်ဇယ် ထုတ်လုပ်မှု စီမံကိန်း
(ချက်ကိုစလိုဗေးကီးယားနိုင်ငံ ချေးငွေဖြင့်။) ၁၂၇၉၃၃

၃၅။ တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု စီမံကိန်း
(ချက်ကိုစလိုဗေးကီးယားနိုင်ငံ ချေးငွေဖြင့်။) ၁၆၅၃၅၄

၃၆။ သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း ၁
(ကမ္ဘာ့ဘဏ်ချေးငွေဖြင့်။) ၉၅၃၂၁

၃၇။ သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း ၂
(ကမ္ဘာဘဏ်ချေးငွေဖြင့်။) ၂၄၆၉၁

၃၈။ ပုသိမ်(၁) တန် တစ်ရာကျ ဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၅၂၉၇

၃၉။ ပုသိမ်(၂) တန်တစ်ရာကျ ဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၅၂၉၇

၄၀ ငပုတော တန်တစ်ရာကျ ဆန်စက်စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၃၆၂၅

၄၁။ လပွတ္တာ(၁)တန်တစ်ရာကျဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၇၆၀၂

၄၂။ လပွတ္တာ(၂)တန်တစ်ရာကျဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၇၆၀၂

၄၃။ ဒေးဒရဲတန်တစ်ရာကျ ဆန်စက်စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၇၂၄၄

၄၄။ မအူပင်တန်တစ်ရာကျ ဆန်စက်စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၇၅၅၂

၄၅။ သန်လျင်တန်တစ်ရာကျ ဆန်စက်စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၅၀၀၂

၄၆။ ကွမ်းခြံကုန်းတန်တစ်ရာကျ ဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၃၆၀၇

၄၇။ ကော့မှူးတန်တစ်ရာကျဆန်စက်စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၇၁၉၉

၄၈။ ကျောက်တံခါးတန်တစ်ရာကျဆန်စက်
စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၅၄၁၆

၄၉။ ကြို့ပင်ကောက်တန်တစ်ရာကျ
ဆန်စက် စီမံကိန်း
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၅၄၃၀

၅၀။ စက်ပြင်အလုပ်ရုံတည်ဆောက်ခြင်း၊
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ) ၁၄

၅၁။ လုပ်ငန်းစီမံကိန်းပြန်လည်သုံးသပ်ရေး
အဖွဲ့နှင့် ပရိုဂျက်ဌာနခွဲကို အားဖြည့်ခြင်း၊
(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၁

၅၂ ဝန်ထမ်းလေ့ကျင့်ရေးဌာန တည်ဆောက်
ခြင်းနှင့် လုပ်ငန်းစီမံကိန်း အကောင်
အထည်ဖော်မှု ကြီးကြပ်ရေးစီမံကိန်း
အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်။) ၃၀၅

၅၃။ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စူးစမ်း
လေ့လာရေးအဖွဲ့ စည်းရုံးရေးစီမံကိန်း
အာရှဖွံ့ဖြိုးရေးဘဏ်ခထောက်ပံ့ငွေဖြင့် ၁၂၄

၅၄။ ကျောက်တံခါးတန်တစ်ရာဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှု ရံပုံငွေမှ ချေးငွေဖြင့် ၁၀၀၇

၅၅။ ခနေပြူတန်တစ်ရာကျ ဆန်စက်စီးမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှုရန်ပုံငွေမှချေးငွေဖြင့် ၂၀၅၇

၅၆။ အိမ်မဲတန်တစ်ရာကျ ဆန်စက်စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှချေးငွေဖြင့် ၁၉၉၁

၅၇။ လှည်းကူးတန်တစ်ရာကျ ဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှုရန်ပုံငွေမှ ချေးငွေဖြင့် ၁၆၀၂

၅၈။ ကဝ တန်တစ်ရာကျဆန်စက်စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှချေးငွေဖြင့် ၁၀၀၁

၅၉။ ဒေးဒရဲတန်တစ်ရာကျဆန်စက်စီမံကိန်း
ဂျပန်နိုင်ငံပယ်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှုရန်ပုံငွေမှ ချေးငွေဖြင့် ၂၃၂၂

၆၀။ ခနောင်တိုတန် ၁၅၀ ကျ ဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှုရန်ပုံငွေမှချေးငွေဖြင့် ၂၄၅၅

၆၁။ ပုသိမ်အနောက် တန် ၁၅၀ ကျဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှချေးငွေဖြင့် ၁၉၂၃

၆၂။ ဆန့်စက်အပိုပစ္စည်းများ ထုတ်လုပ်ရေး
စက်ရုံစီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှချေးငွေဖြင့် ၃၁၂၂

၆၃။ ခနောင်တိုတန် ၁၅၀ ကျ ဖွဲ့နဲ့ဆီစက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှ ချေးငွေဖြင့် ၄၂၁၆

၆၄။ ခနောင်တိုတန် ၂၅၀ ကျ ဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှ ချေးငွေဖြင့် ၄၁၉၅

၆၅။ လက်ပံတန်း တန် ၂၅၀ ကျ ဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှ ချေးငွေဖြင့် ၄၉၃၀

၆၆။ မြောင်းမြတန် ၂၅၀ ကျ ဆန်စက်
စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှု ရန်ပုံငွေမှ ချေးငွေဖြင့်
၁၉၈၄/၈၅ခုနှစ် စီမံကိန်းအရ
လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် နိုင်ငံခြားမှ
ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံမှု
ကျပ်ထောင်ပေါင်း ၄၀၃၀

၆၇။ ဆည်တော်ကြီးရေအားလျှပ်စစ်စီမံကိန်း
အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ရေနံတင်ပို့
ရောင်းချ နိုင်ငံများမှ ချေးငွေဖြင့် ၆၄၅၂၇

၆၈။ ကင်းတားရေအားလျှပ်စစ်စီမံကိန်း
ပြည်ထောင်စု သမတဂျာမနီနိုင်ငံ
ကေအက်ဖ်ဒဗလျူဘဏ်မှချေးငွေဖြင့်၊ ၁၈၈၃၆၀

၆၉။ ရေအားလျှပ်စစ်စီမံကိန်း ၇ ခုနှင့်
အပိုစက် ပါဝင်သည့် ရေအား
လျှပ်စစ်စီမံကိန်း၊ အမှတ်စဉ် ၀၀၀
ဩစတြေးလျနိုင်ငံချေးငွေဖြင့်၊ ၃၀၀၂၃

၇၀။ ဘီလူးချောင်း အမှတ် ၁ ရေအားလျှပ်စစ်
စက်ရုံ စီမံကိန်း
ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွား
ပူးပေါင်းမှု ရန်ပုံငွေချေးငွေဖြင့်၊ ၅၀၂၈၉

၇၁။ မန်း၊ ရွာမ၊ ပြည် သဘာဝဓာတ်ငွေ့
သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်
ရေး စီမံကိန်း
ဗြိတိန်နိုင်ငံချေးငွေ+ထောက်ပံ့ငွေဖြင့် ၁၉၀၀

၇၂။ သထုံ ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ
တည်ဆောက်ရေး စီမံကိန်း
ချက်ကိုစလိုဗေးကီးယားနိုင်ငံချေးငွေဖြင့် ၄၄၈၅၆

၇၃။ ချောက်၊ ကျိုက်လတ် သဘာဝဓာတ်ငွေ့
သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်
ရေး စီမံကိန်း
နော်ဝေးနိုင်ငံချေးငွေ+ထောက်ပံ့ငွေဖြင့် ၅၆၉၈

၇၄။ ပြည်၊ ကျွန်းချောင်း၊မြန်အောင်၊ သထုံ၊
မန်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး
စက်ရုံများ တိုးချဲ့ရေးစီမံကိန်း
ဗြိတိန်နိုင်ငံချေးငွေထောက်ပံ့ငွေဖြင့်၊ ၁၈၄၅၆

၇၅။ သာစည် တောင်ငူ ၂၃၀ ကေဗွီ ဓာတ်
အားလိုင်းတည်ဆောက်ရေး စီမံကိန်း
ပြည်ထောင်စု သမတ ဂျာမနီနိုင်ငံ
ကေအက်ဖ်ဒဗလျူ ချေးငွေဖြင့် ၈၀၉၃၂

၇၆။ ချောက် ရန်ကုန် ၂၃၀/၁၃၂ ကေဗွီ
ဓာတ်အား လိုင်းတည်ဆောက်ရေး
စီမံကိန်း
အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့
ချေးငွေဖြင့် ၂၄၂၁၇၅

၇၇။ လှော်ကား သာကေတ ၂၃၀ ကေဗွီ
ဓါတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း
အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့
ချေးငွေဖြင့် ၁၀ ၈၈၈

၇၈။ ပြည်ကျော်စွာ ၆၆ ကေဗွီ ၂ ထပ် ဓါတ်
အားလိုင်း တည်ဆောက်ရေးစီမံကိန်း
ယူဂိုစလားဗီးယားနိုင်ငံဆိုင်းငံ့ချေးငွေဖြင့် ၁၉၁၃၁

၇၉။ ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၂၀၀ အား
၄ လုံးဝယ်ယူရေးစီမံကိန်း
ပြင်သစ်နိုင်ငံချေးငွေဖြင့် ၂၄၁၈၆

၈၀။ ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၂၀၀ အား
၄ လုံးပြည်တွင်း၌ ပြန်လည်တည်ဆောက်ခြင်း
ပြင်သစ်နိုင်ငံချေးငွေဖြင့် ၂၀၃

၈၁။ ဒီဇယ်ဟိုက်ဒရောလစ် ၁၂၀၁ အား ၈လုံး
ဝယ်ယူခြင်းပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ
ချေးငွေဖြင့် ၂၇၆၀၇

၈၂။ ဟိုက်ဒရောလစ်စက်ခေါင်း ၄ လုံး ပြည်
တွင်း၌ ပြန် လည် တည် ဆောက် ခြင်း နှင့်
အသုံးပြုမည့် စက်ကိရိယာများ ဝယ်ယူ
ခြင်း စီမံကိန်း (ပြည်ထောင်စု သမတ
ဂျာမနီနိုင်ငံချေးငွေဖြင့်) ၈၃၃၆

၈၃။ ရှန်တိန်ဒီဇယ်စက်ခေါင်း ၅ လုံး အင်ဂျင်
အသစ်လဲလှယ်ရာတွင် လိုအပ်သော ပြုပြင်
ပြောင်းလဲမှုအတွက် ပစ္စည်းများ ဝယ်ယူ
ရေးစီမံကိန်း ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား
စီးပွားပူးပေါင်းမှု ရန်ပုံငွေ ချေးငွေဖြင့် ၃၀၃၄

၈၄။ ရှန်တိန်ဒီဇယ်စက်ခေါင်း ၅၀၀ အား ၂
လုံးဝယ်ယူရေး စီမံကိန်း၊ ဂျပန်နိုင်ငံပင်
လယ်ရပ်ခြား စီးပွားပူးပေါင်းမှု ရန်ပုံ
ငွေဖြင့် ၁၂၃၃

၈၅။ ရှန်တန်ဒီဇယ်စက်ခေါင်း၅၀၀အား ၅လုံး
semiknock down condition
ဖြင့် ဝယ်ယူ၍ ပြည်တွင်း၌ ပြန်လည်တည်
ဆောက်ခြင်း ဂျပန်နိုင်ငံပင်လယ်ရပ်ခြား
စီးပွားပူးပေါင်းမှု ရန်ပုံငွေဖြင့် ၂၈၂၈

၈၆။ ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၂၀၀ အား
၄ လုံး ဝယ်ယူခြင်း ဂျပန်နိုင်ငံပင်လယ်
ရပ်ခြား စီးပွားပူးပေါင်းမှု ရန်ပုံငွေဖြင့် ၂၁၈၂၀

F-7

၈၇။ လူစီးတွဲများ ဝယ်ယူ တည်ဆောက်ရေး လုပ်ငန်းစီမံကိန်း၊ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားပူးပေါင်းမှု ရန်ပုံငွေဖြင့် ၁၅၁၂၇

၈၈။ ကုန်တွဲများ၊ဝယ်ယူတည်ဆောက်ရေး လုပ်ငန်း စီမံကိန်း၊ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားပူးပေါင်းမှုရန်ပုံငွေဖြင့် ၇၃၅

၈၉။ ရေယာဉ် ၅၄ စင်း ပြုပြင်စက်သစ်တပ်ဆင်ခြင်းလုပ်ငန်း၊ ဖြတိန်နိုင်ငံ အစိုးရထောက်ပံ့ငွေနှင့် စိုက်မရင်းကုမ္ပဏီ ချေးငွေဖြင့် ၇၃၂၉

၉၀။ ပြည်ပဆိပ်ကမ်းများ တိုးတက်ဖွံ့ဖြိုးမှုစီမံကိန်း(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၇၃၆၈

၉၁။ ရန်ကုန်ဆိပ်ကမ်းတိုးတက်ဖွံ့ဖြိုးရေး ဒုတိယ စီမံကိန်း၊ (ကမ္ဘာ့ဘဏ်ချေးငွေဖြင့်) ၁၈၃၄၀

၉၂။ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးအတွက်ပဏာမစူးစမ်းလေ့လာမှုလုပ်ငန်း၊ ဆီလဝါဒေသ (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်) ၁၃၀၀

၉၃။ ဒုတိယဆက်သွယ်ရေးဖွံ့ဖြိုးမှုစီမံကိန်း(ကမ္ဘာ့ဘဏ်ချေးငွေနှင့်ဂျပန်နိုင်ငံပင်လယ်ရပ်ခြားစီးပွားပူးပေါင်းမှု ရန်ပုံငွေ) ၂၂၇၆၂

၉၄။ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း၊ (ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားပူးပေါင်းမှု ရန်ပုံငွေဖြင့်) ၂

၉၅။ စပါးဆန်သိုလှောင်ကိုင်တွယ်ရေးလုပ်ငန်းစီမံကိန်း(ကမ္ဘာ့ဘဏ်ချေးငွေဖြင့်) ၅၆၉၇၂

၉၆။ စပါးဆန်သိုလှောင်ကိုင်တွယ်ရေးလုပ်ငန်းစီမံကိန်း(အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယ ချေးငွေဖြင့်) ၁၁၆၄၁၀

၉၇။ ဖူးကြီးရေပေးရေးလုပ်ငန်းစီမံကိန်း(အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ရေနံတင်ပို့ရောင်းချနိုင်ငံများချေးငွေဖြင့်) ၂၃၆၀၂

၉၈။ မန္တလေးမြို့ ရေပေးရေးစီမံကိန်း(အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ရေနံတင်ပို့ရောင်းချနိုင်ငံများမှချေးငွေဖြင့်) ၅၈၅၇၈

၉၉။ စစ်ကိုင်းသစ်လုပ်ငန်းစီမံကိန်း (အာရှဖွံ့ဖြိုးရေးဘဏ်မှချေးငွေဖြင့်) ၂၀၂၃၄

၁၀၀။ သစ်ထုတ်ရေးစီမံကိန်း ၂ အရှေ့ပဲခူးရိုးမ(အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ချေးငွေဖြင့်) ၄၄၈၅၈

၁၀၁။ သစ်လုပ်ငန်း စီမံကိန်း ၂ မန္တလေးရှမ်းကချင် (အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၈၅၇၂၃

၁၀၂။ သစ်ထုတ်ရေးစီမံကိန်း အပိုင်း ၂ အရှေ့ပဲခူးရိုးမ သစ်တောစိုက်ခင်းတည်ဆောက်ခြင်း (အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ ချေးငွေဖြင့်) ၇၃၅၂

၁၀၃။ သစ်လုပ်ငန်းစီမံကိန်း ၂ (မန္တလေး ရှမ်းကချင်) သစ်တောစိုက်ခင်းတည်ဆောက်ခြင်း(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်) ၇၃၇၀

အလားတူ ၁၉၇၆/၇၇ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ခဲ့သော အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ၁ နှင့် ၂ ကို အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ ချေးငွေဖြင့်၊ အမှတ် ၁ ကြေးနီစီမံကိန်းကို ယူဂိုစလားဗီးယားနိုင်ငံချေးငွေဖြင့်ဘော်တွင်းရှိ တစ်နေ့တန်ငါးရာကျဆာလ်ဖိုက်ခဲသတ္တုရိုင်း သန့်စင်ရေးစက်ရုံအား တစ်နေ့တန်တစ်သောင်း သန့်စင်နိုင်ရန် တိုးချဲ့လုပ်ငန်းစီမံကိန်းကို ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံရဲ့ ဆိုင်းငံ့ချေးငွေဖြင့်၊ စစ်ကိုင်းတိုင်း ဂျုံစီမံကိန်းကို ဒိန်းမတ်နိုင်ငံချေးငွေဖြင့် ၁၉၈၃/၈၄ ခုနှစ်တွင် စတင်ခဲ့သော ရေတာ ရှည်သကြားစက်စီမံကိန်းကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားစီးပွား ပူးပေါင်းမှုရန်ပုံငွေချေးငွေဖြင့်၊ ၁၉၇၈/၇၉ နှစ်တွင် စတင်သော မလွန်ဒီဇယ်အင်ဂျင်ရှင်းပန့်နှင့် နော်ဇယ်ထုတ်လုပ်မှု စီမံကိန်းကို ချက်ကိုစလိုဗေးကီးယားနိုင်ငံ ချေးငွေဖြင့်၊ ပုဇွန်တောင် တန်တစ်ရာကျဆန်စက်ကို တရုတ် ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့်၊ တန် ၁၀၀ ကျ ဆန်စက် ၁၂ လုံးကို အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် တန် ၁၅၀ ကျ ဆန်စက် ၂လုံးနှင့် တန် ၁၀၀ ကျဆန်စက် ၆ လုံးကို ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွားပူးပေါင်းမှုရန်ပုံငွေချေးငွေဖြင့်၊

၁၉၈၂/၈၃ ဘဏ္ဍာနှစ်မှစတင်လုပ်ကိုင်သော ဒိုက်ဦးအချိုမှုန့်စက်ရုံစီမံကိန်းကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံချေးငွေဖြင့်၊ ရွှေညောင်သကြားစက်စီမံကိန်းကို နယ်သာလင်နိုင်ငံချေးငွေဖြင့်၊ ကျောက်ဆော်သကြားစက်နှင့် တိုးချဲ့အရက်ချက်စက်ရုံစီမံကိန်းကို နယ်သာလင်နိုင်ငံချေးငွေဖြင့်၊ ၁၉၇၉/၈၀ ပုဇွန်ဖမ်းဆီးရေးစီမံကိန်း (သံတွဲ) ကို ဗြိတိန်နိုင်ငံချေးငွေဖြင့်၊ ငါးလုပ်ငန်းစီမံကိန်း (ရေငန်) ကိုအာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယချေးငွေဖြင့်၊ ငါးလုပ်ငန်းစီမံကိန်း (ရေချို) ကို အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေ

ဖြင့်၊ ငါးဖမ်းလုပ်ငန်းအထောက်အကူပြု စီမံကိန်းကို ဒိန်းမတ်နိုင်ငံ၏ ပထမချေးငွေဖြင့်၊ ငါးဖမ်းလုပ်ငန်းစီမံကိန်း (အမ်း) ကို ဒိန်းမတ်နိုင်ငံ၏ ဒုတိယချေးငွေဖြင့်၊ ၁၉၈၁/၈၂ မှစ၍ ဆောင်ရွက်ခဲ့သော သစ်တောလုပ်ငန်းစနစ် ဖွံ့ဖြိုးမှုဆိုင်ရာ စက်ပစ္စည်းကိရိယာများတိုးတက်ရေး စီမံကိန်းကိုဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထောက်ပံ့ငွေဖြင့် အမှတ်(၁) သံစီမံကိန်း (တိုးချဲ့အဆင့် ၁) ကို အီတလီနိုင်ငံ ဆိုင်းငံ့ချေးငွေဖြင့်၊ ပီလောပီနံစက်ရုံများစီမံကိန်းကိုအာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်)။

၁၉၈၁/၈၂ ဘဏ္ဍာနှစ်တွင် စတင်ခဲ့သော ကြံခင်းဘိလပ်မြေတိုးချဲ့ရေးစက်ရုံ စီမံကိန်းကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားစီးပွားပူးပေါင်းမှု ရန်ပုံငွေမှ ချေးငွေဖြင့်၊ အမှတ် ၃ ဓာတ်မြေသြဇာစက်ရုံ စီမံကိန်း (ကျော်စွာ) ကို ပြည်ထောင်စုသမ္မတဂျာမနီချေးငွေဖြင့်၊ သထုံတာယာနှင့် ရာဘာပစ္စည်းစက်ရုံစီမံကိန်း ၁၉၇၀/၇၉ ကို ချက်ကိုစလိုဗေးကီးယားနိုင်ငံ ချေးငွေဖြင့်၊ ၁၉၈၁/၈၂ ရေစုတ်စက်များဖြင့် ရေပေးဝေရေးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေနှင့် ဥရောပဘုံဈေးအဖွဲ့ ထောက်ပံ့ငွေဖြင့်၊ လိုက်ချောင်းရေလှောင်တမံ လုပ်ငန်း၁၉၇၉/၈၀၊ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ရော်ဘာပြန်လည်ထူထောင်ရေးစီမံကိန်းကိုအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး တိုးတက်မှုအဖွဲ့ချေးငွေဖြင့်--

၁၉၇၆/၇၇ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းကိုအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ ချေးငွေဖြင့်၊ ၁၉၈၅/၈၆ တောင်နဝင်းရေအား လျှပ်စစ်စီမံကိန်း၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ ကော့စ်တစ်ဆိုဒါစက်ရုံ လုပ်ငန်းစီမံကိန်း၊ ရန်ကုန်လေဆိပ်တိုးချဲ့ရေးအဆင့် ၃ အပြည်ပြည်ဆိုင်ရာ

ကြေးနန်းဆက်သွယ်မှု အဆင့်မြင့်တင်ရေး စီမံကိန်းစသည်တို့ ကလဲ ဂျပန်နိုင်ငံမှ ယန်းသန်း ၂၀၁၅၀ သန်း မြန်မာငွေ ကျပ် ၇၇၉.၀ သန်း ချေးငှားပြီး လုပ်ကိုင်ခဲ့ခြင်း ဖြစ်တယ်။ အလားတူ စီမံကိန်းအကြောင်းပြ၍ ၁၉၈၇ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဂျာမန်မတ်ငွေ ၁၅ သန်း၊ ၁၉၈၇ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နောက်ထပ် မတ်ငွေ ၃၅ သန်း နှစ်ရပ်ပေါင်း မတ်ငွေ သန်း ၀ါးဆယ်ချေးယူပြန်တယ်။

ဒီလိုစီမံကိန်းအမျိုးမျိုးကို နိုင်ငံပေါင်းစုံထံမှ ‘‘ပေးပါတဲ့ အမ်းပါ’’ နည်းနဲ့လက်ဖျန့်တောင်းပြီး လုပ်ခဲ့သည့်တိုင်အောင်၊ သတ္တုထုတ်လုပ်ရေးကဏ္ဍတွင် ၁၉၈၃/၈၄ ဘဏ္ဍာနှစ်တွင် ရေနံစိမ်း အမေရိကန်စည် ၁၁.၅ သန်း ခဲမဖြူသန့်စင် ၂၂၄၀ တန်၊ အဖြိုက်နက်သန့်စင် ၁၅၀၀ တန်၊ သံစိမ်းမတ်ထရစ်တန် ၁၅၀၀၀၊ သန့်စင်ကြေးနီ ၁၅၀၀၀ တန် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ခဲ့တဲ့ သတ္တုပစ္စည်းတန်ဘိုးက ၃၆.၂၇ ကုဋေ ဖြစ်သည့်တိုင်အောင် အမြတ်အစွန်းရယ်လို့ မပြနိုင်ပဲ စီမံကိန်းတိုင်းပျက်စီးဆုံးရှုံးရတယ်၊ နှစ်စဉ်လိုငွေ ဘတ်ဂျက်ဖြစ်ရတယ်၊

ဒီလိုပဲ တခြားကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာလဲ ဘယ်လို ကျိုးစားထုတ်လုပ်သော်လဲ ပေါ်များတယ်၊ လောက်ငှတယ်၊ ပိုလျှံတယ်ဆိုတာ မရှိပါဘူး၊ ကုန်ထုတ်လုပ်ငန်းမှာ အဓိကပါဝင်တဲ့ လုပ်သားထုဘဝမှာလဲ ထမင်းမဝ ခါးမလှ။ ■

‘‘ထမင်းမဝ ခါးမလှ’’

လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
အလုပ်မရ

တော်ငွေစ
ထမင်းမဝ ခါးမလှ၊
လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
လုပ်သလောက်မရ
ဝမ်းမဝ
လှုပ်လေမြုပ်လေ
ဖွတ်ဘိုးအေ၊
လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
ဂုဘ်စုတ်လူစုတ်
အခြေနှပ်
မြုပ်ချီပေါ်ချီ
ထွမ်းပစ်ပြီ၊
လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
လုပ်ရင်းကိုင်ရင်း
ဇာတ်မျောရင်း
လုပ်ရင်းကိုင်ရင်း
ငတ်ပြတ်ခြင်း၊
လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
အလုပ်မှုရ

ဂုဏ်မနေ
မဆလတို့ရယူကြ၊
လုပ်လုပ်လုပ်လုပ်
အလုပ်လုပ်
တလုပ်ထမင်း
တရှုပ်ဟင်းတွက်
အားတင်းလုပ်အား
မြှင့်တင်ပြားလည်း
လုပ်အားပေးသမျှ
သူတို့ရ
လုပ်သားဘဝ
နိမ့်လျောကျ၊

"ချင်ရဲလှ"

လုပ်သားများအနေနှင့် လုပ်လေမြုပ်လေ ဖြစ်ကြရတယ်၊ အရက်နှစ်ဆယ်ကျော်လျှင် ငွေပြတ်တာမို့ "ငတ်တုန်းပြတ်တုန်း ၂၃"ဆိုတာ ဝန်ထမ်းလောကမှာ ရေပန်းစားတဲ့ စကား ဖြစ်တယ်။

Work! work! work!
While the cock is crowing aloof!
And work–work–work,
Till the stars shine through the roof!
Work–work–work,
Till the brain begins to swim;
Work-work-work
Till the eyes are heavy and dim!

ဆိုတဲ့ ခရစ်သက္ကရာဇ် ၁၇၉၉ မေလ ၂၃ ရက်မွေး၍ ၁၈၄၅ခု မေလ ၃ ရက်နေ့ကွယ်လွန်သူ သောမတ်စ်ဟုဒ်၏ "The song of the Shirt" ကဗျာလို လုပ်သားထုက dawn to dark working days အလုပ်နဲ့လက်နဲ့မပြတ် "အာရုံဦးမှ သည်မိုးချုပ်သည့်တိုင်" လုပ်ရသော်လဲ ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ"

ဆိုရှယ်လစ်ကိုကိုယ့်အဓိပ္ပါယ်ကောက်ချင်သလို၊ ကိုယ်နာ လည်ချင်သလိုနားလည် ကိုယ်လိုချင်သလို အဓိပ္ပါယ်ကောက်ခဲ့တဲ့ အတွက်၊ နောက်တမျိုးဆိုတော့–

"ဖြစ်တောင့်ဖြစ်ခဲ၊ ကျောက်စစ်သဲကို၊
ရွှရွှဆီရည်၊ ထွက်စိမ့်မည်ဟု၊
ဆုံကျည်အဝ ပွတ်မှားကြသို့"

ဆိုတဲ့ရှင်မဟာရဋ္ဌသာရဆရာတော်၏ ကိုးခန်းပျို့ ပါဝါကဲ့သို့ မိမိတို့ ကြီးပွားတိုးတက် လောဘရမက်တက်ရခြင်းကို ဆိုရှယ်လစ် ဟု အမှတ်မှား အယူမှား အလုပ်မှားကြသည်။
တစ်မျိုးဆိုတော့–

"သဘောသကန်၊ မိမိဉာဏ်နှင့်၊မတန်မရာ၊ နက်နဲစွာ ကို၊အရာမသိ၊ မရိပ်မိပဲ၊ ဟုတ်လိမ့်နိုးနိုး၊ဆင်ကန်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမှု၊ ဗရမ်းဗတာ၊ စိတ် သညာဖြင့်၊ ထင်ရာထင်မိ၊ မှားနေငြိထိ၍၊ ဒိဋ္ဌိမြစ်၊ စုံးစုံးနစ်သည်၊ လူဖြစ် ဤတွင်ရှုံးသတည်း။"

ဆိုတဲ့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ဆုံးမစာလို individualism ကို socialism လို့ သဘောပေါက် လုပ်ဆောင်ခဲ့ကြခြင်းကြောင့် မှားသည်ထက်မှား သာ၍မှား

အမှားဆင့်၍ ပွားဖြစ်ရတယ်၊ ပါတီညီလာခံက ဆုံးဖြတ်ချက်ကို ဝန်ကြီးအဖွဲ့က မိမိသဘောအတိုင်း ပြင်ချင်သလိုပြင်ဆင်လုပ်ကိုင်ခဲ့တာတွေလဲ အနန္တဖြစ်သည်။

မူဝါဒလမ်းစဉ်ဆိုတာ တစ်မျိုး၊ ကိုယ်ကျိုးစီးပွားဖြစ်ထွန်းစေရန်ဆိုတဲ့လုပ်နည်း လုပ်ဟန်က တစ်မျိုး၊ဒီလိုနှစ်မျိုးရဲ့ခြားနားချက်ကတော့ မဆလတို့ အတွက် ကိုယ်ကျိုးစီးပွားဖြစ်ထွန်းပြီး ပြည်သူလူထု ငတ်ပြတ်မွဲတေစေခြင်းဖြစ်တယ်၊ ဒီလိုနဲ့ စီမံကိန်းတစ်ခု၊စားကွက်တစ်ခုပုံစံနဲ့သူဟို့ဥစ္စာစုနိုင်ခဲ့တယ်၊ပန်းခင်းသောလမ်း path so rosy and remunerative လျှောက်ခဲ့နိုင်တယ်၊ ပြည်သူတို့အဘို့ကတော့ stone and mazy path ပဲ၊ ဒါကြောင့် ''အားပါးမနာ၊ မျက်နှာမကွက် မဝှက်မသို ဟုတ်တိုင်းဆို''ရလျှင် မဆလ ဆိုသည်မှာ အယ်ခေါ်–

ဤသူကား စောရော၊ခိုးသူတည်း။
Fur es! thou art a thief!

မဆလတို့ရဲ့ မြန်မာနည်း မြန်မာ့ဟန်ဆိုတာက ''ထမင်းဖြူဆီဆမ်းနှင့် ရွှေလင်ပန်းလယ်လှယ် ပေးတော့မယ် နှက်နှယ်လိုလှငယ်ရို့ အိပ်ဆေး''ဆိုတဲ့ စလေဆရာရဲ့(ဩစ္စာပျက်တေးတပ်'' လို့ ခလေးအငိုတိတ်အောင် လူကြီးတွေက ဖြီးဖြန်းချော့မော့တဲ့သဘောသာဖြစ်ပြီး၊ မဆလ တို့သည် ''မာယာအသွယ်သွယ် ပရိယာယ် အစားစား ဆန်းပြားပွေလီ မတည်ကြည်သောသဘောထားနှင့်'' မျက်နှာပြောင်တိုက်၍ ပြည်သူကို အကြောင်ရိုက်ခဲ့သူများဖြစ်တယ်၊ ဥမကွဲ သိုက်မပျက် အေးတူပူမှု မရှိအတူရှိအတူဆိုသော်လဲ လက်တွေ့မှာ အုပ်စိုးသူ မဆလနဲ့ ပြည်သူတို့ကမ္ဘာဝေးခဲ့တယ်။

သရီးတူးသရီး

ပြုံးပြုံးပြုံးပြုံး သုံးနှစ်သုံး
သုံးဖြုန်းမကုန်နိုင် အမြတ်ဆယ်ဆပိုင်
နီဝါရောင်စုံလှိုင် လမ်းတွေပေါ်မှာမြိုင်
ပြုံးပန်းတွေနဲ့ဆိုင် သူနိုင်ငါနိုင်ပြိုင်
လူထုကတော့မှိုင် ငတ်ပြတ်မွဲတေယိုင်
ဘိုင်ဘိုင်မှိုင်မှိုင်ငိုင် ယိုင်တိုင်ယိုင်တိုင်တိုင်။ ။

ဆိုသလို ၁၉၈၂ ခုနှစ်တွင် သရီးတူးသရီး ကားစီးရေ ၁၈၀ စင်းကို ဆိပ်ကမ်းရောက်တန်ဘိုးငွေ ကျပ်သုံးသောင်းနှင့် ဗဟိုအာဏာပိုင်အဖွဲ့ အစည်းများအတွက် အထူးသွင်းကုန် စာရင်းနှင့်တင်သွင်းခဲ့ပြီး မဆလ ထိပ်ပိုင်းကို လက်ငင်းငွေပေး ကျပ်နှစ်သောင်းနှင့် ပေးခဲ့တယ်။

မဆလ အချို့က ကားကိုသုံးသိန်းခွဲနှင့် ပြန်ရောင်း၍ တဆယ့်ခုနစ်ဆခွဲနေ့ရင်း တိုင်ရင်းမြတ်တယ်၊ လူထုက တိုလ်ိုတွဲလောင်းမျောက်တွေလို ကားခိုစီးနေရတဲ့ အချိန်မှာ သရီးတူသရီးတွေလမ်းမပေါ်မှာ နီဝါရောင်စုံလှိုင်ခဲ့တယ်၊ မရှိအတူ ရှိအတူအေးအတူ ပူအမှုပေါ့၊–

နေ့များတိုင်းကြွေးပွား၍ ကျွန်ဖြစ်ရချေသည်

ကုန်ထုတ်စွမ်းအားစုအပေါ် မရပ်တည်နိုင်ပဲ ဆိုရှယ်လစ်လို့ဟစ်ခဲ့တဲ့အတွက်တနည်းဆိုသော်ဆိုရှယ်လစ်အရင်းအနှီးများ တိုးတက်လာပြီလို့ ကြွားဝါလိုသဖြင့် စိတ်ကူးရရာစက်ရုံများကို ပြည်ပမှ ကြွေးယူ၍လည်းကောင်း၊ ပြည်ပမှချေးငှါးထောက်ပံ့ငွေ

များရယူ၍လည်းကောင်း၊ ကြွေးဝါရေးလိုပ်ငန်းများ ထူထောင်လာခဲ့သဖြင့် ပြည်ပကြွေးဆပ်ရတဲ့ ငွေအချိုးအစားက တစ်နှစ်ထက် တနှစ်လည်းမြင့်တက်လာခဲ့ခြင်း ဖြစ်တယ်။

ဒီလိုနဲ့ တိုင်းပြည်မှာ ''နေ့များတိုင်း ကြွေးပွား၍ ကျွန်ဖြစ်ရချေသည်'' ဘဝဆိုးတွေ့ခဲ့ရပြီး **Debt is the worst poverty** ဆင်းရဲတွင်း နစ်သည်ထက်နစ်ရတယ်၊လူထုအနေနှင့် လဲ **like fish in a shallow water** အမိမဲ့သားရေနည်းငါးဘဝဖြစ်ခဲ့ရတယ်။ မြန်မာနည်း မြန်မာ့ဟန်နဲ့လုပ်ခါမှ ဂွမ်းသဒါလန်ရတယ်၊ **a remedy worse than the disease.** 'သူများဟာနှင့် ချေးငှားပြီး ရှုံးလျှင် အတိုးတက်ပြီး ကြွေးတင် ကျွန်ဖြစ်မှာဘဲ....တစ်ဦးချင်းမှာ ကြွေးတင်ကျွန်ဖြစ်တာထက် နိုင်ငံတစ်ခုလုံး ကြွေးတင်ကျွန်ဖြစ်ရင် ဒုက္ခရောက်ရလိမ့်မယ်''လို့ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီ ၁ ရက် အနှိုးတော်နှီးနှောဖလှယ်ပွဲမှာ ဦးနေဝင်းပြောခဲ့သလို ''ကြွေးတွင်းမှာနစ် ဆိုရှယ်လစ်''ဖြစ်လာရတယ်။

သုံးစွဲငွေနှင့် နောက်ခံထားသည့်ရွှေအချိုးအစား

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအ သို့ မြန်မာနိုင်ငံက ထည့်ဝင်ခဲ့တဲ့ ရွှေတန်ဖိုးက ကျပ် ၂၀၂၃၈၀၇၅ ဖြစ်သော်လဲ မဆလခေတ်မှာ တစ်ပြားတစ်ချပ်မှ မထည့်ဝင်နိုင်ပဲ ငွေများ စိတ်တိုင်းကျထုတ်ခဲ့တယ်၊ ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ ပြည်တွင်းမှာသုံးစွဲလျက်ရှိသောငွေက ကျပ် ၁၈၂.၇ ကုဋေဖြစ်ပြီး၊ မြန်မာနိုင်ငံပိုင်ရွှေနှင့်နိုင်ငံခြားငွေက ကျပ် ၁၀၄.၇ ကုဋေဖြစ်သဖြင့် လည်ပတ်သုံးစွဲငွေနှင့်ကျောထောက်နောက်ခံထားတဲ့ရွှေငွေက ၅၇.၃ ရာနှုန်းဖြစ်တယ်၊ ၁၉၆၅ ခုနှစ် ဇန္နဝါရီလ ၂၂ ရက်နေ့ ပြည်ထောင်စု

ဘဏ်လက်ဝယ်ရှိ ရွှေရဲ့တန်ဖိုးက ၃၉၁၃၆၂၆၈၄ ကျပ်ဖြစ်ခဲ့ရာမှ ၁၉၈၈ ခုနှစ်ရောက်တော့ အယ်လ်ဒီစီနိုင်ငံဖြစ်ရတယ်၊

လှည့်လည်ငွေကြေးများလှသလေး၊
တန်ဖိုးထိုးကျငွေဖေါင်းပွ

ခုနှစ်အလိုက် ပြည်သူ့လက်ဝယ်လှည့်လည်သုံးစွဲနေသော ငွေကြေးပမာဏ၊ ကျပ်သိန်းပေါင်း။

ကာလ		ငွေစက္ကူ	အကြွေ	စုစုပေါင်း ကျပ်သိန်း
၁၉၆၂	စက်တင်ဘာ	၁၀၃၁၅	၅၅၇	၁၀၉၄၂
၁၉၆၅	စက်တင်ဘာ	၁၁၆၀၃	၇၇၅	၁၉၃၇၈
၁၉၆၉	စက်တင်ဘာ	၁၁၅၀၄	၁၁၆၄	၁၉၆၆၈
၁၉၇၀	စက်တင်ဘာ	၁၉၃၅၁	၄၁၀	၁၉၈၃၁
၁၉၇၁	စက်တင်ဘာ	၂၀၄၀၇	၅၂၅	၂၀၉၃၂
၁၉၇၂	စက်တင်ဘာ	၂၃၅၅၅	၅၀၀	၂၄၀၃၅
၁၉၇၃	စက်တင်ဘာ	၃၀၆၁၀	၈၉၁	၃၁၅၇၀
၁၉၇၄	စက်တင်ဘာ	၃၄၃၈၉	၁၃၈၂	၃၅၇၇၁
၁၉၇၅	စက်တင်ဘာ	၄၃၄၄၇	၁၅၆၁	၄၅၀၀၈
၁၉၇၆	စက်တင်ဘာ	၄၈၁၀၄	၁၈၉၃	၄၉၉၇၇
၁၉၇၇	စက်တင်ဘာ	၄၉၃၀၃	၂၁၁၂	၅၁၄၂၁
၁၉၇၈	စက်တင်ဘာ	၅၅၆၂၇	၂၁၄၅	၅၇၇၇၂
၁၉၇၉	စက်တင်ဘာ	၆၃၉၉၅	၂၁၉၂	၆၆၁၈၇
၁၉၈၀	စက်တင်ဘာ	၇၁၀၅၁	၂၂၃၀	၇၃၂၈၁
၁၉၈၁	စက်တင်ဘာ	၈၄၄၈၉	၂၃၄၆	၈၆၈၃၅
၁၉၈၂	စက်တင်ဘာ	၈၉၅၃၇	၂၄၆၈	၉၂၀၀၅
၁၉၈၃	စက်တင်ဘာ	၉၈၇၃၂	၂၆၀၄	၁၀၁၃၃၆

အမိန့်ကြော်ငြာစာ လေးရာငါး ငွေတန်ဖိုးကို ချစေပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၁၉၇၁ ခု ဒီဇင်ဘာလ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀၅ ထုတ်ပြန်ပြီး မြန်မာကျပ်ငွေလဲလှယ်နှုန်းကို ပြင်ဆင်သတ်မှတ်တယ်လို့ လက်တလုံးကြား လှည့်ကွက်လုပ်ပြီး ငွေကျပ်တန်ဖိုးချသဖြင့် မြန်မာကျပ်ငွေ ၄ ကျပ် ၇၅ ပြားပေးလျှင် တစ်ဒေါ်လာရရာမှ ကျပ် ၅ ကျပ် ၃၅ ပြားပေးမှ တစ်ဒေါ်လာရတော့တယ်။

နိုင်ငံခြားငွေလျော့ပြီလေ

၁၉၆၂ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားသုံးငွေက ရွှေကျပ်သိန်းရှစ်ရာနှင့် ငွေကျပ်သိန်း၇၄၁၀ စုစုပေါင်းနိုင်ငံခြားသုံးရွှေငွေတန်ဖိုးက ကျပ်သိန်းပေါင်း ၈၂၁၀ ရှိတယ်၊ ၁၉၆၅ ခု ဇန္နဝါရီလ ၂၂ ရက်နေ့ ပြည်ထောင်စုဘဏ်လက်ဝယ်ရှိ ရွှေတန်ဖိုးက ကျပ် ၃၉၈၃၆၂၆၈၄ ကျပ်ဖြစ်တယ်။

၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုဘဏ်လက်ဝယ်တွင်ရှိ ရွှေတန်ဖိုးက ကျပ်သိန်းပေါင်း ၁၀၂၆ နှင့် ကျပ်သိန်းပေါင်း ၂၀၁၆ နှစ်ရပ်ပေါင်း ကျပ်သိန်းပေါင်း ၃၀၄၂ သို့ ဆုတ်ယုတ်ကျဆင်းလာတယ်၊ ၁၉၇၅ ခုနှစ် မတ်လတွင် နိုင်ငံခြားသုံးငွေ ၁၀၇.၈၂ ကုဋေရှိခဲ့ရာမှ ၁၉၇၆ ခု မတ်လတွင် ပြည်ထောင်စုဘဏ်လက်ဝယ်ရှိ နိုင်ငံခြား သုံးငွေက ၈၉.၃၃ ကုဋေဖြစ်၍ ၁၈.၄၉ ကုဋေ လျော့နည်းလာတယ်။

၁၉၈၁ ခု စက်တင်ဘာလကုန်တွင် ပြည်ထောင်စုဘဏ်လက်ဝယ်ရှိ နိုင်ငံပိုင်ရွှေတန်ဖိုးက ၇၄၈ နိုင်ငံခြားသုံးငွေ ၁၈၁၉၉ နှစ်ရပ်ပေါင်း ကျပ်သိန်းပေါင်း ၁၈၉၄၇၊ ၁၉၈၂ ခု စက်တင်ဘာလကုန်တွင်ရှိသော ရွှေတန်ဖိုးက ၇၄၈ နိုင်ငံခြားသုံးငွေတန်ဖိုး ၁၅၁၁၇ နှစ်ရပ်ပေါင်း ကျပ်သိန်းပေါင်း ၁၅၈၆၅

၁၉၈၃ ခု စက်တင်ဘာလကုန်တွင်ရှိသော ရွှေတန်ဘိုးက ၇၄၈ နိုင်ငံခြားသုံးငွေက ၅၄၇၈ နှစ်ရပ်ပေါင်း ကျပ်သိန်းပေါင်း ၆၂၂၆ ကို ဒလဟောကျဆင်းလာတယ်။

ပို့ကုန်ကနဲ့ သွင်းကုန်က

နယ်ချဲ့ကိုလိုနီခေတ်ဖြစ်တဲ့ ၁၉၄၀/၄၁ ဘဏ္ဍာနှစ်ကမြန်မာနိုင်ငံက နိုင်ငံခြားသို့ တင်ပို့ခဲ့တဲ့ ပို့ကုန်ကငွေကျပ် ၅၅ ကုဋေဖြစ်ပြီး သွင်းကုန်တန်ဘိုးက ၃၁ ကုဋေဖြစ်၍ မြန်မာနိုင်ငံက ၂၄ ကုဋေ မြတ်ခဲ့တယ်၊ ခေါင်းပုံဖြတ်ခံရတဲ့ နယ်ချဲ့ခေတ်က အမြတ်အစွန်း ပမာဏဖြစ်တယ်။

၁၉၆၀–၆၁ ပသမပါလီမန်ခေတ်က နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့တဲ့ ရောင်းကုန်တန်ဘိုးကငွေကျပ် ၁၀၁၅၁ သိန်းဖြစ်သော်လဲ အချိုးကျကျ တိုးတက်စေရမည်ဆိုတဲ့ မဆလခေတ် ၁၉၆၈–၆၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့တင်ပို့ရတဲ့ငွေက ကျပ် ၅၅၇၂ သိန်းသာဖြစ်တယ်၊ အလားတူ ပါလီမန်ခေတ် ၁၉၆၁–၆၂ ဘဏ္ဍာနှစ်က ပြည်ပပို့ကုန်တန်ဘိုးက ၁၂၇ ကုဋေ ဖြစ်သော်လဲ ဆိုရှယ်လစ် စီမံကိန်း အကောင်အထည် ဖေါ်သော မဆလခေတ် ၁၉၇၂–၇၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့တင်ပို့နိုင်တဲ့ တန်ဘိုးက ငွေကျပ် ၆၇ ကုဋေသာ ရခဲ့တယ်။

၁၉၆၁–၆၂ မှ ၁၉၆၉–၇၀ ဘဏ္ဍာနှစ်ထိ နိုင်ငံခြားကုန်သွယ်မှုက ရှုံးငွေက ငွေကျပ် ၁၁၃ ကုဋေဖြစ်တယ်၊ မဆလခေတ် ပထမဆယ်နှစ်တွင် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများမှ ဆုံးရှုံးငွေများက ငွေကျပ် ကုဋေ ငါးဆယ် ကျော် ဖြစ်တယ်၊ ပထမပါလီမန်ခေတ် ၁၉/၆၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံက နိုင်ငံခြားသို့တင်ပို့ခဲ့တဲ့ သတ္တု၊ တန်ဘိုးက ၃၆၃ သိန်း ဖြစ်သော်လဲ မဆလ ခေတ် ၁၉၆၉/၇၀ ဘဏ္ဍာရေးနှစ်တွင် တင်ပို့နိုင်တဲ့

သတ္တုတန်ဘိုးက ငွေကျပ် ၂၅၃ သိန်း ဖြစ်တယ်၊ အလားတူ ၁၉၆၁/၆၂ ဘဏ္ဍာနှစ်က ငွေ စင် ၁၄၃၇၀၀၀ အောင်စ ထုတ်ယူနိုင်သော်လဲ ၁၉၆၉/၇၀ ဘဏ္ဍာနှစ်တွင် ၇၀၄၀၀၀ အောင်စသာ ထုတ်ယူနိုင်တယ် အလားတူ ၁၉၆၁/၆၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံက ကြာ်ပေါင်စေး တန်ချိန်နှင့် ငွေကျပ် က အောက်ပါအတိုင်းဖြစ်ပါတယ်၊

၁၉၆၁/၆၂	၁၈၅၃၃	၂၇၈၁၁
၁၉၆၄/၆၅	၇၄၇၀	၁၀၇၂၈
၁၉၆၅/၆၆	၆၀၃၆	၁၆၆၅၃
၁၉၆၅/၆၇	၄၀၀၇	၈၈၃၇

ဘဏ္ဍာရေးနှစ်အလိုက်ပို့ကုန် သွင်းကုန် တန်ဘိုးကျပ်သိန်းပေါင်း

ဘဏ္ဍာနှစ်	ပို့ကုန်တန်ဘိုး	သွင်းကုန်တန်ဘိုး *
၁၉၆၆/၆၇	၆၇၂၂	၈၁၆၆ – ၁၄၄၄
" ၇/၆၈	၅၂၀၉	၇၅၇၀ – ၂၃၆၁
" ၈/၆၉	၅၅၇၂	၇၅၃၃ – ၁၉၆၁
" ၉/၇၀	၅၃၈၅	၈၉၆၈ – ၃၅၈၃
၁၉၇၀/၇၁	၅၉၁၁	၈၅၂၁ – ၂၆၁၀
" ၁/၇၂	၆၈၆၀	၉၂၁၄ – ၂၃၅၄
" ၇/၇၈	၁၇၅၆၉	၂၀၈၆၅ – ၃၂၉၆
" ၈/၇၉	၁၈၅၂၇	၃၂၂၃၇ –၁၃၇၁၀

* ၎င်းတန်ဘိုးအနက် ပြည်ပချေးငွေ ထောက်ပံ့ငွေများနှင့် သွင်းခဲ့သည့် သွင်းကုန်တန်ဘိုးမှာ ငွေကျပ် ၃၀၆.၂၂ ကုဋေဖြစ်သည်။

၁၉၇၉/၈၀	၂၆၉၆၈	၄၂၀၀၉ –၁၅၀၄၉
၁၉၈၀/၈၁	၃၂၂၅၁	၄၆၃၅၀ –၁၄၀၉၉
" ၁/၈၂	၃၄၅၂၈	၅၆၁၁၃ –၂၁၅၈၅
" ၂/၈၃	၃၄၁၄၈	၆၈၇၇၅ –၃၄၆၂၇
" ၃/၈၄	၃၂၉၁၇	၄၈၉၅၃ –၁၆၀၃၆
" ၆/၈၇	၂၁၈၀၀	၃၇၅၅၀ –၁၅၇၅၀

ဒီလိုနဲ့ ပြည်ပကုန်သွယ်မှုမှာ နှစ်စဉ် အရှုံးလေး အရှုံးကြီးအရှုံး ထွက်ခဲ့တယ်၊ ပို့ကုန်တန်ဘိုးအပေါ် အရှုံးပြသည့် ပမာဏက ၁၉၆၆/၆၇ ဘဏ္ဍာရေးနှစ်တွင် ၂၁.၄၈ ရာခိုင်နှုန်း ၁၉၆၉/၇၀ ဘဏ္ဍာနှစ်တွင် ၆၆.၅၄ ရာခိုင်နှုန်း ၁၉၇၁/၇၂ နှစ်တွင် ၃၄.၃၁ ရာခိုင်နှုန်း ဖြစ်ပြီး ၁၉၆၁/၆၂ ဘဏ္ဍာနှစ်တွင် ဆန်ရောင်းလို့ရတဲ့ငွေက ၈၅.၂၁ ကုဋေ ဖြစ်သော်လဲ ၁၉၆၉/၇၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသို့တင်ပို့နိုင်တဲ့ ဆန်ပို့ကုန် ရငွေက ၂၈.၅၂ ကုဋေသာ ရတော့သည်။

ကျဆင်းလာသောပို့ကုန် အချို့၊ ငွေကျပ်သိန်း၊

အမျိုးအမည်	ဘဏ္ဍာနှစ်			
	၁၉၆၁/၆၂	၁၉၆၄/၆၅	၁၉၆၈/၆၉	၁၉၆၉/၇၀
ဆန်နှင့်ဆန်ကွဲ	၈၅၂၁	၆၄၄၉	၂၃၅၃	၂၀၅၂
ပဲမျိုးစုံ	၆၀၄	၉၇၀	၃၂၆	၄၀၀
ကျွန်းသစ်	၁၂၅၀	၁၄၆၀	၁၅၉၄	၁၁၃၃
သစ်မာ	၇၁	၁၂	၄	၆
သတ္တု	၃၆၃	၅၁၈	၂၉၀	၂၅၃
သားရေ	၀၉	၁၇	၁၁	၄

အလေးအလွှင့်တန်ဘိုးကျပ်သိန်းပေါင်း

၁၉၆၁/၆၂	၄၅၄
" ၂/၆၃	၇၅၆
" ၃/၆၄	၆၉၇

၁၉၆၄/၆၅	၇၅၉
၊ ၅/၆၆	၇၃၉
၊ ၆/၆၇	၇၆၇
၊ ၇/၆၈	၉၂၉
၊ ၈/၆၉	၉၉၀
၊ ၉/၇၀	၁၀၁၄

၁၉၇၂/၇၃ ဘဏ္ဍာနှစ် တနှစ်ထဲမှာပဲ မီးရထားဌာနပိုင် ရထားပစ္စည်းမျိုးစုံ ခြောက်သောင်းကျော်ငွေတန်ဘိုး ဆယ်သိန်း ကျော် ပျောက်ဆုံးပြီး ဟီးနိုးသင်္ချိုင်းဟု ပြည်သူက တင်စားခေါ်ဝေါ်သော ထောက်ကြန့်တွင် ဟီးနိုးဘတ်စ်ကြီး ငယ်စင်းရေ ခြောက်ရာကျော် ဆယ်နှစ်ဆယ်မိုး အမိုးအကာမရှိ ပစ်ထားကြ တယ်၊

လျှာထားနှင့်ရ ကွဲလွဲကြ၊

မဆလတို့ရဲ့ စီးပွားရေးစီမံကိန်းတို့ ဆိုရှယ်လစ် စီးပွားရေး ဥပဒေသတို့ဆိုကာ ဟိန်းအောင်ကြော်ငြာခဲ့သော်လည်း လက်တွေ့မှာ တလွဲတချော်ဖြစ်တဲ့အတိုင်း ၁၉၇၁/၇၂ ဘဏ္ဍာနှစ်ရဲ့နမူနာက အောက်ပါအတိုင်းဖြစ်ပါသည်၊

အမျိုးအမည်	လျာထားချက် ကျပ်သိန်း၊	လက်တွေ့ရ ကျပ်သိန်း
ပုလိပ်နှင့်ငါး	၇၆	၂၄
သစ်လုပ်ငန်း	၄၂၈	၃၈၂
စက်မှု	၁၂၀၄	၉၀၃
လျှပ်စစ်	၂၄၂	၁၉၂
ရေနံ	၅၀၁	၄၀၄

သယ်ယူပို့ဆောင်ရေး	၅၉၁	၃၆၄
ဘဏ်	၁၀၅၉	၇၇၉
ကုန်သွယ်ရေး	၄၄၂၃	၂၀၄၆

၁၉၇၁/၇၂ ဘဏ္ဍာနှစ်တွင် သကြားထုတ်လုပ်မှု ကဏ္ဍ ၁၆.၇%ကျဆင်းပြီး ချည်မျှင်ထုတ်လုပ်မှုပိုင်းတွင် ၃၀.၈ ရာနှုန်း နှုန်းကျဆင်းတယ်၊ တနေ့ရေနံစိမ်း အထွက်နှုန်းကလဲ ၁၉၇၂/ ၇၃ ဘဏ္ဍာနှစ်တွင် စည်ပေါင်း ၂၀၄၅၅.၂၊ ၁၉၇၃/၇၄ ဘဏ္ဍာ နှစ်တွင် စည်ပေါင်း ၁၉၃၈၇.၆ ဖြစ်သည်၊ ၁၉၇၈/၇၉ ဘဏ္ဍာ နှစ်တွင် ငွေကျပ်၁၀၂.၉၄ကုဋေဘိုး တင်သွင်းရန် စီမံချက်ရှိသော် လဲ လက်တွေ့တွင် ၇၈.၂၄ ကုဋေဘိုးသာ တင်သွင်းနိုင်ပြီး နိုင်ငံ ခြားသို့ ကုန်တန်ဘိုး ၈၅.၇၉ ကုဋေတင်ပို့ရန် စီမံချက်ကလဲ လက်တွေ့မှာ ၅၅.၅၂ ကုဋေဘိုးသာ တင်ပို့နိုင်ခဲ့တယ်။

၁၉၇၉/၈၀ ဘဏ္ဍာနှစ်က နိုင်ငံခြားမှ တန်ဘိုး ၁၀၈.၂ ကုဋေဘိုးတင်သွင်းရန် စီမံခဲ့သော်လဲလက်တွေ့မှာ ၈၄.၂၃ကုဋေ ဘိုးသာတင်သွင်းနိုင်ပြီး ၈၉.၄၆ ကုဋေဘိုး နိုင်ငံခြားသို့ တင်ပို့ ရန် စီမံတာလဲ ဆိုရှယ်လစ် ဥပဒေအတိုင်း လက်တွေ့မှာ ၇၄.၇၂ ကုဋေဘိုးသာ အမှန်တင်ပို့နိုင်သည်၊ အလားတူ ၁၉၇၃/၇၄ ဘဏ္ဍာနှစ်က ဝယ်ယူရန် လျာထားသတ်မှတ်တဲ့ စပါးတင်းက ၁၂၅၃၅၅၈၄၉ တင်းဖြစ်သော်လဲ လက်တွေ့ဝယ်ရတာက ၆၈၀၂၀၇၃၄ တင်း လျာထားချက်ထက် ၅၄.၃%သာဖြစ်သည်။

ရှုနှစ်လ ခုနှစ်ကုဋေ ဆုံးရှုံးသလေး

၁၉၆၄ ခုနှစ် မေလ ၁ ရက် ရေနံမြေမှာကျင်းပသောအလုပ် သမားနေ့ အခမ်းအနားတွင် တပြည်လုံး ဆန်ဈေးနှုန်း ဘာဈေး ဘည်းနဲ့ရောင်းဝယ်ဖို့ ဦးနေဝင်းက ကြွေးကြော်လိုက်ပြီး တောင် ပေါ်မြေပြန့်ခွဲခြားမှုမရှိရဆိုတဲ့ မူအရ ၁၉၆၄ ခု ဇူလိုင်လ

၁၂ ရက်နေ့ တစ်နိုင်ငံလုံးမှာ ဆန်စျေးကို တစ်ပြေးညီဘတ်မှတ်သည်၊ ဒီလိုနဲ့ သယ်ယူပို့ဆောင်ရေး ပို့ဆောင်ရေး လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို ထည့်သွင်းမစဉ်းစားပဲ နာမည်ယူဖို့က အဓိကဖြစ်ကဲ့အတိုင်း တောင်ပေါ်ဒေသနှင့် မြေပြန့်တစ်ပြေးညီ ဆန်စျေးသတ်မှတ်ပို့ခဲ့သဖြင့် ၎င်းနှစ်ထဲမှာပဲ ခုနှစ်လအတွင်း ငွေကျပ် ခုနှစ်ကုဋေဆုံးရှုံးရသဖြင့် "တပြေးညီ"ဆိုတဲ့ အသံ ခိုက်သွားသည်။

စက်မှုလယ်ယာ ဖြစ်မလား

၁၉၆၉-၇၀ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးပလပ်မြေဧက ၁၂.၃ သိန်းဖြစ်သော်လည်း ၁၉၇၀-၇၁ ဘဏ္ဍာနှစ်တွင် ပလပ်မြေဧက ၅၂ သိန်းဖြစ်လာသဖြင့် လယ်ယာထွက်လုပ်ငန်းမှ ငွေကျပ်လေးကုဋေခွဲဆုံးရှုံးရတယ်၊ ရေရှုတ်စက်လေးထောင်ကျော်ရှိတဲ့အနက် ထက်ဝက်ကျော်က ပျက်စီးနေတယ်၊ ၁၉၆၉-၇၀ ဘဏ္ဍာနှစ်တွင် စာရင်းအရ လယ်ထွန်စက်ပေါင်း ၆၃၀၀ ကျော်ရှိသော်လည်း လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုနိုင်သော လယ်ထွန်စက်ဦးရေက ၃၃၉၁ စီးသာဖြစ်ပြီး ထွန်စက်ဌာနတွင်ငွေကျပ် ၂၅၆ သိန်းဆုံးရှုံးသည်။

ဆုံးရှုံးမှုက ကုဋေကဋာ ကဏ္ဍတိုင်းမှာ ပျက်စီးတာ

၁၉၇၀-၇၁ ဘဏ္ဍာနှစ်တွင် ရေကြောင်းဆိပ်ကမ်း သစ်လုံးရေဘာကို သိန်းကျော်ရှိသဖြင့် ဆုံးရှုံးရငွေက ငွေကျပ်ကုဋေလေးဆယ်ဖြစ်သည်၊ ၎င်းဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလုပ်ငန်းအရပ်ရပ်ရဲ့ လေလွင့်ဆုံးရှုံးမှုက ငွေကျပ် ၁၁ ကုဋေကျော်ဖြစ်တယ်၊ ၁၉၇၄-၇၅ ဘဏ္ဍာနှစ်မှ ၁၉၈၅-၈၆ ဘဏ္ဍာနှစ်အထိ ၁၂ နှစ်တာကာလတွင် ဆယ်နှစ်အရှုံးပေါ်ရသော မန္တလေးကျောက်ပြားစက်ရုံရဲ့ ဆုံးရှုံးမှုက ငွေကျပ် ၁၃၇ သိန်းဖြစ်တယ်။

အမှတ် ၁ စက်မှုဝန်ကြီးဌာနလက်အောက်ခံ ဂုန်နီကောဇောစက်ရုံရဲ့ ၁၉၈၂ မှ ၁၉၈၆ နှစ်ထိ ဆုံးရှုံးရငွေက ငွေကျပ် ၁၉၈.၂ သိန်းဖြစ်ပြီး ၁၉၈၁-၈၂ ဘဏ္ဍာနှစ်မှ ၁၉၈၅-၈၆ ဘဏ္ဍာနှစ်ထိ အိုးအိမ်ဦးစီးဌာနက တောင်းခံလို့မရပဲ လက်ပိုက်ကြည့်နေရတဲ့ အစိုးရပိုင် အိမ်လခအကြွေးများက ငွေကျပ် ၂၁၇.၁၀ သိန်းဖြစ်တယ်၊ လှိုင်အုတ်ကျင်း ထုတ်ပိုးမှုပြင်စက်ရုံတွင် ပစ်စလက်ခပ်ထားသဖြင့် ပျက်စီးရတဲ့ ငပြာရည်ပီပါအလုံးခြောက်သောင်းကျော်၊ အမဲဆီပီပါက ခုနှစ်ထောင်ကျော် ဖြစ်သည်။

ကုန်ချောပစ္စည်း ကျပ်သိန်းသုံးရာခန့် စုပုံနေ၊ ဆပ်ပြာများ ဂိုဒေါင်မဆံ့၍ အပြင်ထုတ်ထားရဆိုတဲ့ ၁၉၇၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်ပါ သတင်းတွင်ဖော်ပြထားပြီး၊ ဧပြီလ ၁၉ ရက်နေ့ထုတ် လုပ်သားနေ့စဉ်တွင် ဆပ်ပြာသေတ္တာ ၁၆၀ ကျော် ကာဘော်လစ်သေတ္တာ ၁၃၄၀၀ ကျော် ခရေပွင့်သေတ္တာ ၂၀၀၀၀ ကျော် ကြယ်ပြာဆပ်ပြာမှုန့်သေတ္တာ ၃၄၀၀ ကျော် မွှေးဆပ်ပြာ ၂၀၀၀ ကျော် ဘင်နီးလီးယားဆပ်ပြာသေတ္တာ ၂၈၀ ကျော် ပကဆိုဒင့် သွားတိုက်ဆေးသေတ္တာ ၁၃၀၀ ကျော် ဆပ်ပြာစက်ရုံ(၂)တွင် ရွှေဒင်္ဂါးဆပ်ပြာသေတ္တာ ၁၂၀၀၀ ကျော် ပြည်သူ့ဆပ်ပြာစက်ရုံတွင် ဂျီတူးဆပ်ပြာသေတ္တာ ၅၈၀၀ ကျော် ရွှေတီးဆပ်ပြာ (စပါယ်ရှယ်) သေတ္တာ ၈၈၀၀ ကျော် ပုလဲဖြူသွားတိုက်ဆေး ဒါဇင် ၂၀၀၀ ခန့် စုပုံနေဆိုတဲ့သတင်းတွေက နေ့စဉ်ဖြစ်ပျက်ကြုံတွေ့ရတဲ့ မထူးသတင်းများဖြစ်သည်။

ဝယ်ရစပါး နဲလို့သွား ပို့တဲ့ဆန်ကကျဆင်းသွား

၁၉၆၁-၆၂ ဘဏ္ဍာနှစ်က နိုင်ငံခြားသို့ တင်ပို့နိုင်တဲ့ လယ်ယာထွက်ကုန်ပို့ကုန်တန်ဘိုးက စုစုပေါင်း ၈၄ ရာခိုင်နှုန်းဖြစ်

ယော်လ် ၁၉၇၂-၇၃ ဘဏ္ဍာနှစ်တွင် အချိုးကျကျ တိုးတက်ရေးမှုအရ ၅၁ ရာခိုင်နှုန်းသို့ ဆုတ်ယုတ်ကျဆင်းလာတယ် နှစ်အလိုက်စပါးဝယ်ယူခြင်း နိုင်ငံခြားသို့တင်ပို့ခြင်း စာရင်းက အောက်ပါအတိုင်းဖြစ်သည်။

ဘဏ္ဍာနှစ်အလိုက် ဝယ်ယူရရှိသော စပါး * တန်ပေါင်း		ပြက္ခဒိန်နှစ်အလိုက် နိုင်ငံခြားသို့တင်ပို့ ခဲ့သည့်ဆန်တန်ချိန်	
၁၉၆၁-၆၂			၁၆၇၆၀၉၂
၁၉၆၂-၆၃	၃၄၀၁၀၇၄		
၁၉၆၃-၆၄	၄၀၀၅၀၀၃	၁၉၆၂	၁၅၄၉၇၆၄
၁၉၆၄-၆၅	၄၀၃၁၅၇၅	၁၉၆၃	၁၆၀၆၀၆၆
၁၉၆၅-၆၆	၃၂၄၀၄၃၂	၁၉၆၄	၁၃၆၄၇၉၉
၁၉၆၆-၆၇	၂၀၁၇၀၀၀	၁၉၆၅	၁၂၁၅၀၃၀
၁၉၆၇-၆၈	၂၁၅၉၀၀၀	၁၉၆၆	၁၀၁၄၆၀၃
၁၉၆၈-၆၉	၂၉၃၇၀၀၀	၁၉၆၇	၄၇၀၆၃၀
၁၉၆၉-၇၀	၂၉၇၆၀၀၀	၁၉၆၈	၃၄၁၃၉၆

၁၉၇၂/၇၃ ဘဏ္ဍာနှစ်က နိုင်ငံခြားသို့တင်ပို့နိုင်သောဆန်တန်ချိန်က ၂၁၁၄၉၈ တန်သာ ဖြစ်သည်။

ဟားဟားဟားဟား၊ ရီစရာစကား၊

၁၉၆၄/၆၅ ဘဏ္ဍာနှစ်အတွက် ရသုံးမှန်းခြေ ငွေစာရင်းတင်ပြရာတွင် ခန့်မှန်းချက်များအဖြစ် အောက်ပါ ငါးချက်ကိုတင်ပြခဲ့ပြီး ဟားကွက်ဖြစ်စေခဲ့တယ်—

* စပါးတစ်ထန်သည် ၄၈.၇ တင်း

(က) လုပ်ငန်းသစ်များပေါ်ပေါက်လာမည်၊
(ခ) အလုပ်သမားနှင့် တောင်သူလယ်သမားများ ပို၍အလုပ်ရရှိကြမည်၊
(ဂ) လူသုံးကုန်ပစ္စည်း ပိုမိုများပြားလာမည်၊
(ဃ) ပြည်သူလူထုအတွင်း လှည့်လည်နေသော ငွေစက္ကူများ လျော့၍တန်ဘိုးတိုးမည်၊
(င) အလုပ်သမားနှင့် တောင်သူလယ်သမား များပိုမိုတိုးတက်လာမည်၊

မဆလတို့က "ကြိုးကြိုးပမ်းပမ်း မှုသစ္စာတမ်း" ပြီးလူထုကို အကြောင်းရိုက်ခြင်းဖြစ်တယ်၊ "ဘီလူးရဲ့ခေါင်း နတ်ရုပ်ဆောင်း၍ ပြန်ပြောင်းလိမ်လစ်စကားသစ်"ခြင်းသာဖြစ်သည်၊

ဈေးနှုန်းနှိမ် ချတန်ဘိုးကျ

မြန်မာနည်း မြန်မာ့ဟန်ကို သဘောမကျသော နိုင်ငံခြားတိုင်းပြည်များကလဲ မြန်မာဆန်ကို ဈေးနှိမ်ခဲ့သဖြင့်၁၉၀၁/၀၂ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်တစ်တန်ကို ရောင်းလျှင် အမေရိကန်ဒေါ်လာ ၃၂၀ ရရှိရာမှ ၁၉၈၆ ခုနှစ်တွင် ဆန်တစ်တန်ရဲ့ ဈေးနှုန်းက ဒေါ်လာ ၁၅၀ သာ ရတယ်။ အလားတူ ခဲမဖြူတစ်တန်လျှင် ဒေါ်လာ ကိုးထောင်ကျော်ရှိရာမှ ဒေါ်လာ ငါးထောင်သို့ ကျဆင်းလာတယ်။

ထောပတ်ပဲကလဲ တစ်တန်ကို ဒေါ်လာ ၆၁၉ ဒေါ်လာမှ ၂၆၉ ဒေါ်လာသို့၊ ပဲစဉ်းငုံ လုံးခြမ်းတစ်တန်လျှင် ဒေါ်လာ ၄၁၇ မှ ဒေါ်လာ ၂၆၂ ဒေါ်လာသို့ ဆုတ်ယုတ်ကျဆင်းလာတယ်ဒီလိုကုန်ပစ္စည်းဈေးများကို ဈေးနှိမ်သဖြင့် တန်ဘိုးကျနေစဉ် ပုဇွန်တစ်တန်လျှင် ဒေါ်လာတစ်သောင်းရတယ် ပြောသံကြားရ၍ ပုဇွန်မှန်သမျှနိုင်ငံခြားပို့ ငွေရှာရာ ပုဇွန်တစ်ပိဿာ လက်ဝယ်တွေ့ရုံမျှနှင့် ပစ္စည်းသိမ်းလူကို ထောင်ချမှုများ နယ်များတွင်ဖြစ်ပွားခဲ့ပြန်တယ်၊

အကြွေးပေါင်းစုံ ဆပ်မကုန်၊

“အကြွေးတဲ့ ပင်လယ်ဝေ
တက်တဲ့ အတိုးငွေ
ဘယ်လိုပဲ ပြန်ကာဆပ်
အသက်ရှူကကြပ်”

ဆိုတဲ့အတိုင်း ၁၉၆၂ စက်တင်ဘာလတွင် နိုင်ငံခြားသို့ ပေးဆပ်ရတဲ့ ချေးငွေပေါ်မှ အတိုးငွေက ကျပ်သိန်းပေါင်း ၅၃၅ သိန်း ဖြစ်သော်လည်း ၁၉၇၆ စက်တင်ဘာလတွင် ပေးဆပ်ရသောအတိုးငွေက ကျပ်သိန်းပေါင်း ၄၅၃၃ သိန်း ဖြစ်လာသဖြင့် “ရှစ်ဆကျော်တိုး ဟိုက်စောက်ကျိုးကိုယ်ကျိုးနဲ့ရချည့်”ဖြစ်လာရတယ်၊ ၁၉၇၆/၇၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာ ချေးငွေအပေါ် အရင်းပြန်ဆပ်ရငွေက ၁၇ ကုဋေ၊ အိုင်ဘီအီးစီသို့ ချေးငွေအပေါ် ချေးယူခဲ့သော အရင်းငွေပြန်ဆပ်ရတာက–

၁.၃ ကုဋေ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေ အဖွဲ့သို့ အရင်းပြန်ဆပ်ရငွေက ၇.၆ ကုဋေ၊ အချိန်ပိုင်းချေးငွေအပေါ် အတိုးပေးရငွေက ၂.၀ ကုဋေ အိုင်ဘီအီးစီသို့ ချေးငွေအပေါ် အတိုးပေးဆပ်ရငွေက .၅ ကုဋေ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့သို့ အတိုး ပေးရငွေက ၂.၄ ကုဋေ၊ နိုင်ငံတကာ ချေးငွေအပေါ် အတိုးပေးရငွေက ၆.၅ ကုဋေ စုစုပေါင်း နိုင်ငံခြားတိုင်းပြည်များသို့ ပေးဆပ်ရတဲ့ အတိုးအရင်းငွေများက ၃၀.၁ ကုဋေဖြစ်လေရာ ၁၉၇၀/၇၁ ဘဏ္ဍာနှစ်က နိုင်ငံခြား ချေးငွေအပေါ် ပေးဆပ်ရတဲ့ အတိုးငွေ ၂၂ ကုဋေကျော်နှင့်နှိုင်းယှဉ်လျှင် နှစ်ဆနီးပါး တိုးဆိုးလာတာတွေ့ရတယ်၊ပေးဆပ်ရတဲ့ အကြွေးပေါင်းစုံက ဇနုခုဒ္ဒက အဓောအဆုံး မဟုတ်ကော့ပဲ အကိဘာရဝန်လေးလှ၏။

Fantastic sum.

ဒီလိုနဲ့ နာဟုတသင်္ချာ ကြေးသံသရာ လူထုပေးဆပ်စရာ ဖြစ်လာသည်။

*တစ်ရာကိုတည် တစ်ဆယ်နှင့်မြှောက် တစ်ထောင်
တစ်ထောင်ကိုတည် တစ်ရာနှင့်မြှောက် တစ်သိန်း၊
တစ်သိန်းကိုတည် တစ်ရာနှင့်မြှောက် ကောဋိ
ကောဋိတစ်သိန်းတည် တစ်ရာနှင့်မြှောက် ပကောဋိ
ပကောဋိတစ်သိန်းတည် တစ်ရာနှင့်မြှောက် ကောဋိ ပကောဋိ
ကောဋိပကောဋိတစ်သိန်းတည်တစ်ရာနှင့်မြှောက် နာဟုတသင်္ချာ

---

* သာရတ္ထဒီပနီဋီကာ

၁၉၇၈/၇၉ နှင့် ၁၉၇၉/၈၀ဘဏ္ဍာနှစ်အတွင်း ပြန်ပေးဆပ်ခဲ့ရတဲ့ ချေးငွေစာရင်း

အတိုးစာရင်း၊ (ငွေကျပ်ထောင်ပေါင်း)

အမျိုးအစား	၁၉၇၈/၇၉ ဘဏ္ဍာနှစ်			၁၉၇၉/၈၀ ဘဏ္ဍာနှစ်		
	အရင်း	အတိုး	စုစုပေါင်း	အရင်း	အတိုး	စုစုပေါင်း
ငါးနှစ်အောက်ချေးငွေ	၁၆၁၆၁၅	၃၅၇၀၇	၁၉၇၃၂၂	၁၄၃၇၉၃	၃၇၅၇၂	၁၈၁၃၆၅
ငါးနှစ်မှတဆယ့်ငါးနှစ်ချေးငွေ	၁၀၅၁၈၉	၅၁၁၁၀	၁၅၆၂၉၉	၂၉၄၄၀၆	၁၁၄၉၅၉	၄၀၉၃၆၅
တဆယ်ငါးနှစ်အထက်ချေးငွေ	၆၈၈၀၀	၉၆၃၉၀	၁၆၅၁၉၀	၁၀၀၁၀၅	၁၄၀၉၃၈	၂၄၁၀၄၃

၁၉၈၀/၈၁ ဘဏ္ဍာနှစ်က နိုင်ငံခြားသို့ ငါးနှစ်အောက် ချေးငွေများအတွက် ပြန်ပေးဆပ်ရတဲ့ ငွေရင်းက ကျပ်ထောင် ပေါင်း ၃၈၅၅၀ အတိုးပေးရတဲ့ငွေက ကျပ်ထောင်ပေါင်း ၄၀၇၁ နှစ်ရပ်ပေါင်း ကျပ်ထောင်ပေါင်း ၄၂၆၂၀ ၅ နှစ်မှ ၁၅ နှစ်အတွင်း ချေးယူခဲ့တဲ့ငွေများအတွက် နိုင်ငံပေါင်းစုံသို့ ပြန်ပေးဆပ်ရငွေက ကျပ်ထောင်ပေါင်း ၃၄၀၁၈၇၄ အတိုးငွေ က ၁၅၈၉၆၆ နှစ်ရပ်ပေါင်း ကျပ်ထောင်ပေါင်း ၄၆၉၈၄၀ ၁၅ နှစ်အထက် ချေးငွေများအတွက် ပြန်ဆပ်ရတဲ့ငွေရင်းကကျပ် ထောင်ပေါင်း ၁၂၃၇၃၁ အတိုးပေးဆပ်ရငွေက ကျပ်ထောင် ပေါင်း၁၈၄၉၈၁၂ နှစ်ရပ်ပေါင်း ကျပ်ထောင်ပေါင်း ၃၀၈၇၂၄ ဖြစ်တယ်။

၁၉၈၄/၈၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ နိုင်ငံခြားသုံးငွေ ဖြင့် ကြွေးမြီအပေါ် အရင်းနှင့် အတိုးပြန်ပေးဆပ်ခဲ့ရာတွင် နိုင်ငံ တကာချေးငွေများနှင့် နိုင်ငံခြားစီးပွားရေးဘဏ်များမှ ချေးငွေ များအပေါ် အရင်းပြန်ဆပ်ရငွေမှာ ကျပ် ၈၂.၀၄ ကုဋေဖြစ် ပြီး အတိုးပြန်ပေးဆပ်ရငွေမှာ ကျပ် ၆၀.၄၁ ကုဋေဖြစ်တယ်၊ အပြည်ပြည်ဆိုင်ရာ စီးပွားပူးပေါင်းဆောင်ရွက်မှုဘဏ် (အိုင်ဘီ အီးစီ) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အချိန်ပိုင်း ချေးငွေများအတွက် အရင်းပြန်ဆပ်ရငွေက ကျပ် ၂၃.၀၂ကုဋေ ဖြစ်ပြီး အတိုးပေးရငွေက ၁၄.၅၂ ကုဋေဖြစ်တယ်၊ စုစုပေါင်း ၁၇၉.၉၉ ကုဋေဖြစ်တယ်၊

၁၉၈၅/၈၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ပကြွေးမြီများအပေါ် နိုင်ငံခြားသုံးငွေဖြင့် အတိုးအရင်းပြန်လည်ပေးဆပ်ရငွေများက နိုင်ငံတကာချေးငွေများအပေါ် အတိုးပေးရငွေက ၆၄.၄၇ ကုဋေ အရင်းပြန်ဆပ်ရငွေက ၁၀၃.၅၀ ကုဋေ အချိန်ပိုင်းချေး ငွေများအပေါ် အတိုးပေးရငွေက ၂.၇၅ ကုဋေ အပြည်ပြည်

ဆိုင်ရာစီးပွားရေးဆောင်ရွက်မှုဘဏ်သို့အတိုးပေးရငွေက ၀.၅၀ ကုဋေ အရင်းပြန်ဆပ်ရငွေက ၆ ကုဋေ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့သို့ အတိုးပေးရငွေက ၇.၉၆ ကုဋေ အရင်းပြန်ဆပ်ရငွေက ၂၃.၅၅ ကုဋေ စုစုပေါင်း နိုင်ငံခြားသို့ ပြန်လည်ပေးဆပ်ရတဲ့ နိုင်ငံခြားကြွေးက ၂၀၈.၈၁ ကုဋေဖြစ်လာခဲ့ရာ ၁၉၈၅/၈၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပကြွေးဆပ်ရတဲ့ငွေများသည် နိုင်ငံခြားသုံးငွေစာရင်းတွင်ပင်မရငွေစုစုပေါင်း၏ ၃၁.၄၈ ရာခိုင်နှုန်းအထိ လည်ပင်းကြွေးဆိုလာတယ်၊ ၁၉၈၉/၉၀ ဘဏ္ဍာရေးနှစ်တွင် ၁၉၅.၂၅ ကုဋေဖြစ်ပြီး ၎င်းနှစ်က ပြည်ပရငွေစုစုပေါင်း၏ ၄၄.၁၆ ရာခိုင်နှုန်းသည် အကြွေးပြန်ဆပ်ရသော ငွေရာခိုင်နှုန်းဖြစ်သည်။

မှန်းချက်နှမ်းထွက်ကွဲလွဲချက်

၁၉၇၀/၇၁ ဘဏ္ဍာနှစ်တွင် ၁၆ ကုဋေ လိုမည်ခန့်မှန်းသော်လည်းလက်တွေ့လိုငွေမှာ ၃၂ ကုဋေလိုငွေဖြစ်ခဲ့သလို ၁၉၇၁/၇၂ ရသုံးမှန်းခြေငွေစာရင်းတွင် ရငွေက ကျပ် ၈၉၆၀၆ သိန်း သုံးငွေက ၉၆၃၂၇ သိန်း လိုငွေက ၆၇၁၁ သိန်း တနည်းအားဖြင့် ၆၇ ကုဋေဖြစ်တယ်၊ လိုငွေနဲ့ပတ်သက်ပြီး နှစ်ရှည်ချေးငွေများနှင့် ချေးယူခဲ့တဲ့ငွေက ၁၄၉၂ သိန်း နှစ်တိုချေးငွေ ၁၁၃၆ သိန်း၊ မြန်မာဂျပန်စီးပွားရေးနှင့် ကျွမ်းကျင်မှုပူးပေါင်းအကူအညီနှင့်ယူခဲ့သောငွေက ၇၉၇ သိန်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ အထူးငွေထုတ်ခွင့်နှင့် ယူခဲ့သောငွေက ကျပ်သိန်းသုံးရာ တနည်းအားဖြင့် နှစ်ရှည်ချေးငွေ ၁၅ ကုဋေ နှစ်တိုချေးငွေ ၁၁ ကုဋေ၊ အကူအညီကောင်းတဲ့နည်းနဲ့ ယူတဲ့ငွေက ၁၂ ကုဋေ ဒီလိုချေးငွေတောင်းငွေကျပ်သိန်းပေါင်း ၄၀၄၆နှင့်တစ်ပွဲတိုးထုံးမန်းနည်းနဲ့ ယာဂီကုံစားသည်ကိုင်အောင်၊ နောက်ထပ်

လိုသေးငွေက ၂၆၆၅၂၀၀၀၀ တစ်နည်း ၂၆.၆၅ ကုဋေဖြစ်ပြန်တယ်။

ဒီလို ဟိုကချေး ဒီကတောင်းနည်းများနဲ့ ချေးယူခဲ့တဲ့ ပမာဏမှာ ၁၉၇၁ ခု ဇွန်လ ၃၀ ရက်နေ့ထိ နိုင်ငံခြားကြွေး ၁၁၁ ကုဋေရှိလာသည်၊ ၁၉၇၂/၇၃ ဘဏ္ဍာနှစ်တွင် ရငွေက ၈၃၇ ကုဋေ သုံးငွေက ၉၃၂ ကုဋေ လိုငွေအတွက် နိုင်ငံခြားမှချေးယူကျားကန်ရတဲ့ငွေက ၅၇ ကုဋေ ဒါတောင် နောက်ထပ်လိုသေးငွေက ၃၈ ကုဋေ၊ ၁၉၇၃/၇၄ ဘဏ္ဍာနှစ် ၆ လစာအတွက် ရငွေက ကုဋေ ၄၉၀ သုံးငွေက ကျပ် ၅၇၁ ကုဋေ နိုင်ငံခြားမှ ချေးယူ ကျားကန်ရငွေ ၄၄ ကုဋေ နောက်ထပ် လိုသေးငွေက ၃၇ ကုဋေဖြစ်သည်၊

၁၉၇၅/၇၆ ရသုံးမှန်းခြေငွေစာရင်းခန့်မှန်းတဲ့ လိုငွေက ၅၅ ကုဋေဖြစ်သော်လည်း အမှန်လိုလာတဲ့ငွေက ၆၇ ကုဋေဖြစ်သလို ၎င်းနှစ်မှာ နိုင်ငံခြားငွေအရ အသုံးဆိုင်ရာစာရင်းအရ လိုမယ်လို့ ခန့်မှန်းငွေက ၅.၂ ကုဋေဖြစ်သော်လည်း တကယ်လိုလာငွေက နိုင်ငံခြားငွေ ၁၈.၁ ကုဋေဖြစ်သည်။

၁၉၈၀/၈၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းလိုငွေက ကျပ်သောင်းပေါင်း ၁၀၆၉၃၁၃ နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လိုငွေက ကျပ်ထောင်ပေါင်း ၁၉၇၉၂၈၄ ဖြစ်သည်။

၁၉၈၅/၈၆ ဘဏ္ဍာနှစ် ငွေအရ အသုံးဆိုင်ရာစာရင်းအရ ငွေလုံးငွေရင်းရငွေက ၂၆.၂၄ ကုဋေ ငွေလုံးငွေရင်းသုံးငွေက ၂၂၆.၃၅ ကုဋေဖြစ်သဖြင့် ကိုယ်ကျိုးနဲရပြန်တယ်၊ "နိုင်ငံခြားငွေအခြေအနေစိုးရိမ်ရန်မရှိ လာမည့်နှစ် ပြည်ပမှ ၃၇ ကုဋေ ချေးမည် စက်ရုံဘည်ဆောက်ရေးအတွက် ၁၄ ကုဋေ ကုန်ကြမ်းနှင့်အရန်ပစ္စည်းဝယ်ရန် ၂၃ ကုဋေ" ဆိုတာကတော့ မဆလတို့ရဲ့ ဖြေရှင်းပုံ ဖြေရှင်းနည်း ပုံစံဖြစ်တယ်။

၁၉၈၇/၈၈ ဘဏ္ဍာနှစ် တနှစ်ထဲမှာပဲ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်း ၁၉ ခုရဲ့ ဖုံးမနိုင် ဖိမနိုင်ပေါ်လာတဲ့ ဆုံးရှုံးငွေ က ကျပ်သန်းပေါင်း ၁၈၂၇.၅ သန်း ဖြစ်ပြီး၊ၒင်းနှစ်ထဲမှာပဲ ရှာဖွေချေးငှါး တောင်းရမ်းရမယ် ထင်ပြီး ပိုသုံးခဲ့တဲ့ငွေကကျပ် ၁၁၅၇.၃ သန်းဖြစ်ပြန်သည်၊

မှု အနုစ္ဆိက ကပ်ဆိုက်ကြ၊

ဒီတော့ မဆလ စနစ် ဗလခပ္ပရှုပ်ထွေးတဲ့ ခေတ်က စီးပွားရေး ပုံစံကို လေ့လာလျှင် စိတ်ကူးရရာလျှောက်လုပ်၊ မဆလ ခေတ် မှာ တိုးတက်လာတယ်လို့ ဝါကြွားနိုင်ရန် နိုင်တကာမှငွေချေး စက်ရုံတွေတည်၊ ကော်မရှင်ဖြတ်စား ပစ္စည်းအသစ်စာရင်းပြပြီး ဘပတ်နွမ်း အဟောင်း အစုတ်တွေဝယ်၊ ဒီလိုစက်ရုံတွေတည် ဆောက် စက်ရုံအများ အပြားကို ရောဝတီမြစ် အနောက်ဖက် ကမ်းမှာ တည်ဆောက်ပြန်သဖြင့် **overhead charges** ဝန်ဆောင်မှုတွေပိုလာပြန်သည်။

လုပ်ငန်းအရပ်ရပ် ဆုံးရှုံး မှု လေလွင့်မှု ပျက်စီး မှု ကုန်ဈေး ကြီးမြင့် မှု ပြည်ပငွေပေးယူရှင်းတမ်းလိုငွေပြ မှု ပြည်ပ ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကြီးမားလာ မှု ကမ္ဘာ့ဘဏ်အတိုးနှုန်း ကြီးမြင့်လာ မှု ပြည်ပငွေကြေး ချေးယူနိုင်စွမ်းကျဆင်းလာ မှု နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်းကျဆင်းလာမှု မတည်ငြိမ်လာ မှု အန္တကပ်ဆိုက်ကြ ရတယ်။

ငွေတန်ဖိုး ဒလဟော ကျဆင်းခြင်း၊ **galloping inflation** ငွေစက္ကူ ပေါင်းပွ ကုန်ဈေးတက် ငတ်တလှည့် ပြတ်တလှည့်ဆိုတာတွေကတော့ ပြည်သူအတွက် **order of the day** ဖြစ်လာသဖြင့် ကုန်ထုတ်စွမ်းအားစုပေါ်မှာ မရပ်တည် နိုင်တဲ့ မဆလ အစိုးရဖြစ်သည်နှင့် အညီ "လိုငွေကို အခွန်နဲ့ရှာ မည်" ဆိုတဲ့နည်းဗျူဟာ ကျင့်သုံးပြီး အခွန်တိုးကောက်သည်၊ လိုငွေကို အခွန်နဲ့ရှာမည်။

လိုငွေကိုအခွန်နဲ့ရှာမည်

တိုင်းအလိုက်အမြတ်ခွန်ကောက်ခံခဲ့သည့် ငွေကျပ်ထောင်ပေါင်း

ဘဏ္ဍာနှစ်	ရန်ကုန်တိုင်း	ကျန်တိုင်းနှင့်ပြည်နယ် ၁၃ ခု	စုစုပေါင်းကောက်ခံရငွေ	တိုးတက်မှုရာခိုင်နှုန်း
၁၉၇၆/၇၇	၄၂၁၄၄	၅၂၇၄၀	၉၄၈၈၄	—
″ ၇၇/၇၈	၅၀၉၈၉	၆၁၉၆၀	၁၁၂၉၄၉	၁၉.၀၃
″ ၇၈/၇၉	၅၂၇၁၇	၆၅၇၉၇	၁၁၈၅၁၄	၄.၉၂
″ ၇၉/၈၀	၅၁၈၆၂	၇၀၈၃၄	၁၂၂၆၉၆	၃.၅၄
၁၉၈၀/၈၁	၅၉၂၆၆	၇၆၃၉၁	၁၃၅၆၅၇	၁၀.၅၆
″ ၈၁/၈၂	၇၉၉၁၀	၈၅၆၁၇	၁၆၅၅၂၇	၂၂.၀၂
″ ၈၂/၈၃	၁၀၂၈၈၉	၉၀၂၃၇	၁၉၃၁၂၆	၁၆.၆၇
″ ၈၃/၈၄	၁၂၁၃၀၃	၉၇၈၁၉	၂၁၉၁၂၂	၁၃.၄၆
″ ၈၄/၈၅	၁၆၀၆၂၆	၁၀၆၄၆၉	၂၆၇၀၉၅	၂၁.၈၉
″ ၈၅/၈၆	၁၉၁၀၄၀	၁၁၆၅၂၅	၃၀၇၅၆၅	၁၅.၁၅

ဒီလိုနဲ့ ငွေလိုလိုက် အခွန်တိုးကောက်လိုက် စီးပွားရေးသမားများက ပိုပေးရတဲ့ အခွန်နဲ့ ကာမိစေရန် စားသုံးသူအပေါ်တင် ''လိုး''လိုက် ဖြစ်ခဲ့ရာ ၁၉၇၆/၇၇ ဘဏ္ဍာနှစ်က အမြတ်ခွန် ၉၄.၉ သန်း ကောက်ခံခဲ့ရာမှ ၁၉၈၆/၈၇ ဘဏ္ဍာနှစ်တွင် ၄၁၉.၀၇ သန်းထိ ကောက်ခံခဲ့တယ်၊ ၁၉၈၆/၈၇ ဘဏ္ဍာနှစ်တွင် အမြတ်ခွန်ကောက်ခံရန် လျာထားငွေ ကျပ်သန်းပေါင်း ၂၄၁.၉၀ ကောက်ခံရငွေ ကျပ် ၄၁၉.၀၇ သန်း ရာခိုင်နှုန်း ၁၇၃.၈၉၊ ၁၉၈၇/၈၈ ဘဏ္ဍာနှစ်တွင် ကောက်ခံရန်လျာထားငွေ ကျပ်သန်းပေါင်း ၄၀၆.၇၀ ကောက်ခံရငွေ ၄၃၁.၀၉ သန်း ရာခိုင်နှုန်း ၁၀၆.၀၈ ဖြစ်တယ်။

အလားတူ ပြည်တွင်း အခွန်အရပ်ရပ် ကောက်ခံရငွေကျပ်ကုဋေက ၁၉၈၂/၈၃ တွင် ၃၁၀.၂၄၊ ၁၉၈၃/၈၄ ဘဏ္ဍာနှစ်တွင် ၃၂၄.၅၃၊ ၁၉၈၄/၈၅ ဘဏ္ဍာနှစ်တွင် ၃၃၁.၅၃၊ ၁၉၈၅/၈၆ တွင် ၃၃၄.၄၇၊ ၁၉၈၆/၈၇ ဘဏ္ဍာနှစ်တွင် ၃၂၃.၁၆ ၁၉၈၇/၈၈တွင် ၃၃၇.၄၉ စသဖြင့် တစ်နှစ်ထက် တစ်နှစ် ပိုပို ကောက်သဖြင့် ပိုပိုဆိုးပြီး အိုးမိုင်ဝေါ့ဖြစ်ရသည်။

မဆလ စီးပွားရေးမှာ ခိုးကြဖွက်ကြလေလွင့်ကြ ပျက်စီးကြ ဆုံးရှုံးကြ ပျောက်ဆုံးကြ၊ စာရင်းဖျောက်ကြတာတွေကတော့ 'အသင်္ချေယျအနန္တ ပုစ္ဆည်းကမ်း မသတ်နိုင်' ဖြစ်ရတယ်။ ဒီလိုဆုံးရှုံးမှုများကို ဖာထေးရန် အခွန်တိုးကောက်နည်းကိုလဲ အသုံးပြုခဲ့ရာ ၁၉၇၄ ခု ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဓါတ်ဆီအကောက်ခွန်နှုန်းကို တစ်ဂါလံ ၁ကျပ် ပြားလေးဆယ်မှ ၁ကျပ် ပြားကိုးဆယ်သို့၊ ရေနံဆီ အကောက်ခွန်ကို တစ်ဂါလံ ၁၀ ပြားမှ ၉၃ ပြားသို့၊ ဒီဇယ် အကောက်အခွန်ကိုလဲ ၂၅ပြားမှ ၈၇ပြားသို့၊ မီးထိုးဆီအပေါ်မှာလဲ ယခင် ငါးပြား ကောက်ခံရာမှ

ပြားသုံးဆယ်သို့၊ စသဖြင့် အခွန်နှုန်းထား ပစ္စည်းနှုန်းများအားလုံး 'ရှေ့သို့' ဖြစ်လာတဲ့အတွက် အခွန်အတုတ် အခွဲအခန်များလှသဖြင့် ပြည်သူတို့ဆင်းရဲရသည်၊ လူထုအတွက်ကတော့ **trouble on trouble pain on pain** ဖြစ်ရသည်၊

ဥပဒေကဲလှ မမျှတ

'Much law but little justice
ဆိုတဲ့ စကားလို မဆလ တည်မြဲရေးရှုဒေါင့် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကတော့များပါရဲ့၊ မှန်ကန် မျှတမှုပိုင်းမှာတော့မရှိသလောက် အားနည်းတယ်၊

Habeas Corpus ရှေ့တော်သွင်း စာချွန်တော်အမိန့်
Mandamus အာဏာပေးစာချွန်တော်အမိန့်
Prohibition တားမြစ်စေစာချွန်တော်အမိန့်
Quo Warranto အာဏာပိုင်မေးစာချွန်တော် အမိန့်
Certiorari အမှုခေါ် စာချွန်တော်အမိန့်

စတဲ့ မတရား ဖမ်းဆီးချုပ်နှောင်မှုများကို အကာအကွယ်ပေးနိုင်သော စာချွန်တော်အမိန့်များကို မဆလ တက်လာကတည်းက ပွဲဦးထွက်ရုပ်သိမ်းခဲ့သဖြင့် တရားဥပဒေတရားမှာ မျှတမှုမရှိပါဘူးဆိုရင်မှန်သော သစ္စာစကားသာ ဖြစ်တယ်၊ ဥပဒေပြဋ္ဌာန်းရာမှာလဲ ရည်ရွယ်ချက်ကိုမဖော်ပြပဲ ''ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်'' ဆိုတဲ့ အသုံးအနှုန်းနဲ့ လူထုကို ထပ်ဆင့်စော်ကားသည်၊

adding insult to injury သဘောဖြစ်သည်၊
class govt: & class law ဆိုတဲ့အတိုင်း အုပ်စိုးသူလူတန်းစားနှင့် လူတန်းစားကာကွယ်ရေး ဥပဒေဟာ ခွန်တွဲသွား

တယ်ဆိုတဲ့ နိယာမတရားအတိုင်း မဆလ ခြယ်လှယ်သူ လူတန်းစားက သူတို့လူတန်းစားအကျိုးစီးပွားကာကွယ်ဖို့ ဥပဒေအမျိုးမျိုးကို ပြဋ္ဌာန်းခဲ့ရာ''နိုင်ငံတော်အား နှောက်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ'' ဆိုတဲ့ ဥပဒေတစ်ခုဟာလဲ အပါအဝင်ဖြစ်တယ်၊ ဒီနေရာ နိုင်ငံတော်ဆိုသော စကားရပ်သည် အုပ်စိုးသူ မဆလဆိုတာနားလယ်ဖို့လိုတယ်၊ ၎င်း ဥပဒေကို ၁၉၇၅ ခု ဇန်နဝါရီလ ၁၆ ရက်နေ့ ကျင်းပသော ပထမ အကြိမ် ပြည်သူ့လွှတ်တော် ပထမ အသူး အစည်းအဝေး စတုတ္ထနေ့တွင် ပြဋ္ဌာန်းခဲ့တယ်၊

၎င်းဥပဒေတွင်–

'နိုင်ငံတော်၏ အချုပ်အခြာ အာဏာနှင့် နိုင်ငံတော်၏ လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကို ဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခဲ့သည်၊ သို့မဟုတ် ပြုလုပ်နေသည်၊ သို့မဟုတ် ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်'' ဆိုတဲ့ ပြဋ္ဌာန်းချက်ပါသဖြင့် ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားပြရန်မလိုဘဲ **burden of proof** ပြရန်မလိုဘဲ ယုံကြည်ယုံမျှပင် ဖမ်းဆီးနိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်သည်။

And that each day is like a year,
A year whose days are long
And some grow mad, and all grow bad
And none a word may say

ဆိုတဲ့ **Oscar Wilde 1856/1900** ၏ ကဗျာလို စွပ်စွဲခံရသူ ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းရှင်းစွာ သက်သေပြရန်မလိုဘဲ ယုံကြည်မှု ရှိရုံနှင့် ဖမ်းဆီးနိုင်တဲ့အတွက် ဒီလိုတစ်ဘက်သတ် အဖမ်းခံခံသူများ အနေနှင့် ကာယစိတ္တ အနိဋ္ဌာရုံများ တွေ့ကြုံရသည်၊

ဤသို့ဖြင့် **in the name of law and order, tyranny flourishes** ဆိုတဲ့ စကားအတိုင်း ''တရားဥပဒေနှင့် ငြိမ်ဝပ်ပိပြားရေး'' ဆိုတဲ့ နဖူးစည်းအောက်မှာ မတရားမှုများ ပွားစီးပြီး ပြည်သူတို့ ခါးစီးခံကြရတယ်၊

''နိုင်ငံရေးပင်စင် ကိုယ်ကျိုးတွင်''

နိုင်ငံရေးပင်စင် ကိုလိုနီခေတ်ပုံခံ၊ နိုင်ငံရေးပင်စင် ဥပဒေကို ၃၁ ဌာန အုပ်ချုပ်ရေးခေတ် ၁၉၃၉ ခုနှစ်တွင် လူနည်းစု လက်တစ်ဆုပ်စာ မင်းမျိုးမင်းဆွေတို့အတွက် ရည်စူးပြီး ပြဋ္ဌာန်းခဲ့တယ်၊ ၎င်းနိုင်ငံရေးပင်စင်ဥပဒေကြမ်းကို ဦးဘလှိုင် ကြို့ကုန်း၊ ဦးဘရွှေ မန္တလေး၊ ဦးဘဦး မန္တလေး၊ ဦးဘသိ တောင်တမန်၊ ဦးဘကြီး မင်းဘူး၊ ဒေါ်အမာ စစ်ကိုင်း၊ ဦးမြေ တောင်တွင်းကြီး၊ ဦးအောင်သာ အသုပ်၊ ဦးကြာကိုင် ပဲခူး၊ ဦးဘသိ မြင်းခြံ၊ ဦးအုံကြီး ပခုက္ကူ၊ ဦးဖေမောင် မအူပင်၊ ဦးလှဖေ သိမ်ဆိပ်၊ ဦးပု မကွေးအနောက်မြောက်၊ ဂန့်ဂေါခင် မန္တလေးတို့ ပါဝင်သော ဥပဒေကြမ်း စီစစ်ရေး ကော်မတီက ၂၇ကြိမ် ဆွေးနွေးပြီး ၎င်းဥပဒေကြမ်းကို ဦးဘလှိုင်က လွှတ်တော်သို့ တင်သွင်းပြီး ဦးဘကြီးက ထောက်ခံပြီး ၁၉၄၀ ဧပြီလ ၁၃ ရက်

နေ့ ကျင်းပသော လွှတ်တော်က ၁၉၄၀ ခုနှစ် * ဥပဒေအမှတ် ၁၃ အဖြစ် အတည်ပြု ပြဋ္ဌာန်းခဲ့တယ်၊ ၁၉၄၁ ခုနှစ် ဥပဒေအမှတ် ၁၀ဖြင့် ပြင်ဆင်ချက်ဥပဒေ ပြဋ္ဌာန်းခဲ့တယ်၊ ၁၉၄၀ ခုနှစ် ဩဂုတ်လ ၂၂ရက် နေ့စွဲပါ ပြည်ထဲရေးဌာန အတွေထွေဌာနစု၏ကြေညာချက် အမှတ်၇၁ဖြင့်နိုင်ငံရေးပင်စင် နည်းဥပဒေ ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံရေးပင်စင်၊ ပါလီမန်ခေတ်ပုံစံ၊

ပါလီမန်ခေတ်တွင် နိုင်ငံရေးပင်စင် ပေးခဲ့သူ လေးဦးဖြစ်ရာ ၎င်းတို့မှာ ဝန်သိုခေတ်ဘွားကြီး ဦးအောင်မြတ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဘင်္ဂလိန်ခန္တီးခေတ်ဘွားနှင့် သောင်သွပ်ခေတ်ဘွားတို့ ဖြစ်ပြီး ၎င်းတို့ရသော နိုင်ငံရေးပင်စင် လစဉ်ငွေက ခေါင်းဆောင် သောင်သွပ်ခေတ်ဘွား တစ်လခြောက်ရာကျပ် ခေတ်မြစ်နှ ဘင်္ဂလိန်ခန္တီးခေတ်ဘွား တစ်လ သုံးရာကျပ် သခင်ကိုယ်တော်မှိုင်းနှင့် ဦးအောင်မြတ်တို့က တစ်ဦး တစ်လ ငါးရာကျပ်စီ၊

နိုင်ငံရေးပင်စင်၊ မဆလပုံစံ၊

၁၉၈၀ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ အစည်းအဝေး စတုတ္ထနေ့တွင် မဆလ သူတန်းစားအတွက် ၁၉၈၀ ခုနှစ် ဥပဒေ အမှတ် ၄ ဖြင့် နိုင်ငံရေးပင်စင် ဥပဒေ ပြဋ္ဌာန်းခဲ့ရာ ၎င်း ဥပဒေအရ သမ္မတ လုပ်ခဲ့သူအတွက် ပင်စင်လစာ တစ်လလျှင်

---

* လွှတ်လပ်ရေး အကြိုခေတ် ၁၉၄၆ ခုနှစ် ဥပဒေ အမှတ် ၁၀ ဖြင့် နိုင်ငံရေးပင်စင် ဥပဒေကို ရုပ်သိမ်းခဲ့သည်။

ငွေ နှစ်ထောင်ကျပ်၊ ဗဟိုလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ လုပ်ခဲ့သူ လစဉ်ပင်စင်ငွေ ကျပ်နှစ်ထောင်၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ လုပ်ခဲ့သူ လစဉ်ပင်စင်ငွေလစာ နှစ်ထောင်ကျပ်၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီ လုပ်ခဲ့သူ တစ်လငွေ ကျပ်နှစ်ထောင်၊ ပါတီ ဥက္ကဋ္ဌလုပ်ခဲ့သူ လစဉ်တစ်လ ကျပ်နှစ်ထောင် ဗဟိုလုံခြုံရေး အစိုးရ ဝန်ကြီးချုပ်လုပ်ခဲ့သူ ပင်စင်လစာ တစ်လ ၁၀၀၀ကျပ် ဝန်ကြီးချုပ် လုပ်ခဲ့သူလစဉ် ပင်စင်လစာငွေ ၁၀၀၀ကျပ် လို့ ကိုယ့်အိုးပဲထဲ ကိုယ်ဖိုတ်ခဲ့ကြတယ်။

ဒီလိုနဲ့ ဖေါ်ပြရာသူးများမှာ လုပ်ခဲ့သူဆိုလျှင် တစ်လလျှင် နိုင်ငံရေးပင်စင်လစာငွေ ကျပ် ၁၃၆၀၀ ကျပ် ရခွင့်ရှိတယ်၊ ဒါက "ဥပဒေနှင့်အညီ" "ဥပဒေအရ" ဖြစ်တယ်၊ ၎င်း မဆလ နိုင်ငံရေးပင်စင် ဥပဒေအရ ရပ်ကွက်ကောင်စီဝင်ဆိုသူ အထိ အားလုံးအားလုံးသော မဆလများ နိုင်ငံရေးပင်စင်ငွေ ရကြတယ်၊ အားလုံးက အာဏာပိုင်ကိုး၊ ၎င်းဥပဒေအရ နိုင်ငံ ရေးပင်စင် ခံစားခွင့်ရှိသော မဆလ ရပ်ကွက်ကျေးရွာကောင်စီ ဝင်ဆိုသူဦးရေက ၁၆၆၇၆၃ ယောက် မြို့နယ်ကောင်စီဝင် ဆိုသူက ၂၂၈၅၀ ယောက် တိုင်းနှင့်ပြည်နယ် ကိုယ်စားလှယ် ဆိုသူက ၉၇၆ ယောက် လွှတ်တော်ကိုယ်စားလှယ် ဆိုသူက

၄၀၃ ယောက် ဖြစ်လေရာ ဒီလိုနိုင်ငံမှ ဖွဲ့ဟ်မတက်ရင် ဘယ်နိုင်ငံမှ မခွဲဘူး။

ကိုယ်အတွက်ကိုကာ ပညာပါ

ဂျင်းနိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၂၆ ၌ နိုင်ငံရေးပင်စင်ပေါ် တွင် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်၊ ပုဒ်မ ၂၇ တွင် နိုင်ငံရေးပင်စင်ကို မည်သည့်တရားစီရင်ရေးအဖွဲ့ကမှ ဝါး ရမ်းကပ်ခြင်း သိမ်းယူခြင်းမရှိစေရလို့ "ဥပဒေနှင့်အညီ" "ဥပဒေအရ" ကာကွယ်ပြီး ၁၉၈၀ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က စပြီး နိုင်ငံရေးပင်စင်ကို စားကြ ဝါးကြတယ်၊ သုံးလေးနှစ် လောက် လက်ခုပ်တီးရုံနဲ့ ပင်စင်ရတယ်ဆိုတာကလဲ ကမ္ဘာ့ရှား ပင်စင်ဖြစ်သည်။

နောက်ဖာစ်ခုကလဲ အချိန်ကာလ လေးနှစ်လောက်ကို ခလုပ် နှိပ်ရုံ၊ လက်ခုတ်လက်ဝါးတီးရုံ ကြွေးကြော်သံ အော်ဟစ်ရုံနှင့် လဲ ဝီသေသပါပဲ၊ လေးနှစ်အတွင်း အခွင့်အရေးပေါင်းစုံကို အကြန့်အသတ် အတားအဆီးရယူပြီး ပြည်သူ ကို ဖိ နှိပ် သည်၊ "အားလုံးဖိနှိပ်အကုန်ရယူ" နည်းဗျူဟာကျင့်သုံးခဲ့တယ်၊ လေးနှစ်နိုင်ငံရေးလုပ်စားပြီးတော့လဲ ပင်စင်ရသေးတယ်ဆိုတော့ "သူလဲ မဆလာညာစားမှာ၊ ငါလဲမဆလာလူလိမ်ပါ" ဖြစ်လာကြတယ်။ နိုင်ငံရေးပင်စင်ရတယ်လို့လဲ ကြားရော အခွင့်အရေးဆိုလျှင် အသေရရ အရှင်ရရ ငမ်းငမ်းတက်တဲ့ ပြူရိုကရက်အစုတ်အပဲ့များကမဆလနိုင်ငံရေးစားကွက်မှာအတင်းဝင်ပြောင်နေရာ လုပ်တဲ့ လုပ်ရပ်လုပ်ကွက်း ထင်လင်းလာသည်။

မဆလခေတ် အရေးအခင်းများ

မဆလတို့၏ ဗရမ်းပတာအုပ်ချုပ်မှုကြောင့် ၁၉၆၉ ခုနှစ်တွင် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲအရေးအခင်း ၁၉၇၀ ခုနှစ် ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင် အရေးအခင်း၊ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်း၊ ဒီဇင်ဘာလ ဦးသန့်ဈာပန အရေးအခင်း၊ ၁၉၇၅ ခု ဇွန် ကျောင်းသား အရေးအခင်း၊ ၁၉၇၆ ခု သခင်ကိုယ်တော်မှိုင်း ရာပြည့်အရေးအခင်း၊ ၁၉၈၈ ခု ဖုန်းမော်အရေးအခင်း၊ ကျောင်းသားများ အရေးအခင်း စသည်ဖြင့် ဆူပူအုံကြွမှု ဆန္ဒပြမှု မကျေနပ်မှုများ ဖြစ်ပွားခဲ့ရာ ထိုအရေးအခင်းများနှင့် ပတ်သက်၍ မဆလသည် အရေးအခင်းများ၊ ဆိုးကျိုးများဖြစ်ပေါ်စေတဲ့ အကြောင်းတရား အမှန်ကို ရှာဖွေခြင်း သုံးသပ်ခြင်း၊ မိမိတို့၏ မှားယွင်းဖောက်ပြန်သော ပေါ်လစီကို ပြင်ဆင်ခြင်း၊ ပြည်သူတို့ ခံစားနေရသည့် human and emotional factor ကို ထည့်သွင်းစဉ်းစားခြင်းမပြုပဲ လက်ဝဲလက်ျာ မြေပေါ်မြေအောက် အဖျက်သမားပြန်များလို့ နာမည်တပ်သည်၊ မဆလပါတီထဲကွန်မြူနစ်များ တော မည်သူ သွတ်သွင်းခဲ့ပါသနည်း?

> "ကြမ်းခက်ထန် မျက်ဒေါသ ပွက်လောထဆူညံ ပျက်လောကပူလျှံကို မှုမမှန်ဖြစ်ခြင်း ရန်ညှိဖွဲ့ပစ်ခတ်သံ လည်စင်းခံများလူခပင်း" ဆိုသလို ကျည်ဆံနည်းနဲ့ ဖြေရှင်းသည်။

"နောက်ကျရင် ကျွန်တော်တို့လည်းမခွေဘူးမပြောနိုင်ဘူး၊ ခွေသွားရင် အောက်ကလူထုက ကျွန်တော်တို့ကိုဆုံးမရပါလိမ့်မယ်" လို့ ၁၉၆၃ ခုနှစ် မေလ ၁ ရက် ကျိုက္ကဆံကွင်း အလုပ်သမားနေ့မှာ ဦးနေဝင်းပြောခဲ့သလို ဖောက်ပြန်သော မဆလများကို လူထုက ဆုံးမရန်ဖြစ်ပေါ်လာတဲ့ အုံကြွမှုများ ဖြစ်သည်၊

ပြဿနာအစ မွေးကြီးက

မဆလခေတ် ပွဲဦးထွက်လာရာက နှစ်ရက် ခုနစ်လ ဇာတ်လမ်းဖြစ်တယ် ဒီဇာတ်လမ်းရဲ့ မြစ်ဖျားခံရာကတော့ အိမ်စောင့်အစိုးရလက်ထက်က၊ မော်တော်ယာဉ်များတပ်ရဲ့ တပ်မှူး ဖြစ်သူ ဗိုလ်မှူးလှမြင့် ခေါ် မွေးကြီးက ဘယ်လ်အဲချက်ပင် လက်ဆွဲကွန်းကားနဲ့ ရန်ကုန်ကိုလာတယ်။

ကားမောင်းလူက မြို့မအေးသိန်း၊ ဗိုလ်ကြီးအေးသိန်းဖြစ်ပြီး ပြည်လမ်းမပေါ် မီးပွိုင့်အနီး လမ်းဖြတ်ကူးတဲ့ တက္ကသိုလ်ကျောင်းသားကို ဝင်တိုက်မိတယ်၊ ဒါကြောင့် အချင်းဖြစ်နေရာကို ကျောင်းသားတွေ ဝိုင်းလာတော့ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုခြင်းမပြုပဲ ခြောက်လှန့်ပြုနဲ့ ထုတ်ချိန်သာဖြင့် ပြဿနာကြီးထွားလာသည်။

ဒါကို အကြောင်းပြုပြီးကျောင်းသားများ ဝိုင်းလာရာ မွေးကြီးတို့ဆရာတပည့်လဲ ဘာလုပ်ရမှန်းမသိတော့ ဘယ်လ်အဲကားကြီး မောင်း၍ ထွက်ပြေးသဖြင့် ကျောင်းသားထုက တက္ကသိုလ်စမ္မာရုံနှင့် မျက်နှာချင်းဆိုင်မှာ ဝိုက်ထိုးသော "နဂါး" တံဆိပ် အတ်စ်ကားများနဲ့ ညာသံပေးလိုက်ကြသည်၊ ရှေ့က မွေးကြီးတို့ပြေးနောက်က ကျောင်းသားတွေရဲ့ နဂါးကားနဲ့လိုက်နဲ့ နောက်ဆုံးတော့ မွေးကြီးတို့လဲ ကြောက်အားလန့်အား ကားမောင်းပြေးရင်း ဟံသာဝတီ အဝိုင်းကြီးပေါ် ကားတက်သွားပြီး ပက်လက်လန်မှောက်သွားသည်၊

မွေးကြီးတို့လဲ ခြောင်းမြန်စောက်ထိုး တိုးမိတိုးရာတိုးထွက်ပြေးလို့ အသက်ချမ်းသာရာ ရသွားသော်လဲ ပက်လက်လန်နေတဲ့ ဘယ်လ်အဲကားကြီးကို ကျောင်းသားများက ဓာတ်ဆီလောင်းမီးသင်္ဂြိုဟ်ခဲ့သည်၊ ဟံသာဝတီအဝိုင်းကိုလဲ "မွေးကြီးအဝိုင်း" လို့ တက္ကသိုလ်ကျောင်းသားလောကမှာ အမည်တွင်ခဲ့သည်၊ဒါက တော့ ၁၉၆၂ ခုနှစ် ဇူလိုင်လ ပြဿနာအစရဲ့ အစဖြစ်လေသည်၊

"လက်နက်နည်းနှင့် ဖြေရှင်းသည့် တက်တက်စင်အောင်မှားလေပြီ"

မဆလအစိုးရက အာဏာရတဲ့အချိန်ကပြီး ကျောင်းသားထုကို အပိုးကျိုးအောင် နှိမ်မည်ဆိုတဲ့ ခံယူချက်နှင့် ကျောင်းစည်းကမ်းများကို ကင်းကြပ်ခြင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ကျောင်းသားကိုယ်စားလှယ် တစ်နေ့အားဖြင့် တကသကိုယ်စားလှယ်ပါဝင်ခွင့်ကို ရုပ်သိမ်းခြင်း၊ ကျောင်းဆောင်အုပ်ချုပ်ရေး ကော်မတီတွင် ကျောင်းသားကိုယ်စားလှယ် တနည်းအားဖြင့် ကျောင်းဆောင်များ၏ သဟာယနှင့် ဓာတ်အသင်းများအဖွဲ့ ချုပ်ကိုယ်စားလှယ်များပါဝင်ခွင့်ကို ရုပ်သိမ်းခဲ့ခြင်းဖြင့်ပြဿနာ စခဲ့တယ်၊

ငွေအခွင့်အရေးများက ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက တက္ကသိုလ်ကျောင်းသားများကို ပေးခဲ့တဲ့အခွင့်အရေးဖြစ်တယ်၊ ငွေအခွင့်အရေးများကို မဆလအစိုးရက ရုပ်သိမ်းလိုက်သဖြင့် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ ကျောင်းများ အစီပတီလမ်းအတိုင်း တက္ကသိုလ် ကျောင်းဝင်းအဝင်းလှည့်လည် ကြွေးကြော် ချီတက်တယ်၊ ငွေနေ့ ညနေလည်တွင် ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးပြီး ဆူပူမှုဖြစ်ပွားတယ်၊

ဒါကြောင့် အရာရာကို သေနတ်က အဆုံးအဖြတ်ပေးသည် ဆိုတဲ့မူကို လက်တွေ့ကျင့်သုံးလာတဲ့ မဆလများက ကျည်ဆန်နှင့် ပြဿနာကို ဖြေရှင်းခြင်းဖြင့် သွေးမြေကျ ဇာတ်လမ်းစသည်။

*''ဂျီသရီး''

ဂျီ ၃ ဂျီ ၄ ပစ်ခတ်သံ
မိုးလုံးဒကဲဒကဲညံ
သေနပ်သံ ညံမစဲ
ကျောင်းသားသတ်တဲ့ပွဲ
သ...ကြီး ဖျက်ဆီးရန်
ချက်ခြင်း ညွှန်ကြားပြန်
ပစ်သံခတ်သံ အော်သံများ
ကမ္ဘာပျက်ပြီလား

The CETME was design at Centro Estudious Tecnicos, Y Materials Especiales, Madrid,Spain.during1950,based on an experimental design developed by Mauser factory,

---

* Designation W. Germany G3[CETME]
Weight 11. 3 lb loaded
Length 39.4″
Barrell 17.4″
Caliber 7.62 m.m.
Bulletwt 110gr;
Bullet L 1.71″
Muzzle velocity 2493 F.P.S.
Range effect 600 yds;
Rate of fire
Semi automatic 60 rounds per min;
full automatic 120 rounds per min;
cyclic rate 550-600 rounds per min;

Oberndorf, Germany, in 1943. The W. German armed forces adopted the CETME in 1961 under the designation G 3

ဆိုသည့် သျှင်ရဲလှ၏ ''ဂျီသရီး''ကဗျာအတိုင်း လက်နက်မပါ ဆန္ဒပြတဲ့ ကျောင်းသားများကို လက်နက်အင်အားသုံး ပစ်ခတ်နှိမ်နင်းခြင်းဖြင့် ခုနစ်ရက် ခုနစ်လ အရေးအခင်းနဲ့ မဆလဇာတ်ခင်းခဲ့သည်၊ ပစ်ခတ်ရာမှာ တက္ကသိုလ်ကျောင်းဆောင်များပေါ်သို့ တက်ရောက်ပြီးမြင်မြင်သမျှကိုပစ်ခတ်ရာ မန္တလေးကျောင်းဆောင်က အနာဆုံးဖြစ်ကယ်၊ မန္တလေးကျောင်းဆောင် ဆင်ဝင်အောက်မှာပင် အတုန်းအရုန်း ကျဆုံးရသည်။

အာဃာတနှင့်

ယင်းနေ့က ပြည်ထဲရေးဝန်ကြီးဖြစ်သူ တော်လှန်ရေးကောင်စီဝင် ကာနယ်ကျော်စိုးက မြန်မာ့အသံ အသံလွှင့်ရုံမှာ ရုံးထိုင်ပြီး ရှေ့တန်းမှူးလုပ်ပြီး ညွှန်ကြားတယ်၊ တက္ကသိုလ်နယ်မြေမှာတွင် တော်လှန်ရေးကောင်စီဝင်များဖြစ်သော ကာနယ်လှဟန်နှင့် ကာနယ်သန်းစိန်တို့က အနီးကပ် ကြီးကြပ်ကွပ်ကဲသည်၊ ကာနယ်မင်းသိမ်း လက်မှတ်ရေးထိုးသော အမိန့်ဖြင့်သမိုင်းဝင် တကသ အဆောက်အဦကို ဗုံးခွဲဖျက်ဆီးသည်၊

ထိုစဉ်က အတည်ဖြစ်နေသော လုပ်ထုံးလုပ်နည်းက ပြဿနာဖြစ်လာရင် ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး **Rgn D.M** က အဓိကရုဏ်းနှိမ်နင်းရေး လက်စွဲဥပဒေအရ မီးသတ်ပိုက်နှင့် လူစုခွဲရမည်လား၊ နံပါတ်တုတ်နှင့်ရိုက် လူစုခွဲရမည်လား၊ ပစ်ခတ်၍ လူစုခွဲရမလားဟု အခြေအနေပေါ် ကိုယ်တိုင်ကိုယ်ကျ ရှေ့လာသုံးသပ်ပြီး ဆုံးဖြတ်ချက်ချ အမိန့်ပေးရမှာဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးရဲ့ အလုပ်တာဝန်မဟုတ်ဘူး၊ ဒါပေမယ့် ကျောင်းသားများကို အပိုးကျိုးအောင်နှိမ်မည်ဆိုတဲ့သဘောထား အရ ပြည်ထဲရေးဝန်ကြီး တော်လှန်ရေးကောင်စီဝင် ကာနယ် ကျော်စိုးကိုယ်တိုင် အဓိကရုဏ်း နှိမ်နင်းရေးဥပဒေကိုဘေးဖယ်ပြီး ဥပဒေပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်းများကို မျက်ကွယ် ပြုပြီး ဝန်ကြီးဆိုသူများကိုယ်တိုင် ကိုယ်ကျ ဦးစီးကွပ်ကဲသတ် ဖြတ်ခဲ့ခြင်း ဖြစ်သည်၊

မီးသတ်ကားပါသော်လဲ အဓိကရုဏ်းလက်စွဲဥပဒေမှာဖော်ပြ ထားသလို မီးသတ်ပိုက်နဲ့ပက်ပြီး လူစခွဲရန်မဟုတ်ဘူး၊ သေနပ်စာ မန့်လို့ သေကြေရတဲ့ သွေးမြေကျရတဲ့ ကျောင်းသူကျောင်းသား များရဲ့ သွေးကွက်တွေကို ချက်ခြင်းမီးသတ်ပိုက်နှင့် ပက်ဖျန်း ဖျောက်ဖျက်ရန်ဖြစ်သည်၊ သက်သေခံပစ္စည်းကို ရေပိုက်နဲ့ ဆေး ကြောဖျောက်ဖျက်ရန် ဖြစ်သည်။

ဒါးကိုဒါးချင်း လှံကိုလှံချင်း၊

၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက် ည ၇ နာရီအချိန် ဗိုလ်ချုပ် ကြီးနေဝင်းက အောက်ပါအတိုင်း အသံလွှင့်မိန့်ခွန်းပြောတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ဒီနေ့ဟာ ကျွန်တော်တို့ တော်လှန်ရေးကောင်စီ အတွက် အထူးစိတ်မချမ်းမသာဖြစ်ရတဲ့ နေ့တနေ့ဖြစ်ပါတယ်၊ ပြဿနာ အမျိုးမျိုးကို တတ်နိုင်သမျှ သာယာညင်သာပြောင်းစွာနဲ့ ဖြေရှင်းဖို့ တော်လှန်ရေးကောင်စီ အနေဖြင့် အစဉ် ဦးစားပေးခဲ့ပါတယ်၊ သို့သော်လဲ ရန်ကုန်တက္ကသိုလ် ကျောင်းသားများရဲ့ ကိစ္စမှာ ညင်သာသာ ဖြေရှင်းလို့ မရနိုင်တော့အောင် တစ်ဘက်မှ ဖန်တီးလာတဲ့အတွက် ကျွန်တော်တို့အနေဖြင့် မလွှဲမရှောင်သာ

လို့ ရှိတဲ့အား တစိတ်တဒေသကို အသုံးပြုပြီး ဖြေရှင်းလိုက်ရ ပါတယ်၊ အဲဒီအတွက်ကြောင့်ကျွန်တော်တို့တတွေမှာ စိတ်မချမ်း မသာခြင်း ဖြစ်ရပါတယ်။

စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာ ဖြစ်ချင်တိုင်း ဖြစ်နေတာကို ကြည့်နိုင်လို့ ကျွန်တော်တို့ အခြေအနေ ဝင်ထိန်းခဲ့ရတာကို တိုင်းပြည်က သိပြီးပါပြီ၊ ဒီစည်းမဲ့ကမ်းမဲ့ဘဝကိုတော့ ပြင် ရမဲ့တာဝန်ဟာ ကျွန်တော်တို့အပေါ် ကျရောက်နေခဲ့ပါသဖြင့် ကျွန်တော်တို့ဟာ တိုင်းပြည်ကိစ္စအဝဝမှာ စည်းကမ်းကလနား သတ်မှတ်ပေးဖို့ ဆုံးဖြတ်ပြီးပါပြီ။

အဲဒီ ဆုံးဖြတ်တဲ့ ကိစ္စတစ်ခုအနေဖြင့်လည်း ယခု ရန်ကုန် တက္ကသိုလ်မှာ စည်းကမ်းကန့်သတ်တာကို တစ်ဖက်မှ ကလန် ကဆန် အကြမ်းဖက်ခဲ့တာကြောင့် မလွှဲမရှောင်သာတော့သဖြင့် အထက်ကပြောခဲ့တဲ့အတိုင်း ရှိတဲ့အားတစ်စိတ်တဒေသကို သုံးခဲ့ ရပါတယ်။

ကျွန်တော်တို့ တော်လှန်ရေးကောင်စီအနေဖြင့် စည်းကမ်း ကလနား သတ်တာကို ကပျက်ယပျက်လုပ်ကြရင် ပြတ်ပြတ် သားသား အရေးယူရမယ်ဆိုတာ အသိပေးလိုပါတယ်၊

ကျောင်းသားလောက တစ်ခုလုံးကို တိုင်းပြည်တာဝန် ဦးစီး ထမ်းဆောင်နေရသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပြောလိုတာ ကတော့ တိုင်းပြည်ကို တကယ်တိုးတက်အောင် ပြုပြင်ဆောင်ရွက် လိုလျှင် တကယ်ပညာတတ်ဖို့ဟာ အရေးကြီးပါတယ်၊ ဘွဲ့ရဖို့ လောက် စာမေးပွဲအောင်ဖို့လောက်သာ ယခုတော့ အရေး ကြီးတယ်လို့ ထင်နေကြတာ၊ အဲဒါဟာ အင်မတန် မှားယွင်းတဲ့ အမြင်ပဲ၊ ဒီစာမေးပွဲအောင်ပြီး တကယ် ပညာမတတ်ကြရင်

နှဖူးတွေ့ဒူးတွေ့ လုပ်ကြတဲ့အခါမှာ အခက်အခဲများကို ရင်ဆိုင်ကြရပါလိမ့်မယ်။

အဲဒီလို ရင်ဆိုင်တဲ့အခါမှာလဲ တကယ်ပညာမတတ်ရင် အရှုံးဆိုတဲ့ အဖြေတစ်ခုပဲ ထွက်ပါလိမ့်မယ်၊ အဲဒီအရှုံးဟာ တစ်ဦးတစ်ယောက်ထဲက ခံရတာမဟုတ်ဘဲနဲ့ တစ်တိုင်းပြည်လုံး ခံရမဲ့အရှုံးဆိုတာ သိနားလည်စေချင်ပါတယ်၊ ဒါကြောင့် စာမေးပွဲအောင်ဖို့ သွဲ့ရဖို့ထက် တကယ်ပညာတတ်အောင် ကြိုးစားပါလို့ ပြောလိုပါတယ်။

နိဂုံးချုပ် ပြောလိုတာကတော့ ယခု ဖြစ်ပျက်ခဲ့တဲ့ ကိစ္စဟာ ကျောင်းသားများရဲ့ ကိစ္စတစ်ခုမဟုတ်ဘဲ နိုင်ငံရေးပယောဂအမှောင့်များ ဖမ်းစားတယ်ဆိုတာ ကျွန်တော်တို့ ရိပ်စားမိပါတယ်၊ အဲဒီလို ပယောဂဝင်ပူးတဲ့ အဖွဲ့အစည်းတွေကို ပြောလိုတာကတော့ တိုင်းပြည်မျက်နှာကိုထောက်လျှင် ကျွန်တော်တို့ လုပ်စရာရှိတဲ့ လုပ်ငန်းတွေကို လုပ်ခွင့်ရအောင် အချိန်ပေးစေလိုပါတယ်။

ဒါ ဘာပြုလို့ ပြောရသလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်မှာ အလုပ်ထက် အပြောကို ဦးစားပေးနေ ကြတာကြောင့် အလုပ်မတွင်ကျယ်ခဲ့တာ နောက်ကြောင်းရာဇဝင်က သာကေ ပြနေတာကြောင့်ပါပဲ၊ ကျွန်တော်တို့ကို အပြောဘာဝမှာ နစ်မွန်းစေခြင်းအားဖြင့် အလုပ်ပျက်ကွက်အောင် ရည်စူးပြီးတမင် လုပ်နေကြတယ်ဆိုလျှင်တော့ ကျွန်တော် နောက်ထပ် ဘာမျှ မပြောလိုပါဘူး၊ အနည်းဆုံး ဒါးကိုဒါးချင်း လှံကိုလှံချင်း ရင်ဆိုင်ဖို့သာ ရှိပါတော့တယ်၊ အဖျက်သဘောနှင့် အပြုသဘော ခွဲခြားဝေဖန်နိုင်ကြပါစေ။

တက္ကသိုလ်အဆောက်အဦးကြီး ဖြိုချခြင်းအတွက် ထုတ်ပြန်သော သတင်း

"ဇူလိုင်လ ၇ ရက်နေ့ နံနက်စောစောပိုင်းတွင် ဆူပူမှု ဖြစ်ပွားသည့် တက္ကသိုလ် သမဂ္ဂ အဆောက်အဦကိုလည်း ဖြိုချ၍ ရှင်းလင်းပစ်လိုက်ရပြီ ဖြစ်ကြောင်း၊ ဤ အဆောက်အဦမှာ မလွတ်မြောက်မီ အခါက လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသားခေါင်းဆောင်များ စုဝေးရာ ရာဇဝင် အဆောက်အဦးတစ်ခု ဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံရေးကျောင်းသားများက အလွဲသုံးစား ပြုလုပ်ကာ ကျောင်းအာဏာပိုင်များအား ပုန်ကန်ရန်လှုံ့ဆော်သည့် အဆောက်အဦသဖွယ် ပြောင်းလဲ လာခဲ့ကြောင်း သည်။

ထို့နောက်ပိုင်းတွင်လည်း ဆက်လက်၍ အပြင်ပယောဂများ တက္ကသိုလ်သို့ ဝင်ရောက်လာခဲ့ပြန်ရာ ကျောင်းအုပ်ချုပ်သည့် အာဏာပိုင်များအား ပုန်ကန်သည့် အဆင့်မှ အစိုးရအာဏာပိုင်များအား အနုနည်းဖြင့် ပုန်ကန်ရာဌာနအဖြစ်သို့ ဝမ်းနည်းဖွယ် ပြောင်းလဲလာခဲ့ရကြောင်း၊ ဤသို့ဖြင့် လွတ်လပ်ရေးရပြီး နောက် ၁၄ နှစ်ကျော်ကျော်အတွင်း တက်ရောက်ခဲ့သည့် အစိုးရခေတ်အမျိုးမျိုးတွင် ပြည်ထောင်စု မြန်မာနိုင်ငံအား ပုန်ကန်လိုက်နိုက်နေသည့် နစ်ဖြူများသည် မြေအောက်ဆက်သွယ်ရေးလုပ်ငန်းအဖြစ် ဤကဲ့သို့ နေရာဌာနမျိုးတွင် အသိုက်ရှိ၍ ယင်အုံ ဆိုသကဲ့သို့ တဖြည်းဖြည်း ခိုင်မာစွာ စွဲကပ်လာခဲ့ပြန်ကြောင်း၊ ဤကဲ့သို့ဖြင့် ထိုအဆောက်အဦမှာ နိုင်ငံခြားတိုင်းပြည် တစ်ခုတွင် သံတမန် အခွင့်အရေး အပြည့်အဝ ရထားသည့် မင်းတိုင်ကင်းလွတ်ခွင့် ပြုထားသော ဒေသသဖွယ် ဖန်တီးလာပြီး အစိုးရ၏ မှုထမ်းရာထမ်းများ တာဝန်အရ ဝင်ထွက်သွားလာသည်ကို ပင် ချုပ်ချယ် ဟန့်တားလာခဲ့တော့သည်။

မည်သည့်တိုင်းပြည်တွင်မဆို တာဝန်သိတတ်သည့် အစိုးရတစ်ခုအနေနှင့်၎င်းအား ပုန်ကန်ထကြွနေသည့် မြေအောက်သူပုန်များနှင့် လျှို့ဝှက်ဆက်သွယ်ရာစခန်းတစ်ခုကို ၎င်း၏အစိုးရဌာနချုပ် ရုံးစိုက်ရာမြို့တော်တွင် သိလျက်နှင့် ကြာရှည်ခွင့်ပြုထားနိုင်ကြမည်မဟုတ်ပေ၊ ထို့ကြောင့်ပင် နှမြောဘွယ်ရာ ဖြစ်သည့် ဤရာဇဝင်အဆောက်အဦကို တော်လှန်ရေးအစိုးရသည် ကျူငုတ်မကျန် ဖျက်ဆီးလိုက်ရခြင်း ဖြစ်သည်။

၎င်းအဆောက်အဦကို ယခုထိ တစ်ဦးနှင့်တစ်ဦး လွှဲချနေဆဲ ဗုံးခွဲခွဲခြင်းနည်းဖြင့် ဖျက်ဆီးလိုက်ပြီးနောက် ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်က မဘည်သော ငွေကျပ်နှစ်သောင်းဖြင့် တကသတဲဘန်းလျှားတည်ဆောက်ခဲ့ရာ ၎င်းတဲကန်းလျှားမှာလည်း မဆလ အာဏာခွေးသွားစိပ်၏ ပါးမျိုဖျက်ဆီးခြင်း ခံရပြန်သည်။

အလုပ်သမားဆန္ဒပြမှုများ

၁၉၆၂/၆၃ ဘဏ္ဍာနှစ်တွင် မဆလအစိုးရ ဝယ်ယူခဲ့တဲ့ စပါးတင်းက ၄၀၇၇ သိန်း တစ်နည်းအားဖြင့် စပါးစုစုပေါင်းအတွက်၏ ၅၂.၃ % ဝယ်ယူနိုင်ခဲ့သော်လည်း ၁၉၇၂/၇၃ ဘဏ္ဍာနှစ်တွင် မဆလတို့ ဝယ်ချရသောစပါးက တင်းသိန်းပေါင်း ၅၈၉ သိန်း စုစုပေါင်းအတွက်၏ ၁၆.၇ % သာဝယ်ရတယ်၊ ဒါကြောင့် နန္နင်းမှုန့်၊ ဂျုံ၊ သံပုရာသီးကစပြီး မဆလအစိုးရက လက်ဝါးကြီးအုပ်ဝယ်ယူဖြန့်ဖြူးခဲ့တာမို့ ဆန်ကိုလဲ မဆလတို့ လက်ဝါးကြီးအုပ်ဝယ်ယူဖြန့်ဖြူးခဲ့ရာ စပါးဝယ်လို့ မရသဖြင့် မဆလအစိုးရ ပယောဂကြောင့်အငတ်ပြဿနာ ဖြစ်လာပြန်တယ်၊ “ပြည်ထဲရေး ထက် ဝမ်းရေးခက်၊ ဝမ်းရေးထက် လွှမ်းရေးခက်” ဆိုတဲ့စကား

ပုံလိုလုပ်သားထုဝမ်းရေးခက်လာကြပြီး မြစ်ငယ်မီးရထားစက်ရုံမှ စ၍ ဝန်ထမ်းအဖွဲ့အစည်းများ သပိတ်မှောက်ဆန္ဒပြကြရာ မဆလတို့က ကျည်ဆံနှင့် ဖြေရှင်းခဲ့သည်။

*သပိတ်မှောက်ကံ

ရဟန်းတို့အား လာဘ်မရစေခြင်းငှာ လုံ့လပြုလျှင်၊ ရဟန်းတို့အား အကျိုးမဲ့စေခြင်းငှာ လုံ့လပြုလျှင်၊ ရဟန်းတို့အားနေမြဲကျောင်းတွင် မနေစေခြင်းငှာ လုံ့လပြုလျှင်–

ရဟန်းတို့အား ဆဲရေးမည်တွန်လျှင်
ရဟန်းတို့ကို ကွဲပြားစေရန် အားထုတ်လျှင်

ဘုရား တရား သံဃာ ရတနာသုံးပါး၏ ကျေးဇူးမဲ့ပြောဆိုလျှင် သပိတ်မှောက်ကံကို မြတ်စွာဘုရား ခွင့်ပြုခဲ့သည်။

ဦးသန့်ရုပ်ကလာပ်အရေးအခင်း

“လူ့ချိန်နေရာမှန်”ဆိုသော မဆလဆောင်ပုဒ်ကို လက်တွေ့ အကောင်အထည်ဖော်သည့် အနေနှင့် ကျိုက္ကဆံကွင်း ဘေးတွင် ထားသော ဦးသန့်၏ရုပ်အလောင်းကို ရဟန်းရှင်လူ တက္ကသိုလ်ကျောင်းသားများက ၁၉၇၄ ခု ဒီဇင်ဘာလ ၅ ရက်နေ့တွင် လမ်းမှဖြတ်ယူပြီး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ သယ်ယူသွားတယ်၊ မြို့သူလူထု သုံးသိန်းခန့် တက္ကသိုလ်နယ်မြေအတွင်းစုစည်းမိကြတယ်၊ ဦးသန့်ရဲ့ရုပ်ကလာပ်ကို ဒီဇင်ဘာလ ၈ ရက်နေ့ ဘကသဝင်းထဲတွင် ပြည်သူလူထုများက အခမ်းအနားနဲ့အလေးပြု ဂူသွင်းသင်္ဂြိုဟ်သည်၊ ဒီဇင်ဘာလ ၁၁ ရက် နံနက်လင်းအားကြီး

---

* အင်္ဂုတ္တိုရ်အဋ္ဌကနိပါတ်ပတ္တနိကုဇ္ဇနသုတ်

အချိန် မဆလများက လက်နက်အင်အားအသုံးပြုပြီး အုတ်ဂူကို ဖျက်သိမ်း အခေါင်းကိုဖယ်ရှားခြင်းကို အကြောင်းပြုပြီးရန်ကုန် တိုင်းအတွင်း မြို့နယ် ၁၃ ခုမှာ ဆူပူပုန်ကန်မှုများ ဖြစ်လာတယ်၊ မဆလအစိုးရ တုတ်ပြန်ချက်အရ ပြည်သူလူထု ၂၈၈၇ ယောက်ကို ဖမ်းဆီးတယ်လို့ ကျေညာသည်၊

ဦးသန့်ဈာပနကာလအတွင်း ၁၉၇၄ ခု ဒီဇင်ဘာလ ၁၃ နှင့် ၁၄ ရက်များက ချောက်ရေနံမြေရှိ ရေနံထုတ်လုပ်ရေးဌာနနှင့် ရေနံချက်စက်ရုံဌာနတို့က ဆွမ်းသွပ်ပွဲကျင်းပခဲ့ပြီး ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရေနံကောဒ်ပိုရေးရှင်းဌာနမှ လုပ်သားထုနစ်နာချက်များ တင်ပြခဲ့တယ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးဌာန ၂၄ ရက်နေ့ ရေနံချက်စက်ရုံနှင့် ရေနံထုတ်လုပ်ရေးဌာန ပင်မစက်မှုလက်မှုဌာန၊ ၃၁ ရက်နေ့ ပစ္စည်းဌာန ၁၉၇၅ ခု ဇန်နဝါရီ ၈ ရက်နေ့ ရေနံရုံးချုပ်ဝန်ထမ်းများက လုပ်သားထု နစ်နာချက်များ တင်ပြတောင်းဆိုခဲ့သည်၊

'ပြည်သူကို နှုတ်ပိတ် ခလုပ်နှိပ်လွှတ်တော်၏ ရှုံ့ချပြောဆိုချက်များ'

ဦးသန့်အရေးအခင်းနှင့် ပတ်သက်ပြီး ၁၉၇၅ ခု ဇန္နဝါရီလ ၁၆ ရက်နေ့ ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးက တင်သွင်းသော ပြည်သူလူထုကို အပြစ်ပုံချ အစီရင်ခံစာကို ဆွေးနွေးရာတွင်–

နိုင်ဘထွန်း (ဘားအံ မဲဆန္ဒနယ်အမှတ် ၂)
ဦးနိုင်ဝင်း (ပခုက္ကူ မဲဆန္ဒနယ်အမှတ် ၁)
ဦးထွန်းရီ (ထားဝယ်မဲဆန္ဒနယ်)

ဦးညို (သနပ်ပင် မဲဆန္ဒနယ် ၁)
ဦးစန်းလွင် (လှိုင် မဲဆန္ဒနယ် ၁)
ဦးဘစိန် (မရမ်းကုန်း မဲဆန္ဒနယ် ၂)
ဦးရွှေလေး (တောင်ကြီး မဲဆန္ဒနယ် ၁)
ဦးစန်းဝင်း (မိုးနဲ မဲဆန္ဒနယ် ၁)

ဦးထွန်းရွှေ (မိုးညို မဲဆန္ဒနယ်)တို့က ဦးသန့်အရေးအခင်းမှာ ပါဝင်ကြသူများကို ဝိယာအဖျက်သမားများဟု ကင်ပွန်းတပ်ပြောဆို ရှုံ့ချပြီး သေးသိမ်အောင် အပုပ်ချခဲ့ကြသည်။

နိုင်ဘထွန်းက "လက်ရင်းဗိုင်း အဖျက်သမားများကို ထိထိမိမိ ဆွဲထုတ်ပြီး ပြည်သူ့ရုံးမှာ တစ်သက်ဝင်ကျွန်းနဲ့ သေဒဏ်များအထိ ပေးရန်" ပြောဆိုသလို ဦးသိန်း (ရမည်းသင်း မဲဆန္ဒနယ် ၂)က ပြည်တွင်းသယံဇာတပစ္စည်း ပြည်ပ ခိုးထုတ်ပြီး ပြည်ပက ဇိမ်ခံတဲ့ ပစ္စည်းတွေ အလုံးအရင်းနှင့်သွင်းတဲ့ အလုပ်ကို အရင်က ခေါင်းပုံဖြတ်မှုနှင့် ရမ်းကားတဲ့ လူနည်းစုလူတန်းစားဟောင်းနဲ့ နိုင်ငံရေးသမားဟောင်းတို့ဟာ နိုင်ငံရဲ့ နိုင်ငံရေး စီးပွားရေး လူမှုရေး စစ်မျက်နှာတွေမှာ အကွက်ဝင် ရင် ဝင်သလို ထောက်ပြနိုင်ဖို့ အကွက်ချောင်းနေတုန်း "ကြောင် ခံတွင်းပျက်နှင့် ဇရက်တောင်ပန်ကျိုး"တွေလို ဈာပနတစ်ခုကို အရင်းပြုပြီး နိုင်ငံရေးအမြတ်ထုတ်မှုကြီး တစ်ရပ်ကို ဖန်တီးယူလိုက်ကြပါတယ်" ဟု ဝါးလုံးချီးသုတ်ရမ်းကားခဲ့သည်၊

လှိုင်မဲဆန္ဒနယ် အမှတ် ၁ မှ

ဦးစန်းလွင်က–

"ဒီဆူပူမှုဟာ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အရ ဖွဲ့စည်းထားတဲ့ ယနေ့ ပြည်သူ့အစိုးရကို ဆန့်ကျင်လှုပ်ရှား

လာတဲ့အတွက် ဆူပူမှုဖြစ်တဲ့အတွက် ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်လိုတဲ့ လုပ်သားပြည်သူများအား ဆန့်ကျင်တဲ့ လှုပ်ရှားမှု ဖြစ်ပါတယ်။

ဒီဆူပူလှုပ်ရှားမှုမှာ ပါဝင်တဲ့ လူတွေကို ခြုံကြည့်မယ်ဆိုရင် ကျောင်းသားပိုင်းက လေလွင့်ပြီးတော့ စာမေးပွဲဖြေဆိုရန် အဆင်သင့် မဖြစ်တဲ့လူတွေ စာမေးပွဲ မဖြေချင်တဲ့လူတွေ ကျားသစ် စစ်ဆင်ရေးကြောင့် ထွက်ပြေး တိမ်းရှောင်နေတဲ့ ဆိုးသွမ်းလူငယ် တွေ ဝိယာအဖျက်သမားတွေရဲ့ ဩဇာခံများ ဝိယာအဖျက်သမားများ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်၊ ဟု မဆလ ချို့ယွင်းချက်ကို ဖုံးကွယ်ပြီးလုပ်သားထုအပေါ် ပြစ်ဖို့ ဝန်တင်ပြောဆိုခဲ့တယ်။

၁၉၈၈ ခု မတ်လ ၁၃ ရက်

စက်မှု တက္ကသိုလ်မှ ပဉ္စမနှစ် ဓာတုဗေဒ အင်ဂျင်နီယာ ကျောင်းသား မောင်ဖုန်းမော် ပြဿနာ ဖြစ်ပြန်တယ်၊ ၎င်း အရေးအခင်းတွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မင်းခေါင် ငယ် နာမည် သန်းမောင်ကိုယ်တိုင် စက်မှုတက္ကသိုလ် ဝင်းအတွင်း ဝင် ရောက်နှိမ်နင်းသည်။

ဒီလို ပစ်ခတ်နှိမ်နင်းခဲ့ခြင်းနှင့် ပတ်သက်၍ မဆလ အစိုးရ ထုတ်ပြန်ချက်အရ ရဲတပ်ဖွဲ့မှူး အမိန့်နဲ့ ပြောင်းချောသေနတ် ဖြင့် ပစ်ခတ်နှိမ်နင်းခြင်း ဖြစ်တယ်လို့ ထုတ်ပြန်သည်၊ မဆလတို့ အတည်ပြု ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၃၂ (ဂ) နှင့် ကောင်စီအဆင့်ဆင့် လုပ်ပိုင်ခွင့် ဥပဒေ ပုဒ်မ

၈၉ (ည)တွင် ငြိမ်ဝပ်ပိပြားရေး ထိမ်းသိမ်းခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို ရဲကိုပေးအပ်ထားခြင်းမရှိ၊ မြို့နယ် ပြည်သူ့ကောင်စီ အီးစီကိုသာ အပ်ထားသည်။

၁၉၈၈ ခု ဇွန်လ ဩဂုတ်လတို့မှာဖြစ်ပွားတဲ့ အရေးအခင်း များကိုလဲ လူမှုကိစ္စ လူမှုပြဿနာကို လူသားအမြင်နဲ့ မြင်ခြင်း ဖြေရှင်းခြင်း အလျဉ်းမလုပ်ဘဲ ကျည်ဆံသုံး နည်းနဲ့ ဖြေရှင်း တယ်၊ တက္ကသိုလ်နယ်မြေမှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲကို ဖြိုခွင်း လိုက်သဖြင့် ကျောင်းသားထုဟာ ကျောင်းဝင်းမှ မြို့ပေါ် လမ်းများပေါ်သို့ ရောက်လာခဲ့ပြီး ပြည်သူလူထု ပုန်ကန်တော် လှန်မှု အဆင့်သို့ လှမ်းတက်လာခဲ့သည်။

မြို့လယ်အထိကရုဏ်း

၁၉၈၈ ခု မတ်လ ၁၈ ရက်နေ့ နေ့ ၁၂ နာရီ ၀၅ မိနစ် အချိန် အပူရှိန် ၁၀၄ ဒီဂရီ ဖာရင်ဟိုက် ပူပြင်းနေချိန် မဆလ အမတ်များ လွှတ်တော်တက် ခလုတ်နှိပ် အပြုသဘော ထောက် ခံနေချိန်တွင် ကျောင်းသားများ မြို့ထဲကို လာမည့် သတင်း ကြား၍ ဟိုတစ်စု ဒီတစ်စုနဲ့ လူများရှိနေတာကို ရဲတပ်ဖွဲ့ဝင်အချို့ က လမ်းရှင်းရာမှအစ မြို့လယ်ခေါင် အထိကရုဏ်းကြီး ဖြစ်ပွား ခဲ့သည်။

ကမ္ဘာသမိုင်းနှင့် ယှဉ်တွဲလေ့လာလျှင် ခရစ်သက္ကရာဇ် ၆၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှစပြီး ရောမမြို့ကြီးခြောက်ရက်ကြာ

မီးဟုန်းဟုန်း တောက်လောင်နေချိန်တွင် Nero fiddling while Rome burnt လို့ သမိုင်းပညာရှင်များ မှတ်တမ်းတင်ခဲ့သလို ရန်ကုန်မြို့လယ်ခေါင်မှာ ရှိနေတဲ့လူထု ဘဏ်ဗန် ကျားထပြန် ပြေးလွှားရိုက်နှက်နေကြစဉ် မြို့သူကြီးနှင့်ပတ်သက် ခံ ပုဂ္ဂိုလ် လွှတ်တော်၌ မဆလလူ့စက်ရုပ်များ လုပ်နိုင်ထောက်ခံနေကြသည်။ မြို့ထဲမှာ ကုပ်ကဲ့ သူ ယိမ်းသိ ရဲ သမရှိပဲ ဗလီး ပဲ ထ မိ ... ဖြစ်ခဲ့ရသည် ... ရိုက်ပွဲ နှက်ပွဲ ဆော်ပွဲ ... ပွဲကြီး ဖြစ်ခဲ့သည်။

အရေးပေါ်ညီလာခံ

၁၉၈၈ ခု ဇူလိုင်လတွင် ကျင်းပသော ပါတီညီလာခံတွင် ဥက္ကဋ္ဌကြီး ဦးနေဝင်းက "မတ်လနှင့် ဇွန်လအရေးအခင်းများသည် အစိုးရနှင့် အစိုးရအဖွဲ့ကို ဦးဆောင်နေသော ပါတီကို လူထုက အယုံအကြည်မရှိကြောင်း ပြလိုက်တာပဲ" ဟု ပါတီကိုက်သလား ပါတီဝင်ကြီးတွေ သဘောထားဆိုတဲ့ ... ပြည်သူ့ဆန္ဒ ... ပွဲ ... ပြောခဲ့သည်။ ... ဦးအေးကို ဦးစိန်လွင်တို့ကို နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

သီတာခံကာ ဦးနေဝင်း ဦးစန်းယုတို့ နုတ်ထွက်ခြင်း ဒီသာ လက်ခံကြောင်း ကျန်လူများ နုတ်ထွက်ခြင်းကို လက်မခံဟု မျက်လှည့်ပြခဲ့သည်။ ညီလာခံက ဦးနေဝင်း ... သော လူထုဆန္ဒခံယူပွဲကျင်းပရန်အဆိုကို ပယ်ချလိုက်သဖြင့် ... ပြည်သူလုံးဆာ ... မှုဖြစ်စေခဲ့သည်။ မဆလ ... ပြည်သူ ... ဦးနေဝင်း၏ ကြိုးကိုင်မှုကြောင့် ... ဖြစ်နေသူ မဆလများက ဦးနေဝင်းမရှိလျှင်လဲ ဖြစ်တယ်။ ဦးနေဝင်းမလိုတော့၊ ငါတို့ သတ်ဖြတ်ပစ်ခတ်ပြီးရင် မဆလအာဏာ

တည်မြဲရေး စိုးရိမ်ရန်မရှိလို့ယူဆပြီး ဦးနေဝင်းကို ပါတီမှဖယ်ထုတ် သူတို့တက်အုပ်ဖို့ စီစဉ်ခြင်းဖြစ်သည်။ ဆောင်ကြောင်ထိုင်တတ်ရုံနှင့် မိမိကိုယ်ကို ခြင်္သေ့ထင်သော ဖားမိုက်ကဲ့သို့တည်း။

*"အမြော်အမြင်မရှိသော ကျီးမိုက်သည် မြစ်ပြင်၌မျောလာသော ဆင်သေတစ်ကောင်ကို မြင်လျှင် ရေစာအသင့်နှင့် အဆီခဲခဲ အသားခဲကြီးကို ရှေးဘုန်းကံကြီးလှ၍ ငါယခုရချေပြီ၊ စားချင်တိုင်းစား၊ သောက်ချင်တိုင်းသောက် အစာအသောက်နှင့် မှရိမ်ဘွယ်ရာ ငါ့မှာမရှိဟု ပီတိသောမနေသဖြင့် ကာကအပေါင်းတို့တွင် ငါကားကံကောင်းသော အစာသူဌေးဟု တွေးမိဘိုင်း စိတ်ရှင်၍ အဖော်ကိုလည်းမခေါ်၊ နေရာကိုလည်းမပျံ၊ ဟန်ကျသော ငါ့ကျီးမင်း ဆင်လှေကမဆင်းပြီဟု အစာကိုမက်မော၍ ဆင်ကျောပေါ်၌ အိပ်ခါစားခါနှင့် လိုက်သွား၏၊ ဆင်သေသည် တရွေ့ရွေ့မျောသွားပြီးလျှင် သမုဒ္ဒရာသို့ဝင်သွားသည်တိုင်အောင် အစာကို ကြိုက်သော ကျီးမိုက်သည် သမုဒ္ဒရာသို့ လိုက်ပါသွား၍ သမုဒ္ဒရာသို့ရောက်သောအခါ အသားကုန်၍ ဆင်သေမြေမြုပ်ရာငယ် အစာကောင်းကြိုက်သော ထိုကျီးမိုက်သည် ပြန်ရာမရှိ ...ထားရန်မရှိ ရေ၌ပင် စုတေပျက်ကြွေသေရသကဲ့" သို့ မဆလတို့အနေနှင့် "သုံးဘုံသာဝ ကျီးလေ...၌ တွယ်တာမက်မော ဒုက္ခဘောင်မှာ ပျော်အောင်မျောတတ်သည့် လောဘဘကျွန်ရာသူး အာဏာ" မက်မောနေသဖြင့် အာဏာကို ယစ်မူးပြီးတော့ အာ

* ဆရာသိန်း၊ ရေးသားသော ယထာဘူတဒီပနီ စာမျက်နှာ ၇၅၊ ၁၂၉၁ ခု မန္တလေးမြို့ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်

ကာမစွန့်ချင်တဲ့ စိတ်မျိုးမပေါ်ပေါက်အောင် မိမိကိုယ်ကို နေ့တိုင်းဆုံးမပါဆိုသည့် ဦးနေဝင်း၏ လမ်းညွှန်ချက်ကို ဥပေက္ခာပြုခဲ့ကြသည်၊ ယခုထိလည်း မဆလတဖြစ်လဲ တစည်တို့အသင်းအဝိုင်းတွင် အဘိုးကြီးစကားတစ်ခွန်း မှားခဲ့၍ ဒီလိုဖြစ်ရသည်ဟု ကြိတ်ဝိုင်းအတင်းအဖျင်းပြောဆို အပုပ်ချခြင်းများ ပြုလုပ်နေဆဲဖြစ်သည်၊

ဤသည်ဘို့မှာ "မဆလ မဆလနှင့် လောဘကတောင်ပုံ သဘောကြအာရုံကို ဘာမဖြုံခံစား" ခဲ့ကြသော အုပ်စိုးသူမဆလများ၏ ပယောဂကြောင့် ပေါ်ပေါက်ခဲ့ရသော အနိဋ္ဌာရုံဖြစ်စဉ်များ၊ တစ်မျိုးဆိုသော် လူမိုက်မောဟ ငဘောရကို ဖန်တီးလိုက်သော "ရာဇဝင်ရှုပ်တွေးသည့်အလျောက် အုပေါက်သည့်ခြည်ခင်မှာ အစရှာရန် ခက်ဘိသကဲ့သို့" ဖြစ်ခဲ့ရသည့် "မျှော်ပြီကွဲ့ ပြည်မြန်မာ" ဇာတ်လမ်းပင် ဖြစ်သတည်း။

One flag, one land

One heart, one hand

One nation, ever more

* Not gold, but only man, can make
A people great and strong
Men who for truth and honour's sake
Stand fast and suffer long;

As the bricks have fallen down,
let us build again in stone.

---

* A Nation's Strength by
Ralph Waldo Emerson